# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့ အတွဲ (၅၉)၊ အမှတ် (၂၆၃)


## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန် အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်ရုံး
ကြေညာချက်အမှတ် (၃/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်)

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်) တနင်္လာနေ့၊ ၁၃၃၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
နာယက

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန် အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်သူ့လွှတ်တော်
ကြေညာချက်အမှတ် (၃/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၆၊ ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်) တနင်္လာနေ့၊ နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) တီခွန်မြတ်
ဥက္ကဋ္ဌ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန် အစည်းအဝေးကျင်းပရန် ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားလွှတ်တော်
ကြေညာချက်အမှတ် (၃/၂၀၂၀)
၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၁ ရက်)

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၅၅၊ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တို့အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက် (၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၃ ရက်) တနင်္လာနေ့၊ နံနက် (၁၀) နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာအပ်ပါသည်။

(ပုံ) မန်းဝင်းခိုင်သန်း
ဥက္ကဋ္ဌ

## ထိုင်းနိုင်ငံမှ မြန်မာလုပ်သားများ မြဝတီ ချစ်ကြည်ရေးအမှတ်(၂) တံတားမှ ဇွန် ၂၁ ရက်၌ ၆၄၂ ဦး ဝင်ရောက်

မြဝတီ ဇွန် ၂၁

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၄၂ ဦး ယနေ့ ဇွန် ၂၁ ရက်တွင် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင် အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင် ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက

*စာမျက်နှာ ၅ ကော်လံ ၅* ❐



မြဝတီ ချစ်ကြည်ရေး အမှတ်(၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သားများ ပြန်လည်ဝင်ရောက်လာကြစဉ်။ ဓာတ်ပုံ- ထိန်လင်းအောင်


**ကိုဗစ်-၁၉ ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ညှော့ပရိသတ်မပါဘဲ ကျင်းပ** စာ ၁၂

**တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအဆင့် စမ်းသပ်** စာ ၁၃





မြန်မာ့အလင်း

# စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေး

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံကာ သက်မွေးဝမ်းကျောင်းသည့် နိုင်ငံတစ်ခုအဖြစ် ရပ်တည်နေထိုင်ခဲ့သည်မှာ နှစ်ပရိစ္ဆေဒ ကြာမြင့်ခဲ့ပြီ။ ယင်းကဲ့သို့ ရပ်တည်နေထိုင်နိုင်ခဲ့သည်မှာလည်း နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတု၊ သဘာဝအခြေအနေအားလုံးက စိုက်ပျိုးရေးလုပ်ငန်းအတွက် ထူးထူးကဲကဲ ကောင်းမွန်သော အနေအထားကြောင့်ဖြစ်သည်ဟု ဆိုရမည်။

ရေ၊ မြေ၊ လေ၊ မိုးလေဝသ ကောင်းမွန်လိုက်သည်မှာ တော်ရုံမျှသော သီးပင်စားပင်ဖြစ်စေ၊ ပေါင်းပင်မြက်ပင်ဖြစ်စေ အပင်တို့သည် ကြဲပက်စရာပင်မလို အလိုအလျောက် အပြိုင်းအရိုင်း ရှင်သန်ကြီးရင့်ကြကုန်၏။ စိုက်ပျိုးသီးနှံတို့သည်ကား နံဘေးဝန်းကျင် မျိုးစေ့ပက်ဖျန်း ကြဲပက်လိုက်ကာမျှဖြင့် သန်စွမ်းဖွံ့ထွားလာကြလေ့ ရှိချေသည်။ သူ့မိုး၊ သူ့ရေ၊ သူ့မြေဖြင့် အထူးတလည် အားစိုက်ပြုစုလိုက်ရသည်မရှိဘဲ သီးမည်၊ ပွင့်မည်၊ ဖွင့်မည်၊ ထွားမည်သာတည်း။ ပြင်းထန်သော သဘာဝရာသီဥတုနှင့် ခက်ခဲကြမ်းတမ်းသော ရေမြေဝန်းကျင်တွင် စိုက်ပျိုးပေါင်းသင်ရသည့် အချို့သော နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ဤနိုင်ငံက ပြင်းပြင်းထန်ထန် အားအင်စိုက်ထုတ်ရခြင်းမရှိဘဲ အပင်ပေါက်လွယ်၊ ဖြစ်ထွန်းလွယ်၊ ရှင်သန်လွယ်၊ ဖွံ့ဖြိုးလွယ်၊ သီးလွယ်၊ ပွင့်လွယ် ဖြစ်ခဲ့သည့်အတွက် လက်ရှိ ထက် ပိုမိုကောင်းမွန် တိုးတက်သည့် စိုက်ပျိုးရေးနည်းလမ်းသစ်များ၊ ပညာသစ်များ ရှာဖွေစူးစမ်းရာတွင် အားနည်းခဲ့လေသလား မသိ။

စိုက်ပျိုးရေး ခေတ်မီနည်းပညာများ၊ စက်မှုအကူ နည်းနာများက နိုင်ငံတကာနှင့် ယှဉ်လျှင် များစွာနောက်ကျခဲ့သည်မှာအမှန်။ ကမ္ဘာကြီးက စိုက်ပျိုးမြေအကန့်အသတ်ရှိနေသည့်အတွက် ရှိသမျှသော စိုက်ကေထဲ ပုံမှန်သီးနှံအထွက်နှုန်းထက် များစွာ ပိုမိုထွက်ရန် လိုနေပြီဖြစ်ရာ နိုင်ငံတကာတွင် နည်းလမ်းစုံ၊ ပညာစုံ၊ ကိရိယာစုံဖြင့် ရှာဖွေကြ၊ စမ်းသပ်ကြ၊ စိုက်ပျိုးကြဖြင့် အထွက်နှုန်းတိုးကြ၊ ပုံမှန်ထက် ဖွံ့ထွားကြီးကျယ်ကြဖြစ်နေသည်မှာ ယခုဆိုလျှင် အံ့ချီးဘနန်းဖြစ်နေပြီ။

လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ဟူ၍လည်းကောင်း၊ စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးစနစ်ဖြင့် ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီး ထူထောင်မည်ဟုလည်းကောင်း ကြွေးကြော်ခဲ့ကြသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စက်မှုလယ်ယာများအဖြစ် အမှန်တကယ် အောင်မြင်အောင် အားထုတ်လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိသည်ကို ယနေ့စိုက်ပျိုးရေးကဏ္ဍကို ယေဘုယျ သုံးသပ်ဖြန့်ကြက်ကြည့်ကာမျှဖြင့် သိနိုင်ပါသည်။ ထို့ကြောင့် ပို၍ အလုပ်လုပ်ကြ၊ ဝီရိယစိုက်ထုတ်ကြရမည်ဆိုသည်က လက်ငင်းတာဝန်ဟု ရှုမြင်ပါသည်။

စက်မှုလယ်ယာ စိုက်ပျိုးရေး၊ ခေတ်မီတိုးတက်သော နည်းပညာအကူအညီများဖြင့် စိုက်ပျိုးရေးဟူသည် လယ်ထွန်စက်များ၊ စပါးခြွေစက်များမျှသာမကဘဲ သီးနှံမျိုးကအစ၊ စိုက်ပျိုးသည့် နည်းစနစ်အထိ ခေတ်မီနည်းပညာများကိုအသုံးချ တီထွင်စိုက်ပျိုးခြင်း ဖြစ်နေပြီဆိုသည်ကို အခြားသောနိုင်ငံများတွင် ထင်ထင်ရှားရှား တွေ့မြင်နေရပြီ။

ယနေ့ မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေး၊ ပြည်သူတို့ ကြွယ်ဝကုံလုံရေးတို့သည် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ မြင့်မားတိုးတက်မှုနှင့် လွန်စွာဆက်စပ်နေပါသည်။ စက်မှုပညာနှင့် နည်းကိရိယာများ၏ တိုးတက်ဖွံ့ဖြိုးမှုကို ကြွေးကြော်နေရုံမျှမဟုတ်ဘဲ ထိထိရောက်ရောက် အားပေးလှုံ့ဆော်ဆောင်ရွက်ကြခြင်းကို ယနေ့ကာလတွင် ယခင်ကထက် များစွာ ပိုမိုတိုးမြှင့်ဆောင်ရွက်နေကြရန် လိုပါသည်။ ထိုသို့ အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ်များ ဖြစ်ထွန်းလာနေသည်ကို သိမြင်နေရသည်မှာ ဝမ်းမြောက်စရာပင် ဖြစ်ပါသည်။

ထို့ပြင် စက်မှုကိရိယာ နည်းပညာများသာမက စိုက်ပျိုးသီးနှံတို့၏ ဈေးကွက်ကို တိုးမြှင့်အောင် မျှတအောင် ပြုပြင်ကူညီပေးခြင်း၊ မူဝါဒများကို ပြင်ဆင်သတ်မှတ်ပေးခြင်းတို့သည်လည်းကောင်း၊ ပြည်ပတင်ပို့နိုင်ရေး၊ ပြည်တွင်း ဖြန့်ချိမှုလွယ်ကူရေးနှင့် သီးနှံများကို လုံခြုံအောင် ထိန်းသိမ်းသိုလှောင်နိုင်ရေးတို့သည် လည်းကောင်း၊ ယင်းလုပ်ငန်းတို့နှင့်အတူ သီးနှံတို့၏ အရည်အသွေး မြင့်မားရေးအတွက် လိုအပ်သော မျိုးအပါအဝင် ခေတ်သစ်နည်းပညာများကို လက်တွေ့အသုံးပြုနိုင်အောင် ပြင်ဆင်စီမံဆောင်ရွက်ခြင်း စသည့် ယခုအကောင်အထည်ဖော်နေသည့် စိုက်ပျိုးရေးကဏ္ဍလုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်စိုက်ပျိုးရေးနယ်ပယ်အတွက် ကြီးမားသော အထောက်အပံ့များဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံ အပ်ပါသည် -

(က) မြန်မာ့စီးပွားရေးဘဏ်

Bank Name - Myanmar Economic Bank(H.O),Forex Operation
Account No. - CF 004880(MMK)
- EDN 600010(US$)
Swift Code - MYEBMMMY
Account Name - National Level Central Committee for Prevention Containment and Treatment of Covid 19
Bank Address - Myanmar Economic Bank(H.O), Loan & Supervision Dept.,No.(26) Thiri Kyaw Swa Road, Bank Zone, Naypyitaw Myanmar

(ခ) ကမ္ဘောဇဘဏ်

Bank Name - KBZ Bank Ltd.
Account No. - 034 103 034 0232 8301 (MMK)
- 034 109 034 0232 8301 (US$)
Swift Code - KBZBMMMY
Account Name - Coronavirus Disease 2019 (COVID-19) (National Level Central Committee For Preventing and Containing the Virus)
Bank Address - No.53,6 Story Office Building, Corner of Merchant Road & Bosonpat Street, Pabedan Township, Yangon, Myanmar
Branch Address - No.1, Bank Ward, Oakataya Thiri Township, Naypyitaw

(ဂ) ရေဝတီဘဏ်

Account No. - 000 110 501 002 5635 (MMK)
- 000 110 503 000 0425 (US$)
Swift Code - AYABMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) NATIONAL CENTERS FOR DISEASE CONTROL AND PREVENTION COMMITTEE
Bank Address - No.416/ Mahabandoola Road, Kyauktada Township, Yangon, Myanmar
Branch Address - No.(110-112), Thiri Yadanar Shopping Complex, Datkhina Thiri Township, Naypyitaw

(ဃ) CB ဘဏ်

Account No. - 0093 1005 0000 1333 (MMK)
- 0093 1012 0000 2957 (US$)
Swift Code - CPOBMMMY
Account Name - CORONAVIRUS DISEASE 2019 (COVID-19) DONATION

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက် ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်ရန် -

| စဉ် | အမည် | ရာထူး/ဌာန | ဖုန်းနံပါတ် |
|---|---|---|---|
| (က) | ဒေါ်ခင်လေးညို | ညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၆၇၃-၄၁၁၁၄၀<br>၀၉-၄၂၈၃၀၃၈၅၃ |
| (ခ) | ဒေါက်တာ အေးမြမြကျော် | ဒုတိယညွှန်ကြားရေးမှူး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ၀၉-၅၀၉၂၂၉၃ |

**Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ**

## ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူ တောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မုဒုံမြို့နယ် ကန်ကြီးကန်နှင့် ဝင်းဖနုံဆည်၌ ငါးမျိုးစိုက်ထည့်

မုဒုံ ဇွန် ၂၁

မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ကန်ကြီးကန်တွင် ယနေ့နံနက်က မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား ပြုလုပ်ခဲ့သည်။

သထုံခရိုင်ငါးမွေးမြူရေးစခန်းမှ ငါးမျိုးစိတ်များတိုးပွားစေရန်နှင့် ငါးသယံဇာတများကို ထိန်းသိမ်းရန်ရည်ရွယ်၍ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀ ကို မုဒုံမြို့နယ်ရှိ ကန်ကြီးကန်တွင်လည်းကောင်း၊ မုဒုံမြို့နယ် ဝင်းဖနုံဆည်တွင် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၁၀၀၀၀၀ ကိုလည်းကောင်း ငါးမျိုးစိတ် အခမဲ့စိုက်ထည့်ပေးကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ပြည်သူသာလျှင် အဓိက

## နေပြည်တော် ပြည်သူ့လွှတ်တော်ရုံးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၃ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရုံး၊ ရေးရာဆောင်အမှတ်-၁၂ (I-12) သို့ **ဇူလိုင် ၁၁ ရက်(စနေနေ့)ထက်မစော၊ ဇူလိုင် ၁၂ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ** ရုံးချိန်အတွင်း သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေပြည်တော် အမျိုးသားလွှတ်တော်ရုံးသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇွန် ၂၁**

ဒုတိယအကြိမ်အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့ တက်ရောက်ရန်ဖိတ်စာများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပေးပို့ထားကြောင်း သိရသည်။

ထိုအစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် အစည်းအဝေးဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ရေးရာဆောင် I-19 (အိုင်-၁၉) သို့ **ဇူလိုင် ၁၁ ရက်ထက်မစော ၁၂ ရက်ထက် နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြား ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျန်းမာရေးသုတေသနများတွင် စကားစုများဖြင့်လေ့လာသည့် နည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်းဖွင့်

**နေပြည်တော် ဇွန် ၂၁**

ကျန်းမာရေးသုတေသနများတွင် စကားစုများဖြင့်လေ့လာသည့် နည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဆေးသုတေသန (ပြင်ဦးလွင်ရုံးခွဲ)ရှိ သုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကြီးတစ်ခုလုံး၏ စွမ်းဆောင်ရည်နှင့်အကျိုးထိရောက်မှုတို့အား တိုးတက်စေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း များစွာအထောက်အကူပြု အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါကြောင်း၊ သုတေသနပြုလုပ်သူ ဝန်ကြီးဌာန၏ ဝန်ထမ်းတစ်ဦးချင်း အနေဖြင့်လည်း ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်း၊ ဖောက်ထွက်စဉ်းစားနိုင်မှု၊ ဆန်းသစ်တွေးခေါ်နိုင်မှု၊ အခြေအနေအရပ်ရပ်ကို ဘက်ပေါင်းစုံ၊ ရှုထောင့်စုံမှ ထည့်သွင်းစဉ်းစားနိုင်မှု၊ အချက်အလက်အထောက်အထားကို အခြေခံ၍ ကျိုးကြောင်းဆီလျော်ဆုံးဖြတ်နိုင်မှု၊ လုပ်ငန်းဆောင်ရွက်မှုများကို စောင့်ကြည့်ဆန်းစစ်နိုင်စွမ်းရည်များ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများကြောင့် သုတေသနစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများကို ယာယီရပ်ဆိုင်းထားခဲ့ရာမှ ယခုအခါ စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့သည့် ဆေးသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း၊ ယခု သုတေသနစွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းတွင် ဆေးရုံအုပ်၊ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးမှူး၊ ဆေးဘက်ဆိုင်ရာ ပညာရှင်၊ ဆေးဝါးပညာရှင်စသည်ဖြင့် ဝန်ကြီးဌာန၏ ဦးစီးဌာနများမှ ပညာရှင်အမျိုးအစားပေါင်းစုံ လေ့ကျင့်သင်ကြားပေးခြင်းသည် ကောင်းမွန်ပါကြောင်း။

### မည်သူမဆို တက်ရောက်နိုင်

ဤသုတေသနစွမ်းဆောင်ရည် လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန၌ ပြုလုပ်သော သုတေသနစွမ်းဆောင်ရည်မြှင့်သင်တန်းအမျိုးမျိုးတွင် သက်ဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းသား၊ သင်တန်းသူများအတွက် ပြုလုပ်သော သင်တန်းများအပြင် ဝန်ကြီးဌာနမှ စိတ်ပါဝင်စားတက်ရောက်လိုသူ မည်သူမဆို တက်ရောက်နိုင်သည့်သင်တန်းများလည်း ရှိပါကြောင်း၊ ယခုသင်တန်းတွင် စကားစုများဖြင့် လေ့လာသည့် သုတေသနနည်းစနစ် (qualitative research method) များနှင့် ပတ်သက်၍ သင်ကြားသင်ယူမှုများ ပြုလုပ်ရာတွင်လည်း ဟောပြောပို့ချမှု သာမက အပြန်အလှန်ဝေဖန်ဆွေးနွေးခြင်း၊ အုပ်စုဖွဲ့လေ့ကျင့်ခြင်းနှင့် လက်တွေ့ကွင်းဆင်းသုတေသနဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်သုတေသန အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဝေဖန်သုံးသပ်ခြင်းနှင့် ဆွေးနွေးတင်ပြခြင်းတို့ ပါဝင်သည်မှာ ဝန်ကြီးဌာနတိုးတက်မှုအတွက် ရေရှည်တွင် အထူးကောင်းမွန်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် သုတေသနပြုလုပ် ဆောင်ရွက်သည့်အလေ့အကျင့်ကောင်းနှင့် သုတေသနယဉ်ကျေးမှု ပိုမိုထွန်းကားလာစေရေး အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉-၂၀၂၀ ပြည့် ဘဏ္ဍာရေးနှစ်အထိ သုတေသန ပြုလုပ်ရန် ရန်ပုံငွေ ကျပ်သန်းပေါင်း ၆၀၀၀ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ၂၀၂၀-၂၁ ခု ဘဏ္ဍာနှစ်၌လည်း သုတေသနရန်ပုံငွေ သန်း ၃၀၀၀ လျာထားပါကြောင်း၊ အဆိုပါသုတေသနရန်ပုံငွေများကိုအသုံးပြုကာ ဝန်ကြီးဌာန၏ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စေရေး၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲမှုများ ပိုမိုစနစ်ကျမှန်ကန်စေရေး၊ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ပိုမိုပီပြင်စေရေး၊ ကျန်းမာရေးပြဿနာများ၊ ကုထုံးများ၊ ဆေးပညာသင်ကြားမှု၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများ၊ မူဝါဒရေးရာများကို ပိုမိုကောင်းမွန်စေရေးနှင့် အားနည်းချက်များအား လိုအပ်သလို မွမ်းမံပြင်ဆင်ဆောင်ရွက်နိုင်ရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး အသုံးချသုတေသနများကို မိမိတို့ ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုဆောင်ရွက်ကြစေလိုပါကြောင်း၊ သုတေသနတွေ့ရှိချက်များအပေါ်အခြေခံ၍ စီမံချက်များရေးဆွဲခြင်း၊ ဘဏ္ဍာငွေနှင့် အရင်းအမြစ်များ ခွဲဝေချထားခြင်းတို့ကို ဆောင်ရွက်ခြင်းဖြင့် ဝန်ကြီးဌာန၏ လုပ်ငန်းများ ပိုမိုပီပြင်အောင်မြင်နိုင်ကာ ကျန်းမာရေးအရင်းအမြစ်များကို အလေအလွင့်နည်းပါးစွာဖြင့် ပိုမိုအကျိုးရှိ ထိရောက်မှုရှိစွာ အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးသုတေသနများတွင် စကားစုများဖြင့်လေ့လာသည့် နည်းစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း (၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

### ပိုမိုကောင်းမွန်စေရေးဆောင်ရွက်

သုတေသနစွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်းများကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာကို အသုံးချကာ အင်တာနက် (online)မှ ပြုလုပ်သွားစေလိုပါကြောင်း၊ ယခု သင်တန်းအပါအဝင် ဝန်ကြီးဌာန၏ သင်တန်းများ၊ တက္ကသိုလ်များတွင် ဟောပြောပို့ချမှုများကို ရုပ်သံ (video) မှတ်တမ်းရိုက်ကူးကာ သင်တန်းမတက်ရောက်နိုင်သူများ လေ့လာဆည်းပူးနိုင်ရန်အတွက် ဝန်ကြီးဌာနရှိ သက်ဆိုင်ရာဦးစီးဌာနနှင့် တက္ကသိုလ်များ၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားရှိစေလိုပါကြောင်း၊ သင်တန်းနောက်ဆုံးနေ့တွင်လည်း သင်တန်းနှင့် ပတ်သက်၍ သင်တန်းတက်ရောက်သူများ၏ သဘောထားအမြင်များကို ကောက်ယူကာ သင်တန်းများ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်က ဝမ်းမြောက်စကားပြောကြားပြီး ဆေးသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အဖွင့်အမှာစကားပြောကြားကာ ဒုတိယညွှန်ကြားရေးမှူးချုပ် (ဆေးသုတေသနဦးစီးဌာန (ပြင်ဦးလွင်ရုံးခွဲ)) ဒေါက်တာစောစောက သင်တန်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးသုတေသနဦးစီးဌာန(ပြင်ဦးလွင်ရုံးခွဲ)ရှိ စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုသည်။

### ရှင်းလင်းပြောကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ယခုဘဏ္ဍာနှစ်၌ စတင်တည်ဆောက်မည့် သုတေသနစွမ်းဆောင်ရည်လေ့ကျင့်မြှင့်တင်ရေးဗဟိုဌာန အဆင့်မြင့် နှစ်ထပ်အဆောက်အအုံသစ်တည်ဆောက်ရေး မြေနေရာသို့ သွားရောက်ပြီး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုရာ အဆောက်အအုံသစ်တည်ဆောက်ရန် မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် အလှူရှင် (မန္တလေးမြို့နေ) သူရိန်ကျော်စိုးဝင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီနှင့် သူရိန်ကျော်စိုးဝင်း ကုမ္ပဏီပိုင်ရှင် ဦးကျော်ဝင်းနှင့် ဒေါ်ခင်ထွေးမိသားစုက မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း၌ ငွေကျပ်သန်း ၁၂၀၀ ခန့် အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းမည့် အသည်းနှင့် သည်းခြေလမ်းကြောင်းဆိုင်ရာဌာန ရှစ်ထပ်အဆောက်အအုံ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၊ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ ညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာစိုးဦး၊ အလှူရှင် ဦးကျော်ဝင်းနှင့် ဒေါ်ခင်ထွေး မိသားစုနှင့် တာဝန်ရှိသူများက အသည်းနှင့်သည်းခြေလမ်းကြောင်းဆိုင်ရာဌာန ရှစ်ထပ်အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာတွင် မင်္ဂလာပန္နက်ရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဒေသခံပြည်သူများနှင့်တွေ့ဆုံ

ဂွ ဇွန် ၂၁

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့သည် ယမန်နေ့ နံနက်က ဂွမြို့၌ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့မရပ်ကွက်ရှိ ဘုတ်ပင်ချောင် မြေယာဖော်ထုတ်ရာတွင် ပါဝင်မည့် မြေယာသက်ဆိုင်သူများနှင့် တွေ့ဆုံခြင်းအခမ်းအနား ကျင်းပကြောင်း သိရသည်။**



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးစဉ်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် သက်ဆိုင်ရာဌာနအကြီးအကဲများ၊ သက်ဆိုင်ရာတောင်သူများ တက်ရောက်ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုမြေယာဖော်ထုတ်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းသည် မြို့ပြဖွံ့ဖြိုးရေးနှင့် ဒေသခံများ၏ လက်ရှိလူနေမှုဘဝထက် ပိုမိုတိုးတက်လာစေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ စီမံကိန်းကြောင့် ဒေသခံများနစ်နာမှုမရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြေယာကိစ္စရပ်များနှင့်ပတ်သက်၍ လုပ်ငန်းစဉ်တိုင်းတွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီး၊ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က မြေယာဥပဒေများနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

### မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပေးအပ်

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ကျင်းပသည့် ဂွမြို့နယ် ရပ်ဟိုင်ကွင်းကျေးရွာ ဘက်စုံအဆင့်မြင့် နည်းပညာသုံး စံပြကျေးရွာမှ မိုးစပါးမျိုးစေ့ထုတ်၊ စံပြ ကွက်၊ စမ်းသပ်ကွက်စိုက်တောင်သူများနှင့် မိုးစပါးမျိုးစေ့ ထုတ်လုပ်ကြမည့် ကျေးရွာများမှ တောင်သူများအား စိုက်ပျိုးရေးသွင်းအားစု မျိုးစေ့များ၊ ဓာတ်မြေဩဇာများ ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ တောင်သူများအား မျိုးစေ့နှင့်ဓာတ်မြေဩဇာများ ပေးအပ်သည်။

### ပူးပေါင်းပါဝင်ဆောင်ရွက်

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဂွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂွ - မကျေးငူတံတား တည်ဆောက်ရာ၌ တံတားချဉ်းကပ်လမ်းတွင် မြေယာပါဝင်သွားသူများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က ဂွ - မကျေးငူတံတား တည်ဆောက်ခြင်းသည် ဂွမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးသာမက ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ အဓိကကျသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း ၊ ယင်းတံတားသည် ဒေသခံများအတွက် အရေးပါသည့် တံတားတစ်စင်းဖြစ်လာမည်ဖြစ်ပြီး တံတားကြီးတည်ဆောက်ပြီးစီးပါက ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ပြည်သူကို ဗဟိုပြု အလေးထားပြီး စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများကြောင့် ဒေသခံများဆုံးရှုံးမှု၊ နစ်နာမှု မရှိအောင် အလေးထားဆောင်ရွက်နေပါကြောင်း ၊ ယခုတွေ့ဆုံခြင်းသည် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်ခြင်းဖြစ်ပြီး နစ်နာမှု မရှိစေရန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် ပြောင်းလဲလာသည့် အခြေအနေနှင့် လိုက်လျောညီထွေစွာ တိုးတက်အောင် လိုက်ပါဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယခုတည်ဆောက်နေသည့် တံတားကြီးပြီးမြောက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက တံတားတည်ဆောက်ခြင်းနှင့် တံတားချဉ်းကပ်လမ်းတွင် မြေယာပါဝင်သွားသူများအတွက် မြေယာဖော်ထုတ်ဆောင်ရွက်မည့်အခြေအနေများအား ရှင်းလင်းဆွေးနွေးပြီး ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတို့က တံတားချဉ်းကပ်လမ်းတွင် မြေယာပါဝင်သွားသည့် ဦးပိုင် ၁၁ ခုမှ မြေယာနှင့် သက်ဆိုင်သူ ၂၆ ဦး၊ နေအိမ်အဆောက်အအုံ ပါဝင်သူ ကိုးဦးတို့အား လျော်ကြေးငွေပေးအပ်ရန် စိစစ်တွက်ချက်ထားရှိမှုနှုန်းထားများနှင့်ပတ်သက်၍ ချပြရှင်းလင်း သဘောထားရယူခြင်းများ ဆောင်ရွက်ခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြည်နယ်ပြန်/ဆက်)**



# Quarantine Center များတွင် အတွင်းစည်း၌ တာဝန်ထမ်းဆောင်နေကြသော စေတနာ့ဝန်ထမ်းများအား အွန်လိုင်းဖြင့် လေ့ကျင့်သင်တန်းပေးခြင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းတို့နှင့် ပူးပေါင်း၍ Quarantine Center များ၌ အတွင်းစည်းတာဝန်ထမ်းဆောင်နေကြသော သင်တန်းမတက်ရောက်ရသေးသည့် စေတနာ့ဝန်ထမ်းများအား အွန်လိုင်းမှတစ်ဆင့် လေ့ကျင့်သင်ကြားပေးခြင်းကို ယနေ့တွင် Video Conference ဖြင့် ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့သည် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသ၊ တုံ့ပြန်ရေးလုပ်ငန်းများတွင် မိမိဆန္ဒအရ ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိကြသည့် စေတနာ့ဝန်ထမ်းများအတွက် စေတနာ့ဝန်ထမ်းသင်တန်းလက်စွဲစာအုပ်ကို ပြုစုထုတ်ဝေပြီး လေ့ကျင့်သင်တန်းပေးခြင်း၊ Quarantine Center များ၌ ၎င်းတို့ ပါဝင်ဆောင်ရွက်နိုင်သည့် အချိန်ကာလ၊ အခြေအနေအရ အတွင်းစည်း သို့မဟုတ် အပြင်စည်းများတွင် တာဝန်များခွဲဝေ၍ ကူညီဆောင်ရွက်စေခြင်း၊ စနစ်တကျနှင့် ဘေးကင်းလုံခြုံစွာ ကူညီဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုံခြုံရေး အကာအကွယ်များ စီစဉ်ပေးခြင်း၊ အနေအထိုင်၊ အစားအသောက်၊ အသွားအလာ၊ လုံလောက်သော အနားယူအပန်းဖြေမှု ရရှိစေရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အသိအမှတ်ပြုဂုဏ်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် Quarantine Center များ၌ အတွင်းစည်း တာဝန်ထမ်းဆောင်လျက်ရှိပြီး သင်တန်းမတက်ရောက်ရသေးသည့် စေတနာ့ဝန်ထမ်းများ စာရင်းကို ကောက်ယူခဲ့ပြီး အွန်လိုင်းမှ လေ့ကျင့်သင်တန်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရာတွင် ပထမအသုတ်အနေဖြင့် နေပြည်တော်ကောင်စီ၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ အတွင်းစည်းတာဝန် ထမ်းဆောင်နေပြီး သင်တန်းမတက်ရောက်ရသေးသည့် စေတနာ့ဝန်ထမ်း ၆၂ ဦးအား ပြောဆိုဆက်သွယ် ဆောင်ရွက်ခြင်း၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ ဦးတည်အုပ်စုအလိုက် အမျိုးသမီး၊ သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့စို့ကလေးများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါရှိသူများအား ဝန်ဆောင်မှုပေးခြင်း စသည့်သင်ခန်းစာ ခေါင်းစဉ်များအလိုက် သင်ကြားပေးခြင်း၊ ရောဂါကာကွယ်ခြင်း နည်းလမ်းများနှင့် ကူးစက်ရောဂါကာကွယ်ရေးဝတ်စုံ ဝတ်ဆင်အသုံးပြုခြင်း နည်းလမ်းများကို သင်တန်းနည်းပြများက အွန်လိုင်းသင်တန်းဖြင့် လေ့ကျင့်သင်ကြားပေးခဲ့ကြသည်။

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့ အနေဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သင်တန်းတက်ရန် ကျန်ရှိသော စေတနာ့ဝန်ထမ်းများအတွက် လိုအပ်သော လေ့ကျင့်သင်တန်းပေးမှုများကို စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် ဇွန် ၂၁**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၅ ဒသမ ၄၇ လက်မ၊ မြောင်းမြမြို့တွင် ၃ ဒသမ ၅၄ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ပဲခူးမြို့နှင့် ဖျာပုံမြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီ၊ ဂွမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ခန္တီးမြို့နှင့် သံတွဲမြို့တို့တွင် ၁ ဒသမ ၅၇ လက်မစီ၊ စစ်တွေမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ လောင်းလုံးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ရမ်ကလောင်း၊ ဘားအံမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၁၀ လက်မစီနှင့် ပိုင်ကျုံမြို့တွင် ၁ ဒသမ ၀၀ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

## နဝဒေးသကြားစက်မှ အာမခံအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် ငွေ ၄၀ ရာခိုင်နှုန်းထုတ်ပေး

**ပြည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ နဝဒေးသကြားစက်ရုံခန်းမ၌ ယမန်နေ့နံနက်ပိုင်းက စက်ရုံအာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနား ပြုလုပ်သည်။

ပြည်မြို့ လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော နဝဒေးသကြားစက်ရုံအား ကိုဗစ်-၁၉ ရောဂါကူးစက်မှုထိန်းချုပ်နိုင်ရန် ယာယီပိတ်သိမ်းခဲ့ရာမှ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များ၏ သတ်မှတ်ချက်များနှင့်ကိုက်ညီ၍ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး စက်ရုံယာယီပိတ်သိမ်းခဲ့သည့် ၁၄ ရက် ကာလအတွင်း အာမခံအလုပ်သမား ၃၃၂ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ငွေ ၁၁၆၃၃၆၂၆ ဒသမ ၆၇ ကို ပြည်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ဝင်းလှိုင်က လူမှုဖူလုံရေးတာဝန်ခံနှင့်အတူ အဆိုပါစက်ရုံခန်းမ၌ စက်ရုံမှူး ဒေါ်နီနီမော်ထံ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)** **ပြည် ခရိုင်(ပြန်/ဆက်)**








# သနတ္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်က ကြီးမှူး၍ ကျင်းပသည့် (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၂၁**

သနတ္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ်ကကြီးမှူး၍ ကျင်းပသည့် (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် Online Zoom Cloud Meeting နှင့် SDSS Myanmar Facebook Page လူမှုကွန်ရက်မှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက Zoom Cloud Meeting မှတစ်ဆင့်ပြောကြားရာ၌ သနတ္တန ဓမ္မပါလကအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အခမ်းအနားသို့ Zoom Cloud Meeting ဖြင့် ကြည့်ရှုလျက်ရှိသော မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် သံရုံးမိသားစုဝင်များ၊ ဟိန္ဒူဘာသာရေး ခေါင်းဆောင်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဟိန္ဒူဘာသာဝင် ဓမ္မမိတ်ဆွေများနှင့် ဧည့်ပရိသတ်များကို မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊

၂၀၂၀ ပြည့်နှစ်တွင် (၆)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာယောဂနေ့အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "Yoga at Home and Yoga with Family" ဖြစ်လို့ မိသားစုနှင့်အတူ ယောဂလေ့ကျင့်ခန်းကိုဆောင်ရွက်ခြင်းလို့ အဓိပ္ပာယ်သက်ရောက်စေသောကြောင့် ယနေ့ကာလနှင့်လည်း အလွန်သင့်မြတ်သည့် ဆောင်ပုဒ်တစ်ခုဖြစ်ကြောင်းကို ဂုဏ်ပြုပြောကြားလိုပါကြောင်း၊ ယောဂလေ့ကျင့်ခြင်းသည် မိမိကိုယ်ကိုယ် ယုံကြည်စိတ်၊ သည်းခံနိုင်စိတ်နှင့် စိတ်၏တည်ငြိမ်ခြင်း စသည့်အရည်အသွေးများ တိုးပွားလာစေခြင်း၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းကြံ့ခိုင်လာခြင်း၊ သွေးလည်ပတ်မှု မှန်ကန်စေခြင်းတို့အပြင် မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း စသည့်ကောင်းကျိုးများကိုလည်း ရရှိစေနိုင်ပြီး အဆိုကျ၍ ကိုယ်ခန္ဓာ သွက်လက်ပေ့ါပါးလာသည့်အတွက် မဖြစ်မနေဆောင်ရွက်သင့်သည့် လေ့ကျင့်ခန်းတစ်ခုဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာယောဂနေ့ အခမ်းအနားများကို သနတ္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ်မှကြီးမှူး၍ ဟိန္ဒူဘာသာဝင်များ၏ စည်းရုံးမှုတို့ဖြင့် နှစ်စဉ်ခမ်းနားထည်ဝါခြင်း၊ ညီညွတ်ခြင်းများနှင့်အတူ ကျင်းပနိုင်ပါစေ၊ ယောဂကျင့်စဉ်လေ့ကျင့်ခန်းမှ ဖြစ်ထွန်းလာသည့် ကာယခွန်အား၊ ဉာဏခွန်အားများသည် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယအပိုင်းအစီအစဉ်တွင် မင်္ဂလာဆီမီးထွန်းညှိခြင်း၊ အမြိုက်ဝစန ဖတ်ကြားခြင်း၊ သနတ္တန ဓမ္မပါလက (ဟိန္ဒူ)အဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားခြင်း၊ ဆူ(ရ်)ယ နမ(စ်)ကာ(ရ်) ရက်သတ္တပတ်အကြောင်း အစီရင်ခံတင်ပြခြင်း၊ ယောဂသရုပ်ပြသခြင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက အမှာစကားပြောကြားခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက အမှာစကားပြောကြားခြင်း၊ သနတ္တန ဓမ္မပါလက(ဟိန္ဒူ)အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားခြင်း၊ ငါးပါးသီလနှင့် ပတ္ထနာရွတ်ဆိုခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မိုးစပါးဧက ၄၉၃၃ ကျော် စိုက်ပျိုးပြီးစီး

**မုံရွာ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်း မြို့နယ် သုံးခုနှင့် မိုပိုင်းလွတ်၊ ထန်ပါခွေ၊ ဒုံဟီးနှင့် ပန်ဆောင်မြို့နယ်ခွဲများအတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ရာသီတွင် မိုးစပါး ၄၉၃၃ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အန်နန်းထော်၏ ပြောကြားချက်များအရ သိရသည်။ **(ယာပုံ)**



"အခုအချိန်မှာ တောင်ယာစိုက်ပျိုးကေကေ စိုက်လို့ပြီးသလောက်ဖြစ်နေပြီ။ လေ့ကားထစ်နည်းနဲ့ စိုက်ပျိုးတာတွေက စစိုက်တဲ့နေရာတွေ စိုက်နေကြပြီ မိုးကောင်းသောက်လယ်တွေကတော့ ထွန်ယက်တဲ့ ပျိုးထောင်တဲ့လုပ်ငန်းတွေ လုပ်နေတုန်းပဲရှိသေးတယ်"ဟု ခန္တီးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အန်နန်းထော်က ပြောသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် မိုးစပါးစိုက်ရာသီတွင် လေရှီးမြို့နယ်အတွင်း ၃၈၅ ဧက၊ မိုပိုင်းလွတ်မြို့နယ်ခွဲအတွင်း ၅၈ ဧက၊ လဟယ်မြို့နယ်အတွင်း ၃၃၂၅ ဧက၊ ထန်ပါခွေမြို့နယ်ခွဲအတွင်း ၅၂၁ ဧက၊ နန်းယွန်းမြို့နယ်အတွင်း ၁၉၀ ဧက၊ ဒုံဟီးမြို့နယ်ခွဲအတွင်း ၃၆၉ ဧကနှင့် ပန်ဆောင်မြို့နယ်ခွဲအတွင်း ၈၅ ဧက စုစုပေါင်း ၄၉၃၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

❒ ရှေ့ဖုံးမှ

ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀ ၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က ၁ ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက် က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀ ၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ မေ ၁၁ ရက် တွင် ၁၃ ဦး၊ မေ ၁၂ ရက်တွင် ၄၁ ဦး၊ မေ ၁၃ ရက်တွင် ၁၆ ဦး၊ မေ ၁၄ ရက်တွင် ၃၈ ဦး၊ မေ ၁၅ ရက်တွင် ၁၂၀ ၊ မေ ၁၆ ရက်တွင် ၇၆ ဦး၊ မေ ၁၇ ရက်တွင် ၉၀ ၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၂ ရက်တွင် ၃၆ ဦး၊ မေ ၂၃ ရက်တွင် ၆၀၄ ဦး၊ မေ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ မေ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ မေ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ မေ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ မေ ၂၈ ရက်တွင် ၁၁၆၈ ဦး၊ မေ ၂၉ ရက်တွင် ၁၂၀၂ ဦး၊ မေ ၃၀ ရက်တွင် ၁၁၅၂ ဦး၊ မေ ၃၁ ရက်တွင် ၁၅၁၁ ဦး ဝင်ရောက်သည်။

ဇွန် ၁ ရက်တွင် ၁၀၄၃ ဦး၊ ဇွန် ၂ ရက်တွင် ၁၅၁၇ ဦး၊ ဇွန်၃ ရက်တွင် ၁၅၄၇ ဦး၊ ဇွန် ၄ ရက်တွင် ၁၂၀၄ ဦး၊ ဇွန် ၅ ရက်တွင် ၁၁၉၀ ၊ ဇွန် ၆ ရက်တွင် ၁၇၈၄ ဦး၊ ဇွန် ၇ ရက်တွင် ၁၆၃၅ ဦး၊ ဇွန် ၈ ရက်တွင် ၉၄၆ ဦး၊ ဇွန် ၉ ရက်တွင် ၁၀၉၄ ဦး၊ ဇွန် ၁၀ ရက်တွင် ၉၉၄ ဦး၊ ဇွန် ၁၁ ရက်တွင် ၆၇၀ ၊ ဇွန် ၁၂ရက်တွင် ၈၂၃ ဦး၊ ဇွန် ၁၃ ရက်တွင် ၇၇၅ ဦး၊ ဇွန် ၁၄ ရက်တွင် ၆၀၀ ၊ ဇွန် ၁၅ ရက်တွင် ၅၀၆ ဦး၊ ဇွန် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဇွန် ၁၇ ရက်တွင် ၈၇၇ ဦး၊ ဇွန် ၁၈ ရက်တွင် ၆၉၈ ဦး၊ ဇွန် ၁၉ ရက်တွင် ၄၉၄ ဦး၊ ဇွန် ၂၀ ရက်တွင် ၆၅၇ ဦး၊ **(ယနေ့)** ဇွန် ၂၁ ရက်တွင် ၆၄၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၃၂၀၂၀ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၃၈၈ ဦး၊ အမျိုး သမီး ၂၅၄ ဦး စုစုပေါင်း ၆၄၂ ဦး ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# လိပ်သိုမြို့ ယာဒိုဒေသ တောင်သူများအား အိန္ဒိယအာသံလက်ဖက်မျိုး ပျိုးပင် ၃၀၀၀ ထောက်ပံ့

**လိပ်သို ဇွန် ၂၁**

ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ လိပ်သိုမြို့ ယာဒိုဒေသ ကလေတကျေးရွာအုပ်စုရှိ စိုက်ပျိုးရေးလုပ်ငန်းစံပြအကျိုးပြု တောင်သူများအား အိန္ဒိယ အာသံလက်ဖက်မျိုး ပျိုးပင် ၃၀၀၀ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို လိပ်သိုမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်က အိန္ဒိယ အာသံလက်ဖက်မျိုး ပျိုးပင်ထောက်ပံ့ပေးအပ်ခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ပြည်နယ်ညွှန်ကြားရေးမှူးနှင့် ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသက်ဆွေ၊ လိပ်သိုမြို့ အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်၊ သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်မင်းနှင့် လိပ်သိုမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သော်မြင့်တို့က စံပြအကျိုးပြုတောင်သူများအား လက်ဖက်ပျိုးပင်များ ပေးအပ်သည်။(ယာပုံ)

ဆက်လက်၍ လိပ်သိုမြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က မိမိတို့ဒေသအတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် တွေ့ရသော အခက်အခဲများနှင့် လိုအပ်သည်များကို တင်ပြဆွေးနွေးပြီး ပြည်နယ်ညွှန်ကြားရေးမှူး ဦးသန်းထိုက်၊ ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဆွေနှင့် သံတောင်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းထိုက်မင်းတို့က ပြန်လည်ဖြေကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နွယ်နွယ်ခိုင် (ပြန်/ဆက်)**



# ပုသိမ်တံတား အမှတ် (၂) တည်ဆောက်မှု ၉၃ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်

**ပုသိမ် ဇွန် ၂၁**

ပုသိမ်တံတား အမှတ်(၂)သည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မဟာဗန္ဓုလလမ်းနှင့် ငဝန်မြစ် အနောက်ဘက်ကမ်းရှိ လူနေရပ်ကွက်များသို့ တိုက်ရိုက်ဆက်သွယ်ထားသော ပေ ၂၃၈၀ ရှိ တံတားတစ်စင်းဖြစ်ပြီး တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံးတည်ဆောက်မှုလုပ်ငန်း ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားကြီးမှာ ပေအားဖြင့် ၁၀၈၂ ပေ ၆ လက်မရှိပြီး ယာဉ်သွားလမ်း အကျယ် ၂၈ ပေ ဘိုးပိုင်၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ငါးပေနှင့် တံတားအမျိုးအစားမှာ တံတားအောက်ခံအုတ်မြစ်၊ တံတားကိုယ်ထည် အာစီကွန်ကရစ်၊ တံတားအပေါ်ထည် သံမဏိ၊ သံပေါင်ခုံးတံတားဖြစ်သည်။ တံတားအောက် ရေလမ်းကင်းလွတ်အမြင့်ပေ ၆၀၊ ရေလမ်း ကင်းလွတ်အကျယ် ၄၁၆ ပေနှင့် တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန် ဖြစ်သည်။

တံတားကြီးကို ၂၇-၁၀-၂၀၁၈ ရက်က တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၆) အင်ဂျင်နီယာမှူးကြီး ဒေါ်သစ်သစ်အောင်နှင့် အဖွဲ့က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ယခုနှစ် စက်တင်ဘာလကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ဆိုက်အဆင့်မြှင့်တင်လိုက်သော ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးနှင့်အတူ ဖွင့်လှစ်သွားရန် ကြိုးစားနေကြောင်းလည်း သိရသည်။

ပုသိမ်အမှတ်(၂)တံတားကြီးတည်ဆောက်ရခြင်းမှာ မူလရှိပြီး ပုသိမ်ကြိုးတံတား၏ ခံနိုင်ဝန်လျော့နည်းလာမှုကြောင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်လာသည်နှင့်အမျှ ငဝန်မြစ်အနောက်ဘက်ခြမ်းတွင် မြို့ပြအိမ်ရာများ တိုးချဲ့လာ၍လည်းကောင်း၊ ချောင်းသာနှင့် ငွေဆောင်အပါအဝင် ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် ကမ်းခြေပတ်လမ်းများကို ချိတ်ဆက်ပြီးသွားလာနိုင်ရန် ရည်ရွယ်၍ လည်းကောင်း တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ခရမ်းစိုးမြင့်



မကြာမီပြီးစီးတော့မည့် ပုသိမ်တံတား အမှတ်(၂)။

# ဆွာချောင်းရေလှောင်တမံ ဆည်ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်း

**ရေတာရှည် ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံရေပေးလက်တံမြောင်း (၂) မှ ဆည်ရေအသုံးပြုသောတောင်သူများအား ရေအသုံးချသူများအဖွဲ့ကို ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာ ဓမ္မာရုံ၌ ဇွန် ၁၉ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ ဦးစီးအရာရှိ ဦးတင်ဝင်းလှိုင်က ရေအသုံးချသူများဖွဲ့စည်းရသည့် ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ တောင်သူများပူးပေါင်းပါဝင်သည့် ဆည်မြောင်းစနစ်၊ တောင်သူအချင်းချင်း အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော တောင်သူများ၏ တင်ပြဆွေးနွေးချက်များကို ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ ရေသွင်းမြောင်းများအလိုက် အဖွဲ့သုံးဖွဲ့မှ အဖွဲ့ခေါင်းဆောင်များကိုရွေးချယ်ခဲ့ပြီး ဇွန် ၁၉ ရက်အထိ ဆွာဆည်ရေသောက်ဧရိယာအတွင်း ရေအသုံးပြုသူများအဖွဲ့ ၁၉ ဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သန်းလွင်(ဆွာ)

# သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာမှ ငါးမွေးတောင်သူများအား ငါးသားပေါက်များ အခမဲ့ဖြန့်ဝေ

**သံတောင်ကြီး ဇွန် ၂၁**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ပြည်နယ်ဦးစီးဌာနမှူး ဒေါ်အေးအေးဇော်နှင့် အဖွဲ့သည် ယမန်နေ့က သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာသို့ သွားရောက်ခဲ့ပြီး မြစိမ်းရောင် (ငါးကဏ္ဍ) ငါးမွေးတောင်သူ ၁၀ ဦး ၏ ငါးမွေးကန်များအတွက် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၂၂၅၀၀ ကို အခမဲ့ဖြန့်ဝေပေးသည်။ **(အောက်ပုံ)**

ဆက်လက်ပြီး အဆိုပါ မြစိမ်းရောင် (ငါးကဏ္ဍ) အဖွဲ့၏ ကော်မတီဝင်များနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ရန်ပုံငွေ အတိုးရငွေဖြင့် တည်ဆောက်သော လူမှုကူညီရေးယာဉ်ထားရှိမည့် အဆောက်အအုံကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်





# မကွေးခရိုင်အတွင်း ငါးရစ်ငါးသန်ကာလ ငါးဖမ်းဆီးမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**မကွေး ဇွန် ၂၁**

မကွေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှုမရှိစေရေး ပညာပေးဟောပြောခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းများကို ခရိုင်ဦးစီးဌာနမှူး ဦးစိုးလှိုင်မြင့်နှင့် ဝန်ထမ်းများဦးဆောင်၍ အင်းသားကြီးများ၊ ရေလုပ်သားများနှင့်အတူ မကွေးမြို့နယ်အတွင်းရှိ အင်း၊ တင်ဒါ ငါးဖမ်းကွက်များနှင့် ဘုံငါးဖမ်းကွက်များအတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြရာ (ဝဲပုံ) ပိုင်ရှင်မဲ့ တန်းပိုက် ရှစ်ဖောင်၊ တုတ် လေးလုံးနှင့် ဇလဲ့မြှုံး ကိုးလုံး သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကွမ်းခြံကုန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များနှင့် အမှတ် (၅၅) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး (ခေတ္တ) ဦးဆောင်သည့် တပ်ဖွဲ့ဝင်များသည် ဇွန် ၂၀ ရက်က ကွမ်းခြံကုန်းမြို့လယ်အဝိုင်းတွင် မော်တော်ယာဉ် ဥပဒေသစ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်။

ရဲပြန်ကြား



သင်သာ တခြားသူတွေနဲ့ (၆)ပေအကွာမှာနေခြင်းဟာ ကိုရိုနာဗိုင်းရပ်စ်ကို လူတွေအကြား ကူးစက်ပျံ့နှံ့ဖို့ အခွင့်အရေး လုံးဝ မပေးထားတာ ဖြစ်ပါတယ်။ ဒါကြောင့် တတ်နိုင်သလောက် အိမ်မှာပဲ နေပါ။ မဖြစ်မနေ အပြင်ထွက်ရပြီ ဆိုရင် ခုလို (၆)ပေအကွာကနေ သွားလာလှုပ်ရှားကြပါ။

# မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက် ၅ ဘီလီယံ လျာထား

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး၌ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အတွက်ကမ်းပြိုကာကွယ်ရေးလုပ်ငန်း လျာထားချက်သည် ၂၁ ရွာနှင့် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း လေးခု လျာထားကြောင်းနှင့် ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ၂၁ ခုအတွက်ဘတ်ဂျက်အနေဖြင့် ၅ ဘီလီယံ လျာထားကြောင်း မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်ထဲမှာ ဧရာဝတီမြစ် ရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်းလေးခု ဆောင်ရွက်နေပြီး တိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း အခု ၂၀ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းတွေကို တင်ဒါစနစ်နဲ့ ကုမ္ပဏီတွေကိုပေးပြီး ဌာနကနေ ကြီးကြပ်ပြီးဆောင်ရွက်နေတာပါ။ လက်ရှိအခြေအနေမှာ လုပ်ငန်းအားလုံးနီးပါး ပြီးစီးနေပါပြီ။ လုပ်ငန်းနှစ်ခုလောက်ပဲ အပြီးသတ်ဖို့ ကျန်ပါတော့တယ်" ဟု မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မြင့်သန်းက ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးအနေဖြင့် ဧရာဝတီမြစ်အတွင်း သပိတ်ကျင်းမြို့နယ်မှ ညောင်ဦးမြို့နယ်အထိ လည်းကောင်း၊ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းအနေဖြင့် ဧရာဝတီရေလမ်းကောင်းမွန်ရေးလုပ်ငန်းတွင် ရွှေကူမြို့နှင့် ကသာမြို့ကြားမှ ညောင်ဦးမြို့အောက်ဘက် ချောင်းဦးမြို့နယ်အနီးရှိ စဥ့်ကူးချောင်းအထိ လည်းကောင်း ရေလမ်းကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကမ်းပြိုကာကွယ်ရေးလုပ်ငန်းပဲဖြစ်ဖြစ်၊ ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းပဲဖြစ်ဖြစ် မြစ်ရေစပြီးကျတဲ့အချိန်နဲ့မြစ်ရေပြန်မတက်ခင်အချိန်ထိ ရေအနည်းဆုံးအချိန်မှာဆောင်ရွက်ရတာ အထိရောက်ဆုံးပါပဲ။ အထူးသဖြင့်မြစ်ကြမ်းပြင်တွေကို အခြေတည်ပြီးပြုပြင်တဲ့ စနစ်ဆိုတော့ရေအနည်းဆုံးအချိန်က ပြုပြင်ဖို့ အဆင်ပြေဆုံးပါ။ ဌာနအနေနဲ့ ရှေ့ဆက်ဆောင်ရွက်သွားမယ်ဆိုရင် ဒီလုပ်ငန်းတွေကို နိုင်ငံတကာမှာရှိတဲ့ အဆင့်မြင့်နည်းပညာတွေ၊ ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်မှုတွေကို လုပ်ပေးနေတော့ သူတို့တွေရဲ့ အားတွေနဲ့ လုပ်ရတော့ နည်းပညာမြင့်တဲ့ ရေလမ်းကောင်းမွန်ရေးလုပ်ငန်းတွေ၊ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေကို ဆက်ပြီးဆောင်ရွက်သွားမှာပါ" ဟု ဦးကျော်မြင့်သန်းက ဆက်လက်ပြောသည်။

၂၀၁၆–၂၀၁၇ ဘဏ္ဍာနှစ် မှ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်အထိ လေးနှစ်တာ ကာလအတွင်း ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နှင့် အခြားမြစ်ချောင်းများတွင် ကမ်းပြိုကာကွယ်ရေးအတွက်လုပ်ငန်းပေါင်း ၈၂ ခု ဆောင်ရွက်ခဲ့ကြောင်းနှင့် နည်းပညာအနေဖြင့် ခေတ်နှင့် လျော်ညီစေရန် တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသော နည်းပညာများကို ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း သိရသည်။

"ငယ်ငယ်ကတည်းက ဖြစ်သင့်တဲ့ ကမ်းထိန်းနံရံကြီးပါ။ အခုကမ်းပါးဆောက်နေတဲ့နေရာက အရင်ကဆို ရွာလယ်လမ်းမကြီးပါ။ ရွာလယ်လမ်းမကြီးရဲ့ တောင်ဘက်မှာဆိုပေ ၂၀၀ ကျော်လောက် မြစ်ရေတိုက်စားတာကြောင့် အကုန်ပဲ့သွားတယ်။ အခုလို ကမ်းထိန်းနံရံကြီး တည်ဆောက်ပေးတဲ့အတွက် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု အမရပူရမြို့နယ် ကမ္ဘဲ့ကျေးရွာအုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ပြောသည်။



ယခုနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီလလယ်မှ စတင်ဆောင်ရွက်ခဲ့ရာ ပုံမှန်အားဖြင့် မေလတွင် ပြီးစီးမည်ဖြစ်သော်လည်း ကိုဗစ်–၁၉ ရောဂါကြောင့် လုပ်ငန်းများ ခေတ္တရပ်နားလိုက်ရသည့်အတွက် အချိန်ကြန့်ကြာမှုများရှိခဲ့ပြီး လုပ်ငန်းများကို ပြန်လည်လုပ်ကိုင်လျက်ရှိရာ မကြာမီကာလအတွင်း ပြီးစီးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ရာခိုင်နှုန်းအားဖြင့် ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ထိပ်ထားနိုင်**

# ချင်းပြည်နယ် သီးမစ်ရေဝေရေလဲဧရိယာများအတွင်း သစ်စေ့မြေလုံး ၃၉၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုး

**ဟားခါး ဇွန် ၂၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ယနေ့နံနက်ပိုင်းက ချင်းပြည်နယ်သီးမစ်ရေဝေရေလဲ ဧရိယာများအတွင်းစိမ်းလန်းစိုပြည်စေရေးနှင့် သဘာဝပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရေးရည်ရွယ်လျက် သစ်စေ့မြေလုံး (Seed Ball) ၃၉၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် ကြဲချစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ချင်းပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ သက်ဆိုင်ရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဖြန့်ကြဲမည့် သစ်စေ့မြေလုံးအိတ်များကို ရဟတ်ယာဉ်ပေါ်သို့ စနစ်တကျတင်ဆောင်သည်။ **(အပေါ်ယာပုံ)**



ထို့နောက် စစ်ဗျူဟာအဖွဲ့အခြေချ(ဟားခါး)ရှိ တောင်ဇလပ် ရိပ်သာခန်းမတွင် ချင်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသိန်းက သီးမစ်ဆည် ရေဝေရေလဲ ဧရိယာများအတွင်း တောင်ကတုံးများနှင့် သစ်တောကြိုးပြင်တောများတွင် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Ball) များကို စနစ်တကျဖြန့်ကြဲနိုင်ရေးအတွက် ရွေးချယ်ထားသောနေရာများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းက တင်ပြချက်များအပေါ် ဖြည့်စွက်၍ မှာကြားသည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ပြုစုထားရှိသည့် သစ်စေ့မြေလုံး(Seed Ball)များဖြစ်သော မိုင်းမေ့မျိုးစေ့ ၂၀၀၀၀၀၊ ထင်းရှူးမျိုးစေ့ ၇၀၀၀၊ ရေသင်းဝင်မျိုးစေ့ ၆၀၀၀၀ နှင့် ချယ်ရီမျိုးစေ့ ၆၀၀၀၀ စုစုပေါင်း ၃၉၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် သယ်ဆောင်၍ ရေဝေရေလဲဧရိယာများ၊ ကြိုးဝိုင်းနှင့် ကြိုးပြင်တောများအတွင်း သစ်ပင်ပေါက်ရောက်မှုနည်းသောနေရာများ၌ သစ်တောသစ်ပင်များ ပြန်လည်ပေါက်ရောက်လာစေရန်အတွက် တာဝန်ရှိသူများက ကြဲချစိုက်ပျိုးကြသည်။

အဆိုပါ သစ်စေ့မြေလုံး (Seed Ball)များဖြန့်ကြဲရာတွင် နေပြည်တော်မြန်မာ့လေကြောင်းတပ်ဖွဲ့မှ ဗိုလ်မှူးမိုးစည်သူကြိုင်နှင့် တပ်ဖွဲ့ဝင်များ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်


**နေပြည်တော် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**


## အမုန်းစကားမပြောရ။

တစ်ပါးသူ၏ လူမျိုး၊ နိုင်ငံ၊ ဘာသာရေး၊ ဒေသ၊
ကျား/မ လိင်ကွဲပြားမှု၊ လိင်ပိုင်းဆိုင်ရာ ခံယူမှု၊ မသန်စွမ်းသူများနှင့်
နာတာရှည်ရောဂါဖြင့် ကျန်းမာရေးချို့တဲ့နေသူများကို
အကြောင်းမဲ့ဖြစ်စေ၊ ထိခိုက်နာကျင်စေလိုသောကြောင့်ဖြစ်စေ
တိုက်ရိုက်တိုက်ခိုက်သော အမုန်းစကားများကို Facebook မှ ပယ်ဖျက်ပါသည်။



# ချောင်းမငယ်ဆည်ရေသောက်ဧရိယာ၌ တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့များ တိုးချဲ့ဖွဲ့စည်း

**နေပြည်တော် ဇွန် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ချောင်းမငယ် ဆည်ရေသောက်ဧရိယာတွင် စိုက်ပျိုးရေကို အလေအလွင့်မရှိ စနစ်တကျစီမံခန့်ခွဲရန်၊ တောင်သူများ စိုက်ပျိုးရေကို ညီညီမျှမျှ ရယူအသုံးပြုနိုင်ရန်နှင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PIM) ဖော်ဆောင်ရန်အတွက် တောင်သူများပါဝင်သော ရေအသုံးချသူများအဖွဲ့ (WUG) များကို တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း ဆည်မြောင်းတည်ဆောက်ရေး (၅) မှ သိရသည်။

ဆည်မြောင်းတည်ဆောက်ရေး (၅) အနေဖြင့် ချောင်းမငယ် ဆည်ရေသောက်ဧရိယာအတွင်းရှိ မြောင်းမကြီး (သို့မဟုတ်) လက်တံမြောင်းများမှ တိုက်ရိုက်ပေးဝေသော ရေထုတ်ပေါက်များ၏ လယ်ကြားမြောင်းများတွင် ရေအသုံးချသူများအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဆည်ရေသောက်ဧရိယာအတွင်းရှိ မဒေါ်ပင်နှင့် ကန်ဦး စိုက်ပျိုးရေးပညာပေးစခန်းများတွင် တောင်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲများပြုလုပ်၍ ရေအသုံးချသူများအဖွဲ့ လေးဖွဲ့ကို ဇွန် ၁၆ ရက်က ဖွဲ့စည်းနိုင်ခဲ့ပြီး ကျန်ဆည်ရေသောက်ဧရိယာအတွင်း၌ WUG များကို ဆက်လက်တိုးချဲ့ဖွဲ့စည်းသွားမည်ဖြစ်သည်။

ယခုနှစ်တွင် ချောင်းမငယ် ဆည်ရေသောက်ဧရိယာ၌ နွေစပါး ၄၁၆၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအခါ ရိတ်သိမ်းပြီးလယ်မြေများမှ မိုးစပါးစိုက်ပျိုးနိုင်ရန်အတွက် ရေအသုံးချသူများအဖွဲ့ဝင် တောင်သူများသည် မိမိတို့နှင့် သက်ဆိုင်သည့် လယ်ကြားမြောင်းများအလိုက် သဲနုန်းဆယ်ခြင်းနှင့် ချုံနွယ်များရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး (ယာပုံ) စိုက်ပျိုးရေရယူမည့်အစီအစဉ်ကို ဆည်မြောင်းတည်ဆောက်ရေး (၅) မှ တာဝန်ရှိသူများနှင့် ကြိုတင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ချောင်းမငယ်ဆည်တွင် လက်ရှိအသုံးပြုနိုင်သော ရေပမာဏမှာ ဧကပေ ၂၆၀၀၀ ခန့်ဖြစ်၍ ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးမည့် မိုးစပါး ၇၂၁၉ ဧကအတွက် စိုက်ပျိုးရေ လုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထက်လျှံ



# ရွှေဝါနှံ့မျိုးစေ့ထုတ်လုပ်ရေးသမဝါယမအသင်းမှ မျိုးကောင်းမျိုးသန့်စပါးများ ဖြန့်ဖြူးရောင်းချ



**ကော့မှူး ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် လာဝတီကျေးရွာရှိ ရွှေဝါနှံ့ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းသားပိုင်လယ်ဧက ၉၂ ဧကပေါ်တွင် သီးထပ်ရင်မျိုးသန့်စပါးများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ မျိုးစပါးတင်းပေါင်း ၅၂၅၀ ထွက်ရှိခဲ့သည်။ (ဓာတ်ပုံ)

**ရောင်းချပေးလျက်ရှိ**

ရွှေဝါနှံ့ မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းအနေဖြင့် အသင်းသားပိုင်လယ်ဧကများမှ ထွက်ရှိသော မျိုးကောင်းမျိုးသန့် စပါးများအား တစ်တင်းလျှင် ငွေကျပ် ၆၅၀၀ နှုန်းဖြင့် တောင်သူလယ်သမားများထံသို့ သက်သာသောနှုန်းထားဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မြစ်သားမြို့နယ် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းများမှ ကြက်သွန်နီ၊ နှမ်းနှင့် ငရုတ်များ စိုက်ပျိုးထုတ်လုပ်

**မြစ်သား ဇွန် ၂၁**

မြန်မာနိုင်ငံ၏ လူကြိုက်အများဆုံး ရောင်းတန်းဝင် မြစ်သားကြက်သွန်နီကို မြစ်သားမြို့နယ် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၊ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၊ အသင်းစုစုပေါင်း ၁၁၀ က စိုက်ဧက ၇၀၀၀ တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ တစ်ဧကလျှင် ပျမ်းမျှပိဿာချိန် ၂၀၀၀ ထွက်ရှိကြောင်း သိရှိရသည်။

**စိုက်ပျိုးထုတ်လုပ်**

ကိုဗစ် - ၁၉ ကာလကြောင့် ဈေးနှုန်းအနည်းငယ်ကျဆင်းသော်လည်း ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်သော အသင်းသားတောင်သူများအနေဖြင့် ပိဿာချိန် ၁၃၈၅၀၀၀၀ ကို ရောင်းချပြီးဖြစ်ပါကြောင်းနှင့် နွေနှမ်း၊ ငရုတ်စသည့် သီးနှံများကိုလည်း ဆက်လက်စိုက်ပျိုး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကော့သောင်းခရိုင်အတွင်း လမ်းများနှင့် တံတားများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြုပြင်

**ထားဝယ် ဇွန် ၂၁**

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေဖြင့် ကမ်းရိုးတန်းကျားကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသော တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဟန်ကပြုကျေးရွာအုပ်စု ဟန်ကပြု-ရွာဟော့လူ ကျေးရွာချင်းဆက် မြေသားလမ်း (၂၄/၀) မိုင်အနက် ကျောက်လမ်း (၁/၄) မိုင် ဖောက်လုပ်ပြီးစီးပြီး ကျန်ရှိ (၃၂/၄) မိုင်မှ (၂/၀) မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ (၅x၅x၂၆) ပေ Box Culvert အစင်း ၂၀ တည်ဆောက်ခြင်းလုပ်ငန်း၊ ရွှေလက်မြဲကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ဟန်ကပြု-ရွာဟော့လူ ကျေးရွာချင်းဆက် မြေသားလမ်း (၃၄/၀) မိုင်အနက် ဖောက်လုပ်ပြီး (၈/၀) မိုင်ပေါ်တွင် တစ်လွှာ တစ်ထပ် ပေ ၂၀ ဘေလီတံတား နှစ်စင်းနှင့် တစ်လွှာ တစ်ထပ် ပေ ၃၀ ဘေလီတံတား သုံးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရောအားမာန်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဟန်ကပြု-ရွာဟော့လူ ကျေးရွာချင်းဆက် မြေသားလမ်း (၃၄/၀) မိုင်အနက် (၈/၀) မိုင် ပြုပြင်ဖောက်လုပ်ပြီးစီးပြီး ကျန်ရှိ (၂၆/၀) မိုင်မှ (၁၅/၀) မိုင် လမ်းပြုပြင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မြေသားလမ်းအား ကျောက်တောင်ရှင်းလင်းခြင်း၊ လမ်းချဲ့ခြင်း၊ ဘေးမြေနံရံ အဆင့်လိုက်မြေဖြတ်ခြင်းလုပ်ငန်း (၀/၁)မိုင် ဆောင်ရွက်ခြင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဌာနမှ တာဝန်ယူဆောင်ရွက်သော ဟန်ကပြု-ရွာဟော့လူ ကျေးရွာချင်းဆက် မြေသားလမ်း(၃၄/၀)မိုင်အနက် ကျောက်လမ်း(၁/၄) မိုင် ဖောက်လုပ်ပြီးစီးပြီး ကျန်ရှိ(၃၂/၄)မိုင်မှ (၂/၄)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်ရှိ (၅x၅x၂၆) ပေ Box Culvert အစင်း ၂၀ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၉ ရက်တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်က ကွင်းဆင်းကြည့်ရှုပြီး တာဝန်ခံအင်ဂျင်နီယာများအား သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



# သီပေါ၌ စပါးအထွက်နှုန်းတိုးတက်စေရေး စပါးမျိုး ဆားရည်စိမ်ခြင်းနှင့် ငမြှောင်တောင်ဖျက်ပိုး ကာကွယ်နှိမ်နင်းရေး လက်တွေ့သရုပ်ပြ

**သီပေါ ဇွန် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနသည် ယခုမိုးရာသီစိုက်ပျိုးရေးကာလ၌ တောင်သူများ စပါးပိုမိုထွက်ရှိရေးကို ရည်ရွယ်လျက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိရေးအတွက် ယနေ့နံနက် ၇ နာရီက သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ တောင်သူကြီး ဦးဆန်စိုင်းသာညွှန့်၏ လယ်မြေဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ "စပါးမျိုးမှန် အပင်သန် ဆားရည်စိမ်၍စိုက်" ဟူသော စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်ပုဒ်နှင့်အညီ စပါးမျိုးစေ့ဆားရည်စိမ်ခြင်း လက်တွေ့သရုပ်ပြပွဲနှင့် ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းနည်း သရုပ်ပြပွဲကျင်းပသည်။

**ညွှန်ကြားချက်များအတိုင်း လိုက်နာ**

အဆိုပါလက်တွေ့သရုပ်ပြပွဲသို့ ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်အေးနှင့် ခရိုင်မြေမျိုး၊ ပိုးတာဝန်ခံများ၊ သီပေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမင်းဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကွင်းတာဝန်ခံများနှင့် စပါးမျိုးစေ့ စိုက်ပျိုးထုတ်လုပ်မည့်တောင်သူများက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာကာ လက်တွေ့ပြသ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အစေ့ထုတ်ပြောင်းစိုက်ခင်းများတွင် "ဖော" ငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်နှိမ်နင်းနည်းများနှင့် ငမြှောင်တောင်ဖျက်ပိုးကျရောက်မှု စစ်တမ်းကောက်ယူနိုင်ရန် Pheromone leap ကိရိယာဖြင့် လက်တွေ့ပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စိုင်း (သီပေါ)

# သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း JICA(ODA)ချေးငွေဖြင့် ဆည်ရေသောက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

**သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်း JICA (ODA) ချေးငွေဖြင့် ဆောင်ရွက်နေသော ဆည်ရေသောက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင် သွားရောက်စစ်ဆေးသည်။** (ယာပုံ)



ရေးဦးစွာ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာတော်ကုန်း ကျေးရွာအနီးရှိ ယခုနှစ်ဖော်ဆောင်ပြီးဖြစ်သည့် စနစ်တကျ လယ်ယာမြေ ၃၁၅ ဧက စီမံကိန်းနေရာတွင် ရေအသုံးချသူများအဖွဲ့ (WUG) များနှင့် တွေ့ဆုံ၍ တောင်သူများ၏ အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး စနစ်တကျ လယ်ယာမြေ ဖော်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုဝန်ကြီး၏ စီမံလမ်းညွှန်မှုနှင့်အညီ "ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်" ဖြင့် ရေစီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်လာစေရန်အတွက် ရေအသုံးချသူများအဖွဲ့ (WUG) များကို ဆည်ရေသောက်တစ်ခုလုံး၏ လက်တံမြောင်း၊ လက်တံခွဲမြောင်းနှင့် တိုက်ရိုက်ရေပေးမြောင်းများအလိုက် တိုးချဲ့ဖွဲ့စည်းသွားရန် လိုအပ်ကြောင်း၊ ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ ရေလိုအပ်ချက်နည်းသော စိုက်နည်းစနစ်များ အသုံးပြုခြင်း၊ သီးနှံပုံစံများ ပြောင်းလဲခြင်းနှင့် စိုက်ပျိုးရေကို စနစ်တကျခြိုးခြံချွေတာ စီမံသုံးစွဲခြင်းများ လိုအပ်ပါကြောင်း၊ မိမိတို့ဌာနမှလည်း လိုအပ်သော အကူအညီများကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းနှင့် တောင်သူများကလည်း မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို တင်ပြပေးသွားရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆည်မြောင်းပညာရပ် ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်နိုင်က ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ဆည်ရေကို စနစ်တကျသုံးစွဲခြင်းဖြင့် စိုက်ဧကများ ပိုမိုတိုးတက်စိုက်ပျိုးနိုင်ရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရွာတော်ကုန်း စနစ်ကျလယ်ယာမြေစီမံကိန်းဧရိယာအတွင်းရှိ တောင်သူ ဦးတင်ဆောင်၊ ဦးမင်းမင်းအေးနှင့် ဦးထွန်းအေးတို့က ဖွဲ့စည်းထားသော ရေအသုံးချသူများအဖွဲ့(WUG)များအနေဖြင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှုနှင့် ယခုနှစ် မိုးစပါးရာသီတွင် စနစ်တကျ လယ်ယာမြေစီမံကိန်းဧရိယာအတွင်း စိုက်ဧက ၁၅၀ ခန့်ကို SRI စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရန် ရည်ရွယ်ထားပြီး ကျန်စိုက်ဧကများကိုလည်း ကောက်စိုက်စက်များဖြင့် စိုက်ပျိုးရန်အတွက် ကောက်စိုက်စက်များ ဖြည့်ဆည်းပေးစေလိုကြောင်း၊ ယခင်နှစ် မိုးရာသီက ကြုံတွေ့ခဲ့ရသော ရေနုတ်မြောင်းပိတ်ဆို့၍ ရေစီးရေလာမကောင်းသည့် အခြေအနေများကိုလည်း ဆွေးနွေးတင်ပြကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က တောင်သူများ လိုအပ်သော လယ်ယာသုံးစက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်ရန်နှင့် နည်းမှန်လမ်းမှန် စိုက်နည်းစနစ်များ ထပ်မံပံ့ပိုးပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆက်သွယ်၍ ပူးပေါင်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စနစ်တကျလယ်ယာမြေစီမံကိန်း ဧရိယာအတွင်းရှိ ရေနုတ်မြောင်း၊ ရေသွင်းမြောင်း၊ ကုန်ထုတ်လမ်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်စီမံကိန်း အကောင်အထည်ဖော်နိုင်ရေးအတွက် ချင်းရွှေဟော်နယ်စပ်ဂိတ်မှ တရုတ်နိုင်ငံသား တံတားအင်ဂျင်နီယာရှစ်ဦး ဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့နှင့် ဆက်စပ်လျက်ရှိသည့် လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် တည်ဆောက်မည့် သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်စီမံကိန်း စတင်အကောင်အထည်ဖော်နိုင်ရေးအတွက် တရုတ်နိုင်ငံသား တံတားအင်ဂျင်နီယာ ရှစ်ဦးအဖွဲ့သည် ဇွန် ၂၀ ရက် နံနက်ပိုင်းက ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ် နမ့်ဖာဟော်ဂိတ်မှ မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ တရုတ်နိုင်ငံသား တံတားအင်ဂျင်နီယာ ရှစ်ဦးသည် တရုတ်နိုင်ငံရှိ Yunnan Sunny Road & Bridge ကုမ္ပဏီလီမိတက်မှ ဖြစ်ကြပြီး ၎င်းတို့အဖွဲ့အား ကွမ်းလုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျ၊ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးသူရသန်း၊ ချင်းရွှေဟော်မြို့ အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နမ့်ဖာဟော် နယ်စပ်တံတားပေါ်တွင် သွားရောက်ကြိုဆိုခဲ့ကြကာ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီက ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် နိုင်ငံအတွင်း နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် တရုတ်အင်ဂျင်နီယာများအား နယ်စပ်ဂိတ်၌ ကိုယ်အပူချိန်တိုင်း စစ်ဆေးစဉ်။

အဆိုပါ သံလွင်မြစ်ကူး(ကွမ်းလုံ)တံတားသစ်စီမံကိန်းသည် သုံးနှစ်ခန့်ကြာမြင့်မည့် စီမံကိန်းဖြစ်ပြီး တံတားအရှည်မှာ ၂၈၆ မီတာရှိ၍ PC Box Girder အမျိုးအစားဖြစ်ကာ ခံနိုင်ဝန်အနေဖြင့် အကြမ်းဖျင်း ၇၅ တန်အထိ ဖြတ်သန်းသွားလာနိုင်မည်ဟု သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

*ကျောဖုံးမှ*

နည်းလမ်းများ၊ စိတ်ဓာတ်မြှင့်တင်မှုဆိုင်ရာ လိုအပ်ချက်များကို ပညာပေးဟောပြောခဲ့ကြပြီး မိမိတို့ အဖွဲ့အစည်းများမှထုတ်ဝေသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေကာ ကန့်သတ်စောင့်ကြည့်ခံပြည်သူများလိုအပ်မည့် ပါးစပ်နှာခေါင်းစည်းနှင့် လက်သန့်ဆေးများကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

# YBS စီးနင်းသည့်ခရီးသည် များပြားလာမှုကြောင့် ယာဉ်စီးရေ တိုးမြှင့်ပြေးဆွဲပေးလျက်ရှိ

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့(YRTA) လက်အောက်ရှိ YBS ယာဉ်လိုင်းများမှာ ဇွန် ၁ ရက်မှ စတင်ကာ တစ်ရက်လျှင် ယာဉ်စီးရေ ရာနှုန်းပြည့်ပြေးဆွဲနိုင်ခြင်းမရှိဘဲ ၇၅ ရာခိုင်နှုန်းသာ ပြေးဆွဲခဲ့သည်။ ဇွန် ၁၇ ရက်က YBS ယာဉ်လိုင်းများတွင် ခရီးသည်စီးနင်းမှုများပြားလာမှုကြောင့် ယာဉ်စီးရေ ၈၃ ရာခိုင်နှုန်းကျော်အထိ ထပ်မံတိုးချဲ့ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

မတ်လမှစတင်၍ ဧပြီလကုန်အထိ တစ်ရက်လျှင် YBS ယာဉ်အစီးရေ ၁၃၀၀ ဖြင့် ပြေးဆွဲခဲ့သော်လည်း ခရီးသည်စီးနင်းမှုမှာ လူဦးရေတစ်သိန်းမပြည့်ကြောင်း သိရသည်။ ဇွန်လအတွင်း YBS စီးနင်းသည့် ခရီးသည်ဦးရေမှာ တစ်ရက်လျှင် ၇ သိန်း ၇ သောင်းကျော်အထိ မြင့်တက်လာသောကြောင့် ယာဉ်အစီးရေ ထပ်မံတိုးမြှင့်ပြေးဆွဲရခြင်းဖြစ်သည်။ ဇွန် ၁၆ ရက်တွင် ယာဉ်အစီးရေ ၃၃၆၀ ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

ရုံးတက်ရုံးဆင်းချိန်တွင် ခရီးသည်များ တိုးဝှေ့စီးနင်းမှုမဖြစ်ပေါ်စေရန် ယာဉ်များကို တစ်စီးနှင့်တစ်စီး စက္ကန့်ပိုင်းသာခြားပြီး ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်မြို့ပတ်ကားစနစ်ဖြစ်သည့် စီးတီးထရန်စစ်ယာဉ်လိုင်းတွင်မူ စီးနင်းသည့်ခရီးသည်ဦးရေနည်းပါးမှုကြောင့် ဇွန် ၅ ရက်မှ စတင်ကာ ယာယီရပ်နားထားကြောင်း သိရသည်။ ကိုဗစ် – ၁၉ ရောဂါ မဖြစ်ပွားမီကာလက YBS ယာဉ်လိုင်းများ တစ်နေ့လျှင် ယာဉ်အစီးရေ ၄၄၀၀ မှ ၄၅၀၀ ဝန်းကျင်အထိ ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

**အောင်သူရ**




# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# သက်တံ၏ အပြုံး

ထွန်းတင်တင်ခိုင် (Coop)

**သမဝါယမကို အမြင်မကြည်၊ အထင်သေးသူများထဲတွင် လူပျိုကြီး ကိုတင်ခိုင် တစ်ဦးလည်း အပါအဝင်ဖြစ်သည်။**

**ကိုတင်ခိုင်တို့အရွယ် ၁၉၅၈ ခုနှစ် မွေးဖွားသူများသည် ဆိုရှယ်လစ်စီးပွားရေးစနစ်၏ သမဝါယမပုံရိပ်၊ ဆိုးမွေကောင်းမွေကို ခံစားခဲ့ရသူများဖြစ်သည်။ သမဝါယမစီးပွားရေးကဏ္ဍသည် နိုင်ငံတော်စီးပွားရေး၏ ဒုတိယမဏ္ဍိုင်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ထိုခေတ်က အိမ်ထောင်စုစာရင်းမှာ ပါဝင်သူမိသားစုဝင်အားလုံး သမဝါယမအသင်းသားများ ဖြစ်ကြသည်။ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံထွက်ကုန်ပစ္စည်းများကို သမဝါယမအသင်းများက ဝယ်ယူဖြန့်ဖြူးခွင့် ရရှိခဲ့သည်။ ရပ်ကွက်ပြည်သူ့ဆိုင် (စားသုံးသူသမဝါယမအသင်းအရောင်းဆိုင်) မှ ဆန်၊ ဆီ၊ ဆား စသော အခြေခံစားသောက်ကုန်များအပြင် ရေနံဆီ၊ အဝတ်အထည်၊ အိမ်အသုံးဆောင်ပစ္စည်းများကို အသင်းသားပြည်သူများသို့ ဖြန့်ဖြူးရောင်းချစေခဲ့သည်။**

သို့သော် ကိုယ်ကျိုးရှာ မသမာသော၊ စီမံခန့်ခွဲမှုညံ့ဖျင်းသော အသင်းအမှုဆောင်၊ အသင်းဝန်ထမ်းများကြောင့် အသင်းသားပြည်သူများမှာ ဆန်၊ ဆီ အချိန်အတွယ် အပြည့်အဝ မရခဲ့ကြ။ နိုင်ငံပိုင်စက်ရုံများ၊ ဆန်စက်များ၊ ဆီစက်များမှ ချပေးသောခွဲတမ်းကို အမှုဆောင်လက်ထဲတွင်သာ ခွဲယူကြပြီး အသုံးမလိုသော ပစ္စည်းများကိုသာ ပြည်သူကို ရောင်းချပေးသည်။ ထိုခေတ်က အသင်းအမှုဆောင်၊ အသင်းဝန်ထမ်းများ ချမ်းသာကြွယ်ဝကြသည်။ အသင်းသားပြည်သူများအပေါ် နှိမ့်ချဆက်ဆံ၍ အနိုင်ကျင့်လေသည်။ ထို့ကြောင့် ကိုတင်ခိုင် သမဝါယမကို မုန်းလေသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းအပြီး သမဝါယမများ နာမည်ဆိုးဖြင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး မေးမှိန်လျက်ရှိရာ ကိုတင်ခိုင်သည် သမဝါယမကို မေ့သလောက်ရှိနေခဲ့သည်။

အခုတလော နေ့စဉ်ထုတ်သတင်းစာများ၊ ဂျာနယ်များ၊ ရုပ်သံအင်တာဗျူးအစီအစဉ်များတွင် သမဝါယမသတင်းများ စဉ်ဆက်မပြတ် ဖော်ပြနေသည်ကို တွေ့ရသည်။ ထိုသတင်းများကိုဖတ်၍ ကိုတင်ခိုင် အံ့လည်းသြ၊ ဝမ်းလည်းသာ၏။

အဘယ်ကြောင့်ဆိုသော် ရှမ်းပြည်နယ်မှ မုန်လာခင်းများ ကိုဗစ်ကာလကြောင့် ဈေးကွက်ပျက်၍ လေလွင့်ဆုံးရှုံးရတော့မည့် အခြေအနေဖြစ်နေကြောင်း တစ်နေ့က ငိုကြီးချက်မနှင့် နှမ အလတ်မထံမှ ဖုန်းဆက်လာသည်။ ယင်းအခြေအနေကို သမဝါယမအသင်းများက ကူညီ၍ ရှမ်းပြည်နယ်တစ်ခွင်ရှိ ဂေါ်ဖီထုပ်၊ မုန်လာထုပ်များကို ပေါက်ဈေးအတိုင်း ဝယ်ယူကာ မြန်မာပြည်အထက်ပိုင်း ပူတာအိုမှသည် မြန်မာပြည်အောက်ဖျား တနင်္သာရီအထိ တိုင်အောင် ဈေးရင်းအတိုင်း No Profit No Loss အစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော သတင်းများကိုဖတ်ရှုပြီး နှမလတ်ထံ ရင်းနှီးရန် ပေးထားသောငွေများ မဆုံးရှုံးတော့ပြီဟုတွေး၍ နှမလတ်လည်းပျော်၊ ကိုတင်ခိုင်လည်း ပျော်လေသည်။

ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ ညီငယ်များအတွက်လည်း စိတ်အေးရပြီ။ ညီငယ်တို့ သမဝါယမအသင်းသားများ၏ လယ်ယာမြေများအတွက် လယ်ယာအထောက်အကူပြုဝန်ဆောင်မှု သမဝါယမအသင်းများမှ ကုန်ထုတ်လမ်းများဖောက်ခြင်း၊ ရေသွင်းရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ အဆင့်မြင့်မြေယာများအဖြစ် ပြုပြင်ပေးခြင်း၊ ခေတ်မီစက်ကိရိယာများဖြင့် ထွန်ယက်ပေးခြင်းမှသည် အလေအလွင့် အနည်းဆုံးဖြင့် ရိတ်သိမ်းခြွေလှေ့ပေးခြင်း၊ နည်းပညာ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်ဖြင့် ပံ့ပိုးပေးခြင်းတို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက နည်းပညာများဖြင့် အရည်အသွေးစစ်ဆေးပေးထားသော အရည်အသွေးကောင်းမွန်သည့် မျိုးစပါးများကို မျိုးစေ့ထုတ် သမဝါယမအသင်းများက ဈေးနှုန်းချိုသာစွာ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည့်အတွက် ညီငယ်များအတွက် စိတ်အေးရလေပြီ။ ညီအစ်ကို မောင်နှမများအဆင်ပြေမှ လူပျိုကြီးကိုတင်ခိုင် တစ်သက်လုံး ချွေတာစုဆောင်းပြီး မောင်နှမများအား ကူညီထောက်ပံ့ပေးထားသော ငွေများပြန်ရမည်။ ယင်းငွေများပြန်ရမှ ကိုတင်ခိုင် အိမ်ထောင်ပြုမည့်ရည်ရွယ်ချက် အကောင်အထည်ဖော်နိုင်မည်။

ထို့ပြင် သမဝါယမမိသားစုများက ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် ကုသရေး ဗဟိုကော်မတီသို့ အလှူငွေများ ၁၃၀ ဒသမ ၈ သိန်းကို ပေးအပ်လှူဒါန်းခြင်းသတင်း၊ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်အသီးသီးရှိ သမဝါယမအသင်းများမှ လက်သန့်ဆေးရည်၊ နှာခေါင်းစည်း၊ လေရှူစက်နှင့် ကျန်းမာရေးသုံးပစ္စည်းများ၊ ဆေးဝါးများ၊ အလှူငွေများ၊ Quarantine Center များတွင် ကျွေးမွေးလှူဒါန်းခြင်း၊ လုပ်အားပေးကူညီခြင်း ကိုဗစ်-၁၉ ကာလအတွင်း အသင်းသားများအပြင် ဌာနဝန်ထမ်းများကိုပါ စားသောက်ကုန်များ၊ ထောက်ပံ့ငွေများလှူဒါန်း ပေးနေခြင်း စသည့်သတင်းများကို နေ့စဉ်ဖတ်ရှုနေရသဖြင့် သမဝါယမဆိုသည်ကို အထင်သေးသော ကိုတင်ခိုင်တစ်ယောက် အံ့သြပြီးရင်း အံ့သြရလေပြီ။

သို့နှင့် ကိုတင်ခိုင် သမဝါယမဦးစီးဌာနသို့ အပြေးချီတက်လေပြီ၊ သမဝါယမအကြောင်း နှံ့နှံ့စပ်စပ်သိလိုလှသည်။ သမဝါယမဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးစီးအရာရှိကလည်း ကိုတင်ခိုင်သိလိုသမျှ စိတ်ရှည်လက်ရှည် ဖြေကြားပေးသည်။

သမဝါယမသည် ကိုတင်ခိုင်ငယ်စဉ်က သမဝါယမ မဟုတ်တော့။ အတိတ်က ပုံရိပ်ဆိုးများ မရှိတော့။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နေကြတာဖြစ်ပြီး အသင်းသားတွေကို အသေးစားအရင်းအနှီးချေးငွေ ပံ့ပိုးခြင်း၊ အသင်းသား တောင်သူလယ်သမားတွေကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ဖြစ်အောင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ သွင်းအားစုထောက်ပံ့ပေးခြင်းလုပ်ငန်း၊ လယ်ယာမြေအဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း Hire Purchase စနစ်ဖြင့် စက်ကိရိယာများ ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ အသင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စံနမူနာပြ မြို့နယ်များကို ပံ့ပိုးချေးငွေထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိခဲ့ရသည်။

အသင်း၏ စီးပွားရေးလုပ်ငန်းများမှ ရရှိလာသောအမြတ်ငွေကို အသင်းနှင့် အသင်းသားအားလုံး ခံစားရသည့်အပြင် ငွေတစ်ကြိမ်ချေးတိုင်း ချေးယူငွေ၏ ၁၀ ရာခိုင်နှုန်းကို အသင်းတွင် စုဆောင်းထားရသည့်အတွက် ငွေစုဆောင်းမိခြင်း၊ ထိုစုဆောင်းထားသော ငွေများပေါ်တွင်လည်း အသင်းမှ အတိုးခံစားခွင့်ကို ချီးမြှင့်ခြင်း၊ အသင်း၏ လုပ်ငန်းမှရရှိသော အကျိုးအမြတ်များမှ လူမှုရေးနှင့် ယဉ်ကျေးမှုရန်ပုံငွေ၊ ပညာရေးရန်ပုံငွေ၊ အထွေထွေရန်ပုံငွေတို့ကို ထူထောင်ပြီး ယခုလို လူမှုရေးလုပ်ငန်းများလုပ်နိုင်ခြင်း၊ လိုအပ်သောနေရာများတွင် လှူဒါန်းနိုင်ခြင်းဖြစ်ကြောင်း သိခဲ့ရသည်။

သမဝါယမအသင်းသည် လုပ်ငန်းများဆောင်ရွက်ရာတွင် အများဆန္ဒနှင့် အညီသာ ဆောင်ရွက်ကြရပြီး၊ အခိုင်အမာထုတ်ပြန်ထားသော သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကိုလည်း သေချာစွာလိုက်နာကြရကြောင်း၊ အသင်းစည်းကမ်းတွင် ရေးသွင်းထားသော အချက်များနှင့် သွေဖည်၍ ဆောင်ရွက်မရကြောင်း သိရလေသည်။

သမဝါယမဦးစီးဌာနသည် အစိုးရအဖွဲ့အစည်းဖြစ်ပြီး သမဝါယမလုပ်ငန်းများအပေါ် ယုံကြည်၍ အသင်းဖွဲ့စည်းထူထောင်လိုသူများကို ၎င်းတို့၏ ဆန္ဒနှင့်အညီ သမဝါယမအသင်းများ ဖွဲ့စည်းပေးခြင်း၊ အသင်းအမှုဆောင်၊ ဝန်ထမ်းနှင့် အသင်းသားများကို သမဝါယမ သဘောတရားနှင့် နည်းစနစ်များ ပြန့်ပွားရေးအတွက် သမဝါယမပညာပေးခြင်းလုပ်ငန်း၊ ဖွဲ့စည်းပြီး သမဝါယမအသင်းများ ရေရှည်တည်တံ့ဖွံ့ဖြိုးစေရေး တည်ဆဲသမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ထိန်းကျောင်းတည့်မတ်ပေးခြင်း စသည့် လုပ်ငန်းများ၊ အသင်း၏စာရင်းများကို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးကြောင်း၊ ယခုဆိုရင် အသင်းသားပေါင်း ၄၂၁၂၈၃၄ ဦးပါဝင်သော သမဝါယမအသင်းပေါင်း ၃၉၅၈၂ သင်းကို ဖွဲ့စည်းထားပြီးဖြစ်၍ သမဝါယမဟူသည့် စကားရပ်ကို ဖော်ဆောင်နေသော သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းတို့သည် အသင်းသားပြည်သူတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားစေရန်နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ကျစေရန် ဆောင်ရွက်နေသော အတ္တနှင့် ပရ မျှတသောလုပ်ငန်းများကို လုပ်ဆောင်နေကြသူများဖြစ်သည်ကို သိရ၍ ကိုတင်ခိုင် ကျေနပ်လေပြီ။

ကိုတင်ခိုင်သည် ငွေကြေးပြည့်စုံ၍ ကျန်းမာရေးကောင်းမွန်သော အငြိမ်းစား စီးပွားရေးဘွဲ့ရ ပညာတတ်တစ်ဦးဖြစ်သည့်အပြင် ရပ်ရွာအရေး၌ မည်သည့်နေရာမဆို ကူညီဆောင်ရွက်တတ်သူတစ်ဦး ဖြစ်လေသည်။ ရွာရှိသမဝါယမအသင်းတစ်သင်းမှ ဥက္ကဋ္ဌမှာ အသက်အရွယ်အိုမင်းပြီး ကျန်းမာရေးမကောင်းတော့သောကြောင့် ကိုတင်ခိုင်အား ထိုအသင်း၌ ဥက္ကဋ္ဌအဖြစ် အသင်းသားများက တာဝန်ပေးရန် မကြာခဏလာပြောကြသည်။ သမဝါယမသည် ခေတ်ပြောင်းစနစ်ပြောင်းတွင် ပျောက်ကွယ်သွားပြီထင်နေသော သမဝါယမကို အထင်သေးသော ကိုတင်ခိုင်လည်း ဥက္ကဋ္ဌ မလုပ်လိုကြောင်း အတန်တန် ငြင်းခဲ့သည်။ သို့သော် ယနေ့ မွန်မြတ်သော သမဝါယမ၏ လုပ်ငန်းစဉ်များကို သိရှိရသည့်အတွက် ကိုတင်ခိုင်တစ်ယောက် မငြင်းသာတော့ပြီ။ သမဝါယမအသင်းသားအဖြစ် အစုငွေထည့်ပြီး အသင်းသို့ဝင်ရောက်၍ လာမည့်အသင်း၏ (၅) နှစ်တစ်ကြိမ် အသင်းအမှုဆောင်ရွေးချယ်ပွဲ၌ ဝင်ရောက်အရွေးခံကာ တာဝန်ပေးအပ်ပါက သမဝါယမအသင်းအကျိုး၊ အသင်းသားအကျိုးကို အစွမ်းကုန် အောင်မြင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန် ချလိုက်သည်။

အသင်းသားအဖြစ် လျှောက်လွှာတင်ရန်နှင့် အသင်းတွင် ထည့်ဝင်ရမည့် အစုငွေကို လက်ထဲတွင် ဆုပ်ကိုင်ကာ ယခုတစ်ခါ ကိုတင်ခိုင် သမဝါယမအသင်းဆီသို့ ချီတက်လေပြီ။ မိမိ၏ ဂုဏ်သိက္ခာနှင့် အရည်အချင်းကို ယုံကြည်အားကိုးသဖြင့် ရပ်ရွာမှ သမဝါယမအသင်းဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်လိုခြင်းကို သိရှိနားလည်လာသည့်အတွက် ကိုတင်ခိုင် ပီတိအပြုံးဖြင့် ကောင်းကင်သို့ အမှတ်မထင်မော့ကြည့်မိသည်။ ကောင်းကင်မှ သက်တံကြီးကလည်း ကိုတင်ခိုင်ကို နှစ်ခြိုက်စွာပြုံးပြလေ၏။ ။

> **“သမဝါယမသည် ကိုတင်ခိုင်ငယ်စဉ်က သမဝါယမ မဟုတ်တော့။ အတိတ်က ပုံရိပ်ဆိုးများ မရှိတော့။ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နေကြတာဖြစ်ပြီး အသင်းသားတွေကို အသေးစားအရင်းအနှီးချေးငွေ ပံ့ပိုးခြင်း၊ အသင်းသား တောင်သူလယ်သမားတွေကို လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်ဖြစ်အောင် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း၊ သွင်းအားစုထောက်ပံ့ပေးခြင်းလုပ်ငန်း၊ လယ်ယာမြေ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်း Hire Purchase စနစ်ဖြင့် စက်ကိရိယာများ ရောင်းချခြင်းလုပ်ငန်း၊ လယ်ယာဝန်ဆောင်မှုလုပ်ငန်း၊ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၊ အသင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စံနမူနာပြမြို့နယ်များကို ပံ့ပိုးချေးငွေထုတ်ချေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ”**

# ၂၀၂၁ ခုနှစ်တွင် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရန် ကြိုးပမ်း



၂၀၁၉ ခုနှစ်က ကျင်းပသည့် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာနှင့် အင်ဒိုနီးရှား ယှဉ်ပြိုင်နေစဉ်။
ဓာတ်ပုံ - စိုးညွန့်

**ရန်ကုန် ဇွန် ၂၁**
မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၁ ခုနှစ်တွင် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဥရောပဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် လူငယ်ဖိတ်ခေါ်ပြိုင်ပွဲကို လာမည့်နှစ်တွင် ထပ်မံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ ဥရောပဘောလုံးအဖွဲ့ချုပ်သည် အရှေ့တောင်အာရှနိုင်ငံများအတွက် အာရှဘောလုံးအဖွဲ့ချုပ်၊ အာဆီယံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းကာ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲများကို ၂၀၁၉ ခုနှစ်မှစ၍ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ကျင်းပခွင့်ရခဲ့သလို လာမည့်နှစ်တွင်လည်း ထပ်မံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၌ ကျင်းပသည့် ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပခဲ့ပြီး ဥရောပမှ မွန်တီနီဂရိုးအသင်း၊ အာရှမှ တောင်ကိုရီးယားအသင်း၊ အရှေ့တောင်အာရှမှ အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းက ချန်ပီယံဖြစ်ခဲ့ပြီး အင်ဒိုနီးရှားအသင်းက ဒုတိယ၊ မွန်တီနီဂရိုးအသင်းက တတိယရရှိကာ မြန်မာအသင်းမှာမူ အုပ်စုအောက်ဆုံးတွင် ရပ်တည်ခဲ့သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သော်လည်း ဥရောပ၊ အာရှအသင်းများနှင့် ကစားခွင့်ရခဲ့သောကြောင့် အတွေ့အကြုံကောင်းများရရှိခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ထပ်မံကျင်းပခွင့်ရရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် ယခုနှစ်တွင် ကျင်းပနိုင်ခြင်း မရှိသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်အနေဖြင့် လာမည့်နှစ်တွင် ပြန်လည်ကျင်းပဖွယ်ရှိနေပြီး ယူ-၁၆ ပြိုင်ပွဲသာ ကျင်းပဖွယ်ရှိနေသည်။

**ညီမြတ်သော်တာ**

---

○ *ကျောဖုံးမှ*

ထို့အပြင် ပီအက်စ်ဂျီအသင်း၏ အားကစားဒါရိုက်တာဖြစ်သူ လီယိုနာဒိုကလည်း ကာဗာနီနှင့် သီယာဂိုဆေးဗားလ်တို့သည် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဟု အတည်ပြုပြောကြားထားသည်။

ဘယ်လ်ဂျီယံညာခံစစ်ကစားသမားဖြစ်သူ မူနီယာ (၂၈နှစ်) သည် ပီအက်စ်ဂျီအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ အသင်းမှထွက်ခွာမည်ဖြစ်ပြီး ဒေ့ါမွန်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်နေသူဖြစ်သည်။ အီကာဒီကို ပီအက်စ်ဂျီအသင်းသို့ အမြဲတမ်းခေါ်ယူခဲ့ပြီးနောက် ကာဗာနီ(၃၃ နှစ်)မှာ ပွဲထွက်ကစားခွင့်ပိုမိုရရှိရန် ပီအက်စ်ဂျီအသင်းမှ ထွက်ခွာနေခြင်းဖြစ်ကြောင်း ထင်ကြေးပေးပြောဆိုနေမှုများလည်း ရှိနေသည်။

ကာဗာနီသည် ယခုနှစ်ရာသီတွင် ပီအက်စ်ဂျီအသင်းအတွက် လိဂ် ၁၄ ပွဲသာ ကစားထားရသေးကြောင်း၊ ရှစ်ပွဲသည် လူစားဝင်ကစားခဲ့ရပြီး လေးဂိုးသွင်းယူပေးကာ နှစ်ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ကြောင်း သိရသည်။

ကာဗာနီသည် ပီအက်စ်ဂျီအသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၀၁ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၂၀၀ သွင်းယူပေးထားနိုင်ကာ ၃၇ ကြိမ် ဂိုးရရှိအောင် ဖန်တီးပေးထားနိုင်ကြောင်း၊ ၎င်းသည် ပီအက်စ်ဂျီအသင်းကို ဆုဖလား ၁၉ လုံးရရှိအောင် ကူညီပေးထားနိုင်ပြီး ပီအက်စ်ဂျီအသင်း၏ ဂိုးအများဆုံးသွင်းယူထားသူအဖြစ်လည်း စံချိန်မှတ်တမ်းကောင်း ပိုင်ဆိုင်ထားသူဖြစ်သည်။

မူနီယာသည် ၂၀၁၆ ခုနှစ်တွင် ကလပ်ဘရုဂ်အသင်းမှ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၈ ပွဲ ပါဝင်ကစားထားပြီး ၁၃ ဂိုး သွင်းယူပေးထားနိုင်ကြောင်း မှတ်တမ်းများအရ သိရသည်။ ကာဗာနီနှင့် မူနီယာတို့သည် ချန်ပီယံလိဂ်အပြင် ပြင်သစ်ဖလားနှင့် လိဂ်ဖလားတို့ကိုလည်း လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

**အောင်ဇော်**

---

# နယူးကာဆယ်က ရှက်လ်ဖီးကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ်(၃၀)ကို တနင်္ဂနွေနေ့က ဆက်လက်ယှဉ်ပြိုင်ရာ နယူးကာဆယ်နှင့် ရှက်လ်ဖီးတို့ပွဲတွင် နယူးကာဆယ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယင်းပွဲတွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားနိုင်ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေဖြစ်ခဲ့သည်။ ဒုတိယပိုင်းမိနစ် ၅၀ တွင် ရှက်လ်ဖီးမှ အီဂန် အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး မကြာမီ ၅၅ မိနစ်တွင် နယူးကာဆယ်မှ စိန့်က ဦးဆောင်ဂိုးသွင်းယူသည်။ ဒုတိယဂိုးကို ၆၉ မိနစ်တွင် မက်ရစ်ချီက သွင်းယူပေးသည်။ ရှက်လ်ဖီးတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ၇၈ မိနစ်တွင် ဂျိုးလင်တန်က နယူးကာဆယ်အတွက် တတိယဂိုးသွင်းယူပေးပြီး ပွဲအပြီး သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ဘုန်းမောက်နှင့် ပဲလေ့စ်တို့ပွဲတွင် ပဲလေ့စ်က နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ဗီလာနှင့် ချယ်လ်ဆီးပွဲတွင် ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**သီဟ**

---

## ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆ သန်း၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးကျပ် ၃၅ ဒသမ ၂၄၀ သန်း စုစုပေါင်း တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၁ ဒသမ ၂၄၀ သန်း ဖမ်းဆီးရမိကြောင်း သိရသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံးအရွယ်အစားမျိုးစုံနှင့် ပစ္စည်းသယ်ဆောင်လာသောယာဉ်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် အဆိုပါနေ့က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Toyota Wish ယာဉ်တစ်စီးပေါ်တွင် အံဝှက်များပြုလုပ်၍ သယ်ဆောင်လာသော ကျောက်စိမ်းဟုယူဆရသည့် ကျောက်တုံး အရွယ်အစားမျိုးစုံ ၈၀၀ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသော ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆ သန်း ဖမ်းဆီးရမိကြောင်း သိရသည်။

**သတင်းစဉ်**

---

## ၁၅ နှစ်အရွယ်သမီးကို ရောင်းစားခဲ့သည့် မိခင်အရင်းနှင့် အပေါင်းပါများကို အရေးယူ

**ကျောက်မဲ ဇွန် ၂၁**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် မိခင်အရင်းဖြစ်သူက သမီးဖြစ်သူအား လွန်ခဲ့သည့် နှစ်နှစ်ခန့်က တရုတ်မယားအဖြစ် ရောင်းချခဲ့သည့် ဖြစ်စဉ်တစ်ခု ယမန်နေ့က အမှတ် (၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်၊ ကျောက်မဲစခန်းက စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လူကုန်ကူးခြင်းခံရသည့် ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက်နေ မ---(၁၇ နှစ်)သည် ဇွန် ၂၀ ရက်က အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ (ရက်ကန်းကျောင်း) သို့ ပြန်လည်ရောက်ရှိလာကြောင်း သတင်းအရ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် ကျောက်မဲမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့သည်။ မ---က ၎င်းအား လွန်ခဲ့သည့်နှစ်နှစ်ခန့်က မိခင်ဖြစ်သူ ဒေါ်---က လားရှိုးပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဖခင်ဖြစ်သူအား သွားကြည့်ရန် အမျိုးသမီးတစ်ဦးနှင့်အတူ လိမ်လည်စေလွှတ်ခဲ့ရာမှ လားရှိုးမြို့မှတစ်ဆင့် ရွှေလီမြို့သို့ ရောက်ရှိပြီး တရုတ်နိုင်ငံ ရှင်းမီမြို့တွင် နေထိုင်သူ အသက် (၃၀ နှစ်) ခန့်ရှိ တရုတ်အမျိုးသားနှင့် တစ်နှစ်နှင့်လေးလခန့် ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊ အဆိုပါတရုတ်အမျိုးသားက ဆက်လက်မပေါင်းချင်တော့ကြောင်း ပြောသည့်အခါ ၎င်းက မြန်မာနိုင်ငံသို့ပြန်ရန် ငွေတောင်းခံရာမှ အဆိုပါတရုတ်အမျိုးသားသည် ၎င်းအား တရုတ်ယွမ်ငွေ ၈၀၀၀၀ ဖြင့် ဝယ်ယူခဲ့ခြင်းကို သိရကြောင်း။

အဆိုပါတရုတ်အမျိုးသားက ကွေကျုံရဲစခန်းကို အကြောင်းကြားခဲ့ခြင်းကြောင့် ထောင် ခုနစ် လ ကျခံခဲ့ရကြောင်း၊ ကိုဗစ်ကာလအတွင်း တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးရာမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြောင်း ပြောကြားသည်။

သမီးဖြစ်သူကို လိမ်လည်၍ တရုတ်အမျိုးသားထံရောင်းစားခဲ့သည့် လူကုန်ကူးပွဲစား၊ မိခင်နှင့် ပထွေးတို့ သုံးဦးကို ကျောက်မဲမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**

---

## အင်းတော်မြို့နယ်၌ လူသတ်မှုဖြစ်ပွား

**နေပြည်တော် ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ဇွန် ၁၉ ရက်က နွားများ ဝင်ရောက်သည့်ကိစ္စနှင့်ပတ်သက်၍ စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အင်းတော်မြို့နယ် လယ်ဇင်ကျေးရွာအနီး လယ်တဲ၌ ဇွန် ၁၉ ရက် ညနေ ၅ နာရီခန့်က လယ်ဇင်ကျေးရွာနေ ဦးထွန်းဝေ(၄၇ နှစ်)နှင့် လယ်ချင်းကပ်လျက်နေ တူတော်စပ်သူ ရန်နိုင်ထွန်း (၂၂နှစ်) တို့သည် ဦးထွန်းဝေ၏ လယ်ကွက်အတွင်းသို့ ရန်နိုင်ထွန်း၏ နွားများဝင်ရောက်သည့်ကိစ္စနှင့် ပတ်သက်၍ စကားများရန်ဖြစ်စဉ် ရန်နိုင်ထွန်းက အရှည် လေးပေခန့်ရှိ တူမီးသေနတ်ဖြင့်ပစ်၊ ပေါက်ပြားရိုးဖြင့်ရိုက်နှက်ရာ ဦးထွန်းဝေတွင် ဒဏ်ရာများရရှိပြီး သေဆုံးသွားသည်။ ရန်နိုင်ထွန်းအား အင်းတော်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

## ကွန်ဟိန်းမြို့နယ်တွင် ဓားထိုးမှုဖြစ် တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရ

**နေပြည်တော် ဇွန် ၂၁**
ရှမ်းပြည်နယ် ကွန်ဟိန်းမြို့နယ်၌ ဇွန် ၂၀ ရက်က ဓားထိုးမှုဖြစ်၍ တစ်ဦးသေ၊ တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကွန်ဟိန်းမြို့နယ် ကာလိမြို့ (၅)ရပ်ကွက်နေ ဦးဖောက(၈၀နှစ်)သည် ဇနီးဖြစ်သူ ဒေါ်ပါဥနှင့်အတူ နေအိမ်၌ ဇွန် ၂၀ ရက် ည ၂ နာရီက အိပ်နေစဉ် တူဖြစ်သူ မိုင်းစံမြို့နယ် ဟိုပုံကျေးရွာနေ စိုင်းစိန္တ (၄၅နှစ်)က နေအိမ်ပေါ်သို့ တက်လာပြီး အရှည် တစ်ပေခွဲခန့်ရှိ ဓားဖြင့် ထိုးခဲ့ရာ ဦးဖောကတွင် ရင်ဘတ်ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိကာ သေဆုံးခဲ့ပြီး စိုင်းစိန္တမှာလည်း မိမိကိုယ်ကိုယ် ဓားဖြင့်ထိုးခဲ့၍ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိခဲ့သောကြောင့် စိုင်းစိန္တအား ကာလိနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

---

## အမျိုးသမီးတစ်ဦး ရထားကြိတ်မိသေဆုံး

**အင်းတော် ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဘူတာနှင့် နန့်စီးအောင်ဘူတာကြား မြေပလ္လင်ကျေးရွာထိပ်တွင် အမျိုးသမီးတစ်ဦး ဇွန်၂၀ ရက်က ရထားဖြင့် ကြိတ်မိသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်ကြီးနားဘက်မှ မန္တလေးဘက်သို့ ရထားအမှတ်(၉၃၈) အစုန်ရထားစက်ခေါင်းအမှတ်DF-2029 ကို စက်ခေါင်းမောင်း ဦးထွန်းထွန်း၊ ဦးဂါတ်ဗိုလ်၊ ဦးကျော်ကျော်ဆန်း မောင်းနှင်လာရာ နန့်စီးအောင်ဘူတာနှင့် မော်လူးဘူတာကြား အမျိုးသမီးတစ်ဦးသည် ရထားသံလမ်း အနောက်ဘက်ခြမ်းမှ အရှေ့ဘက်ခြမ်းသို့ဖြတ်ကူးစဉ် ရထားဖြင့် ကြိတ်မိခဲ့ပြီး ဒဏ်ရာများရရှိ၍ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိချိန်တွင် သေဆုံးသွားကြောင်း သိရသည်။ သေဆုံးသည့် အမျိုးသမီးမှာ ရွှယ်ဘော်ရွှယ် (၄၀နှစ်) ပေကုန်းရွာ အင်းတော်မြို့နယ်မှဖြစ်ကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# ကိုဗစ် - ၁၉ ကပ်ရောဂါဖြစ်ပွားနေသော်လည်း အမေရိကန်သမ္မတထရမ့် မဲဆွယ်စည်းရုံးပွဲပြန်လည်စတင်



အမေရိကန်သမ္မတထရမ့် အိုကလာဟိုးမားတွင် ထောက်ခံသူများနှင့် တွေ့ဆုံနေစဉ်။

ဝါရှင်တန် ဇွန် ၂၁

**အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် မတ်လအတွင်း အမေရိကန်နိုင်ငံ၌ ကိုဗစ် -၁၉ ရောဂါ စတင်ဖြစ်ပွားသည့်အချိန်မှ စတင်ကာ ပထမဆုံးအကြိမ်အဖြစ် မဲဆွယ်စည်းရုံးပွဲကို ဇွန် ၂၀ ရက်က ပြုလုပ်ခဲ့ပြီး ထောက်ခံမှုကျဆင်းနေခြင်းမှ ထောက်ခံမှုများပြန်တက်လာရေး နည်းလမ်းရှာဖွေခဲ့သည်။**

**မျှော်လင့်ခဲ့**

အမေရိကန်ကို အင်အားကြီး နိုင်ငံအဖြစ် နောက်တစ်ကြိမ် ဖန်တီးကြမယ်ဟူသော ဆောင်ပုဒ်ဖြင့် မဲဆွယ်စည်းရုံးပွဲကို ရီပတ်ဘလစ်ကန်များကြီးစိုးရာ အမေရိကန်တောင်ပိုင်းပြည်နယ် အိုကလာဟိုးမားတွင် ပြုလုပ်ခဲ့ပြီး လူပေါင်းများစွာ တက်ရောက်မည်ဟု သမ္မတထရမ့်က မျှော်လင့်ခဲ့သည်။

လူပေါင်း ၁၉၀၀၀ ဆံ့ ခန်းမတွင် ဟောပြောပွဲမစတင်မီ အပြင်ဘက်တွင် လူပေါင်း များစွာတက်ရောက်ကြရန် ထရမ့်က စီစဉ်ထားခဲ့သည်။ မတ် ၂ ရက်နောက်ပိုင်း ထရမ့်၏ မဲဆွယ် စည်းရုံးမှုမှာ မျှော်လင့်ထားသည်ထက် လူဦးရေနည်းပါးခဲ့ပြီး ခန်းမအပြင်ဘက်တွင် ပြုလုပ်ရန် ရည်ရွယ်ထားသည့် အခမ်းအနားကိုပါ ဖျက်သိမ်းလိုက်ရသည်။

တိုက်ရိုက် ထုတ်လွှင့်ပြသမှုတွင် ထိုင်ခုံအလွတ်များစွာရှိနေသည်ကိုလည်း တွေ့မြင်ရသည်။ အမေရိကန် သမ္မတရွေးကောက်ပွဲမှာ နိုဝင်ဘာလတွင် ကျင်းပတော့မည်ဖြစ်ပြီး အသက် ၇၄ နှစ်အရွယ် သမ္မတမှာ စိန်ခေါ်မှု တသီတတန်းကြီးနှင့် တွေ့ကြုံနေရသည်။ လက်ရှိကြုံတွေ့နေရသည့် ကိုဗစ် -၁၉ ကပ်ရောဂါအပြင် စီးပွားရေးအကျပ်အတည်းနှင့် ဦးတည်နေမှု၊ လူမျိုးရေးခွဲခြားမှု၊ မငြိမ်သက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

**အရေးကြီးသည့်ပွဲ**

ကိုဗစ် -၁၉ ကြောင့် စီးပွားရေးလုပ်ငန်းများပိတ်ထားခဲ့ရပြီး လူများနေအိမ်အတွင်း၌သာနေရန် ကန့်သတ်ခံထားရပြီးနောက် ယခုကျင်းပသည့်လူထုစည်းရုံးပွဲသည် နဂိုအခြေအနေအတိုင်း ပြန်ရောက်စပြုနေပြီဟု ပြသရန် ထရမ့်အတွက် အရေးကြီးသည့်ပွဲတစ်ခုဖြစ်ခဲ့သည်။ **ကျော်ဒိုနယူးစ်**


ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက် အစ်ထရီ

# ကိုဗစ်-၁၉ ရောဂါကြောင့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို ညှော်ပရိသတ်မပါဘဲ ကျင်းပ

**နယူးဒေလီ ဇွန် ၂၁**

ကုလသမဂ္ဂက အသိအမှတ်ပြုထားသည့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို အိန္ဒိယနိုင်ငံ၌ ဇွန် ၂၁ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ကျင်းပကြောင်း သိရသည်။

**အပြောင်းအလဲပြုလုပ်**

အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကို အစိုးရက ဦးစီးဦးဆောင်ကာ ကျင်းပပေးပြီး ယခင်နှစ်များကလည်း အိန္ဒိယ ဝန်ကြီးချုပ် နာရန်ဒရာ မိုဒီကိုယ်တိုင် တက်ရောက်ခဲ့သည်။ ယခုနှစ်တွင်မူ ကိုဗစ် -၁၉ ကပ်ရောဂါ ပျံ့နှံ့မှုအန္တရာယ်ကြောင့်အပြောင်းအလဲလုပ်ခဲ့ရသည်။

**ယောဂပရိသတ်တစ်ဦးဖြစ်**

အိန္ဒိယဝန်ကြီးချုပ်သည် ယောဂပရိသတ်တစ်ဦးအဖြစ် လူသိများသူဖြစ်သည်။ လက်ရှိအချိန်သည် တစ်ကမ္ဘာလုံးက ကိုဗစ် - ၁၉ နှင့် ရင်ဆိုင်နေရသည့်အချိန်ဖြစ်ပြီး ခန္ဓာကိုယ်၏ကိုယ်ခံအားစနစ်ကောင်းမွန်စေရန် လေ့ကျင့်ပေးမှုသည် အရေးပါသည်ဟု အိန္ဒိယဝန်ကြီးချုပ်က ရုပ်မြင်သံကြား မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

**ကူညီဖြစ်မည်ဟုမျှော်လင့်**

နယူးဒေလီမြို့မှ အသက် ၃၄ နှစ်အရွယ် ယောဂဆရာမတစ်ဦးကလည်း ယခုနှစ်အတွက် ယောဂကျင့်စဉ်ကို တစ်ဦးတည်းသာ လေ့ကျင့်ခဲ့ကြောင်း ကိုဗစ် -၁၉ ပျံ့နှံ့နေမှုမှာ မမေ့နိုင်စရာဖြစ်ရပ်ဖြစ်ပြီး ကပ်ရောဂါကို ကျော်လွှားနိုင်ရန် ယောဂကျင့်စဉ်သည် အကူအညီဖြစ်မည်ဟု မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

**စတုတ္ထကူးစက်မှုအမြင့်ဆုံးဖြစ်**

အိန္ဒိယနိုင်ငံတွင် လူပေါင်း ၄၁၀၀၀၀ မှာ ကိုဗစ် - ၁၉ ကူးစက်ခံထားရပြီး ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ကူးစက်မှုအမြင့်ဆုံး နိုင်ငံလည်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**


၂၀၁၇ ခုနှစ်က အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင် အပြည်ပြည်ဆိုင်ရာယောဂနေ့အခမ်းအနားတွင် ပါဝင်ခဲ့သည်ကိုတွေ့ရစဉ်။

# ကိုဗစ် - ၁၉ နှင့်ပတ်သက်ပြီး ကန့်သတ်ချက်အသစ်များ ပါလက်စတိုင်းကြေညာ

**ရမ်မလာ ဇွန် ၂၁**

ပါလက်စတိုင်းတွင် ကိုဗစ် - ၁၉ ကူးစက်ခံရမှု တစ်ရှိန်ထိုးတိုးမြင့်လာပြီးနောက် ကန့်သတ်ချက်အသစ်ကို ပါလက်စတိုင်း အာဏာပိုင်များက ကြေညာခဲ့သည်။ ပါလက်စတိုင်း ဝန်ကြီးချုပ် မိုဟာမက် အစ်ထရီက အနောက်ဘက်ကမ်း တောင်ဘက်ပိုင်းရှိ ဟာဘွန်ခရိုင်တွင် ငါးရက်ကြာ အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်မည့်အကြောင်း အပါအဝင် အခြားသောကန့်သတ်ချက်များကို ကြေညာခဲ့သည်။

ဟာဘွန်ခရိုင်တွင် ကူးစက်ခံရသူပေါင်း ၂၈၀ အထိရှိလာပြီဖြစ်သည်။ အရေးပေါ်ကော်မတီအစည်းအဝေး အပြီးတွင် ဇွန် ၂၀ ရက်ညမှစတင်ကာ ဟာဘွန်ခရိုင်တွင် ငါးရက်ကြာ အသွားအလာများပိတ်ဆို့ ကန့်သတ်လိုက်ပြီဖြစ်ကြောင်းနှင့် အနောက်ဘက်ကမ်း မြောက်ပိုင်းရှိ နာဘလက်စ်တွင်လည်း ၄၈ နာရီကြာ အသွားအလာ ပိတ်ဆို့ကန့်သတ်မှု ပြုလုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ဆေးဘက်ဆိုင်ရာ အဖွဲ့အစည်းများ ကိုဗစ် -၁၉ ထိန်းချုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် အထောက်အကူပြုစေရေး ယခုလိုဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အသစ်ချမှတ်ထားသည့် ကန့်သတ်မှုများတွင် ကုန်ပစ္စည်းစီးဆင်းမှုနှင့် လုပ်ငန်းအချို့ကို လည်ပတ်ခွင့်ပေးထားပြီး ဆေးဝါးလုပ်ငန်းနှင့် မုန့်လုပ်ငန်းများတွင် ကျန်းမာရေးဆိုင်ရာတင်းကျပ်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားသည်။

လူစုလူဝေးပြုလုပ်ခြင်းနှင့် ပွဲကျင်းပခြင်းများကို ကန့်သတ်ထားပြီး မင်္ဂလာဆောင်အခမ်းအနားကျင်းပမှုများ၊ ဘွဲ့နှင်းသဘင်အပါအဝင် ပွဲကျင်းပမှုများကိုလည်း ပိတ်ပင်ထားသည်။ ပြည်သူ့ဝန်ထမ်းများကိုလည်း ခရိုင်တစ်ခုမှ တစ်ခုသို့ သွားလာခြင်းကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

ဆင်ဟွာ

# မင်နီရာပိုလစ်တွင် ပစ်ခတ်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး ၁၁ ဦးဒဏ်ရာရ

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်ပြည်ထောင်စု မင်နီရာပိုလစ်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ၁၁ ဦးကျော်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ဖေ့စ်ဘွတ်ပေါ်တွင် ပျံ့နှံ့နေသည့်ဗီဒီယိုဖိုင်၌ ပလက်ဖောင်းပေါ်တွင် လဲကျနေသည့်သူမှာ တစ်ဦးမကရှိပြီး လူအချို့မှာလည်း ဆေးဘက်ဆိုင်ရာအကူအညီရရှိရေး အော်ဟစ်တောင်းခံနေကြသည်ကိုလည်း တွေ့ရသည်။

ဈေးဆိုင်များ၏ ပြတင်းပေါက်များပိတ်ထားသည်ကိုတွေ့ရပြီး ရဲကားများရောက်လာသည်ကိုလည်း တွေ့ရသည်။ လူ ၁၂ ဦး သေနတ်ဒဏ်ရာရရှိခဲ့ပြီးနောက် အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးမှာ သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်ဟု သိရသည်။

ကျန်ရှိသည့် ၁၁ ဦးမှာမူ အသက်အန္တရာယ်မစိုးရိမ်ရကြောင်း သိရသည်။ ယင်းသို့ပစ်ခတ်မှုနှင့်ပတ်သက်ပြီး မည်သူ့ကိုဖမ်းဆီးထားကြောင်း မသိရသေးသကဲ့သို့ သေဆုံးသည့်အမျိုးသား၏အသက်အရွယ်ကိုလည်း ပြောပြခဲ့ခြင်းမရှိပေ။ မင်နီရာပိုလစ်သည် လူမျိုးရေးခွဲခြားမှုကိုဆန့်ကျင်သည့် ဆန္ဒပြပွဲများပေါ်ပေါက်ရာ ဗဟိုချက်မနေရာလည်းဖြစ်သည်။

အေအက်ဖ်ပီ

## အာဖဂန်နစ္စတန်တွင် ကိုဗစ် - ၁၉ ရောဂါ နောက်ထပ်ကူးစက်ခံရသူ ၄၀၉ ဦး ထပ်မံတွေ့ရှိ

**ကဘူးလ် ဇွန် ၂၁**

အာဖဂန်နစ္စတန်၌ ဇွန် ၂၁ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၀၉ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက် ၂၈၈၃၃ ဦးအထိ ရှိလာခဲ့သည်ဟု ဇွန် ၂၁ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ ဇွန် ၂၀ ရက်တွင် ဆေးစစ်မှုပေါင်း ၁၀၀၇ ခုပြုလုပ်ပေးခဲ့ပြီး လူပေါင်း ၄၀၉ ဦးတွင် ကိုဗစ်-၁၉ ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှစ၍ အာဖဂန်နစ္စတန်တွင်သေဆုံးသူ ၅၈၁ ဦးအထိရှိခဲ့ပြီး ဇွန် ၂၁ ရက်အထိ လူပေါင်း ၆၄၉၅၈ ဦးကို ဆေးစစ်မှုပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

# မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မည့်အစီအစဉ်ကို ဂျပန်ရုပ်သိမ်း

**တိုကျို ဇွန် ၂၁**

ဂျပန်အစိုးရသည် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးတစ်ရပ်ကို ယခုရက်သတ္တပတ်အတွင်း ကျင်းပကာ Aegis Ashore ခေါ် မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မည့်အစီအစဉ်ကို ရုပ်သိမ်းရန် စီစဉ်နေကြောင်း သိရသည်။


ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်မည့်အစီအစဉ် ရပ်ဆိုင်းမည့်အကြောင်းကို အစိုးရက ပြီးခဲ့သည့်ရက်သတ္တပတ်တွင် ကြေညာခဲ့သည်။ ပြီးခဲ့သည့် ဇွန် ၁၉ ရက်က ဂျပန်ကာကွယ်ရေးဝန်ကြီး ကိုနိုတာရိုသည် ယာမာဂူချီ စီရင်စုသို့ သွားရောက်ခဲ့ပြီး ဒုံးကျည်ကာကွယ်ရေးစနစ် ဖျက်သိမ်းမည့်အစီအစဉ်ကို ရှင်းပြခဲ့သည်။

ကာကွယ်ရေးဝန်ကြီးသည် အာကီတာစီရင်စုရှိ အခြားတစ်နေရာသို့လည်း သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့ဝန်ကြီးများသည် အမျိုးသားလုံခြုံရေးကောင်စီ အစည်းအဝေးကို ယခုရက်သတ္တပတ်အတွင်း ကျင်းပဖွယ်ရှိသည်။

အစိုးရအဖွဲ့အနေဖြင့် လာမည့် စက်တင်ဘာလမကုန်မီ နိုင်ငံ့လုံခြုံရေးနည်းဗျူဟာအတွက် အခြားသောလမ်းကြောင်းသစ်တစ်ခုကို ဦးတည်လိုသည့်သဘောရှိကြောင်း သိရသည်။

ဝန်ကြီးများအနေဖြင့် Aegis Ashore ခေါ် မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ်နေရာတွင် အခြားဒုံးကျည်ကာကွယ်ရေးစနစ်တစ်ခုကို အစားထိုး ဖြန့်ကြက်ရန် အလေးပေးနေဟန်ရှိကြောင်း ဒေသမီဒီယာတွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



Aegis Ashore ခေါ် မြေပြင်အခြေစိုက် ဒုံးကျည်ကာကွယ်ရေးစနစ်ကို တွေ့ရစဉ်။

# သမ္မတ ထရမ့်က ဗီဇာကန့်သတ်ချက်အသစ်များကို ထုတ်ပြန်ကြေညာမည်

**ဝါရှင်တန် ဇွန် ၂၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လာမည့်ရက်ပိုင်းအတွင်း ဗီဇာကန့်သတ်ချက်အသစ်များကို ထုတ်ပြန်ကြေညာရန်ရှိကြောင်း ယမန်နေ့တွင် ပြောကြားခဲ့သည်။

အိုကလာဟိုးမားရှိ တာလ်ဆာ၌ လူထုစုဝေးမှုတစ်ခုမပြုလုပ်မီ တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း သမ္မတထရမ့်က ဗီဇာကန့်သတ်ချက်အသစ်ထုတ်ပြန်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့ခြင်းဖြစ်သည်။ ကန့်သတ်ချက်အသစ်များနှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြရန် သမ္မတထရမ့်က ငြင်းဆန်ခဲ့သော်လည်း အသစ်ထုတ်ပြန်မည့် ဗီဇာကန့်သတ်ချက်များတွင် ကင်းလွတ်ခွင့်အချို့ ပါရှိမည်ဖြစ်ကြောင်း ဝန်ခံခဲ့သည်။

စီးပွားရေး လုပ်ငန်းကြီးများအတွက် ကန့်သတ်ချက်အချို့ရှိမည်ဖြစ်ပြီး အချိန်ကာလကြာရှည်စွာ ဝင်ရောက်လာခဲ့ကြသည့် ပြည်သူအချို့အတွက် ကန့်သတ်ချက်များရှိမည်ဖြစ်ကြောင်း၊ ကန့်သတ်ချက်များမှ ကင်းလွတ်ခွင့် အနည်းအကျဉ်းလောက်သာ ရှိမည်ဖြစ်သည့်အပြင် ကန့်သတ်ချက်များမှာလည်း အတော်လေး တင်းကျပ်မည်ဖြစ်ကြောင်း သမ္မတ ထရမ့်က ပြောကြားခဲ့သည်။



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်

အမေရိကန် ပြည်ထောင်စု၌ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုကို ရင်ဆိုင်နေရချိန် ပြည်သူများ အလုပ်လက်မဲ့ဖြစ်ပွားနှုန်း အလွန်မြင့်တက်နေမှုအပြင် စီးပွားရေးအကြီးအကျယ် ထိခိုက်လျက်ရှိရာ ယင်းအခြေအနေများကိုအကြောင်းပြုကာ သမ္မတထရမ့်အနေဖြင့် ယခုနှစ်ပိုင်းတွင် ဗီဇာထုတ်ပေးမှုများကို ရပ်နားမည့် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

ယခုလုပ်ဆောင်မည့် အစီအစဉ်သည် လူဝင်မှုကြီးကြပ်ရေးကို စည်းကမ်းတင်းကျပ်ရန် သမ္မတထရမ့်၏ နောက်ထပ်လုပ်ဆောင်ချက်တစ်ခု ဖြစ်သည်။ ပြီးခဲ့သည့် ဧပြီလအတွင်းကလည်း သမ္မတထရမ့်သည် ပြည်ပနိုင်ငံသားအချို့အတွက် အမေရိကန် ဂရင်းကတ် ထုတ်ပေးမှုကို ရပ်ဆိုင်းခဲ့သည်။ **အေအက်ဖ်ပီ**

# ဇင်ဘာဘွေ ကျန်းမာရေးဝန်ကြီးကို အကျင့်ပျက်ခြစားမှုဖြင့် ဖမ်းဆီး

**ဟာရာရီ ဇွန် ၂၁**

ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ဖြစ်ပွားမှုကို တိုက်ဖျက်ရန် အစိုးရက ဆေးဝါးအထောက်အကူပစ္စည်းကိရိယာများဝယ်ယူသည့် ကန်ထရိုက်စာချုပ်များနှင့်ပတ်သက်၍ သံသယရှိမှုကြောင့် ကျန်းမာရေးဝန်ကြီးကို ဖမ်းဆီးလိုက်ကြောင်း သိရသည်။

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အေဂျင်စီက ဇင်ဘာဘွေကျန်းမာရေးဝန်ကြီး အိုဘာဒီရက် မိုရိုကို ဇွန်၁၉ ရက်တွင် ဖမ်းဆီးခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြခဲ့သည်။ အိုဘာဒီရက် မိုရိုသည် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ကန်ထရိုက်စာချုပ်များရရှိရန် ရုံးကိုအလွဲသုံးစားပြုလုပ်ခဲ့သည်ဟုဆိုကာ ၎င်းကို ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါစာချုပ်များသည် စုစုပေါင်း ဒေါ်လာသန်း ၆၀ ဖိုး တန်ကြေးရှိပြီး ၂၈ ဒေါ်လာတန်ဖိုးရှိသည့် နှာခေါင်းစည်းကဲ့သို့ တန်ဖိုးကြီး ပစ္စည်းကိရိယာများ ပါဝင်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ ဇင်ဘာဘွေနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ခံရသည့် အတည်ပြုလူနာ ၄၇၀ ကျော်ရှိပြီး ကျန်းမာရေးဝန်ထမ်းများက ၎င်းတို့၏လုပ်အားခကို ဒေါ်လာဖြင့်ပေးရန် တောင်းဆိုလျက်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၂၂ ဦးတွေ့ရှိ

**ပေကျင်း ဇွန် ၂၁**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၁ ဦးကို စစ်ဆေးတွေ့ရှိခဲ့ပြီး ပြည်တွင်းရှိ ဒေသခံပြည်သူအချင်းချင်းကြား ကူးစက်ဖြစ်ပွားခြင်း ဖြစ်ကြောင်း စည်ပင်ကျန်းမာရေးကော်မရှင်က ဇွန် ၂၁ ရက်တွင် ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ဇွန် ၁၁ ရက်မှ ၂၀ ရက်အထိ ပေကျင်းမြို့၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၂၂၇ ဦးအထိရှိခဲ့ပြီး ကူးစက်ဖြစ်ပွားမှုအားလုံးမှာ ပြည်တွင်း၌ အချင်းချင်းကူးစက်ခံရခြင်းဖြစ်ကြောင်း သိရသည်။ ရောဂါကူးစက်ခံရသူများအားလုံးမှာ ဆေးရုံများတွင် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း ပေကျင်းမြို့ စည်ပင်ကျန်းမာရေးကော်မရှင်က နေ့စဉ်သတင်းထုတ်ပြန်ချက် တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



တရုတ်နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက အမျိုးသားတစ်ဦးကို အပူချိန်တိုင်းတာနေစဉ်။

# တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအဆင့်စမ်းသပ်

**ပေကျင်း ဇွန် ၂၁**

တရုတ်ဆေးသိပ္ပံ အကယ်ဒမီလက်အောက်ရှိ ဇီဝဆေးပညာဆိုင်ရာ အင်စတီကျူက တီထွင်ထုတ်လုပ်ခဲ့သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဒုတိယအဆင့် စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း သိပ္ပံနှင့်နည်းပညာနေ့စဉ်သတင်းစာက ဇွန် ၂၀ ရက်တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေး ဒုတိယအဆင့် လက်တွေ့စမ်းသပ်မှုတွင် အဆိုပါကာကွယ်ဆေးသည် လူ၌ ဘေးကင်းမှုနှင့် ခုခံအားစနစ်တုံ့ပြန်မှုကို ထုတ်ဖော်ခြင်းဖြစ်ပြီး ယင်းစမ်းသပ်ထုတ်ဖော်မှုကို တရုတ်နိုင်ငံ ယူနန်ပြည်နယ် အနောက်တောင်ပိုင်းတွင် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေး ပထမအဆင့်စမ်းသပ်မှုကို ပြီးခဲ့သည့် မေလကစတင်ခဲ့ပြီး စမ်းသပ်မှုအတွင်း စေတနာ့ဝန်ထမ်း ၂၀၀ ကျော် ပါဝင်ခဲ့ကြသည်။

**ဆင်ဟွာ**

# ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ် – ၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်အရှိန်မြင့်နေ

**ဒါကာ ဇွန် ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဆက်လက်အရှိန်မြင့်နေပြီး ဇွန် ၂၁ ရက်တွင် ရောဂါထပ်မံကူးစက်ခံရသူ ၃၅၀၀ ကျော် ပေါ်ထွက်လာကြောင်း သိရသည်။

တိုးပွားလာသော အရေအတွက်အရ နိုင်ငံအတွင်း ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်းသည် ၁၁၂၃၀၆ ဦးရှိသွားပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးဝန်ကြီးဌာန အကြီးတန်းအရာရှိ နာဆီမာ စူလ်တန်နာက ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း တစ်ရက်အတွင်း ကိုဗစ် -၁၉ ထပ်မံကူးစက်ခံရသူ ၃၅၃၁ဦး အထိရှိပြီး ရောဂါကူးစက်မှုကြောင့် ထပ်မံသေဆုံးသူ ၃၉ ဦးအထိရှိကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူ အရေအတွက် စုစုပေါင်းမှာ ၁၄၆၄ ဦးအထိရှိလာခဲ့ကြောင်း နာဆီမာစူလ်တန်နာက ဖော်ပြသည်။ အာဏာပိုင်များ၏ ပြောပြချက်အရ ပြီးခဲ့သည့်တစ်ရက်အတွင်း သံသယရှိ လူနာအရေအတွက် ၁၅၅၈၅ ဦးကို ဗိုင်းရပ်စ်စစ်ဆေးစမ်းသပ်မှု ဆောင်ရွက်ထားကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်ရက်အတွင်း ရောဂါကူးစက်ခံရမှုမှ ပြန်သက်သာလာသည့် ကိုဗစ်-၁၉ လူနာ ၁၀၈၄ ဦးရှိကြောင်း ကြေညာခဲ့သည်။

**ဆင်ဟွာ**

# ကမ္ဘာပေါ်မှာ ကိုဗစ် - ၁၉ ဒုတိယကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်လာတဲ့ ဘရာဇီး

◇◇◇◇◇ ခြူးစန္ဒီနွေး ◇◇◇◇◇

ဇွန်လတတိယပတ်အတွင်း နိုင်ငံတကာသတင်းစာမျက်နှာမှာ အတွေ့များတဲ့သတင်းကတော့ ဘရာဇီးနိုင်ငံရဲ့ ကိုဗစ် -၁၉ ကူးစက်မှုနှုန်းဟာတစ်သန်းကျော်သွားပြီဆိုတဲ့သတင်းပါပဲ။ ကိုဗစ်– ၁၉ ကြောင့်သေဆုံးသူနှုန်းဟာလည်း ဇွန် ၁၉ ရက်မှာတော့ ၄၉၀၀၀ အထိရှိပါတယ်။

## ဒုတိယကူးစက်မှု အမြင့်ဆုံးနိုင်ငံ

ဒါကြောင့် ကမ္ဘာပေါ်မှာ အမေရိကန်ပြည်ထောင်စုပြီးလျှင် ဘရာဇီးနိုင်ငံဟာ ဒုတိယကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့ပါတယ်။ လက်ရှိ ကမ္ဘာပေါ်မှာ ဖြစ်ပွားနေတဲ့ ကိုဗစ်– ၁၉ ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းမှာ လက်တင်အမေရိကမှာ တစ်ဝက်နီးပါးရှိပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောပါတယ်။ နောက်ပြီး ဘရာဇီးနိုင်ငံမှာ ဖြစ်ပွားနေတဲ့ ကူးစက်မှုနှုန်းဟာလည်း လျော့ကျမယ့် အနေအထားမရှိသေးပါဘူး။ ဇွန် ၁၈ ရက်မှာတော့ တိုင်းပြည်အတွင်း ကိုဗစ် – ၁၉ ကူးစက်မှု အခြေအနေဟာ တည်ငြိမ်စပြုလာပြီလို့ ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် နောက်တစ်ရက်မှာတော့ ကူးစက်ခံရသူ ၅၄၇၇၁ ဦးထပ်မံတွေ့ရှိခဲ့တဲ့အတွက် မျှော်လင့်ချက်ဟာ ပြိုပျက်သွားပြန်ပါတယ်။

## စီးပွားရေးလုပ်ငန်းတွေပြန်လည်ဖွင့်လှစ်

ဘရာဇီးနိုင်ငံမှာ ကူးစက်ရောဂါဆိုင်ရာ အဖွဲ့အစည်းမှ ညွှန်ကြားရေးမှူး ဂျို့စ်ဒေးဗစ် ဘရစ်တိုကတော့ ဘရာဇီးမှာကူးစက်ရောဂါဟာ အမြင့်ဆုံးအခြေအနေအထိရောက်နေပြီလို့ပြောဖို့ စောနေလွန်းသေးတယ်လို့ ပြောပါတယ်။

ကူးစက်ခံရမှုတွေ လျော့မသွားတဲ့အပြင် နောက်ထပ်ကူးစက်မှုတွေ တွေ့နေရတာတောင် အချို့ပြည်နယ်တွေမှာ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဖွင့်လှစ်ပေးခဲ့ပါတယ်။ “ကူးစက်မှုနှုန်းအမြင့်ဆုံးရောက်နေပြီလို့ ပြောဖို့ စောလွန်းနေပါသေးတယ်။ ဘာလို့လဲဆိုရင် ကူးစက်မှုအမြင့်ဆုံး ဟုတ် မဟုတ်ကို တိုင်းတာဖို့အတွက် ရောဂါထိန်းချုပ်မှု ဖြစ်ပွားမှုနှုန်းလျော့ချဖို့နဲ့ သေဆုံးမှုနှုန်းလျော့ကျဖို့စတာတွေကို ကြည့်ပြီးတိုင်းတာရတာပါ။ ပိုပြီးတင်းကျပ်တဲ့စည်းမျဉ်းတွေနဲ့ လုပ်ဆောင်တာတွေ၊ အသွားအလာကန့်သတ်မှုလုပ်ဆောင်တာတွေကိုကြည့်ပြီး တိုင်းတာရတာလည်းဖြစ်ပါတယ်” လို့ သူက ဆက်ပြောပါတယ်။ လေ့လာမှုတွေအရတော့ တရားဝင် စာရင်းဇယားတွေမှာ ဖော်ပြမှုနှုန်းထက် မြေပြင်မှာ လက်တွေ့ကူးစက်ခံရမှုနှုန်းက ပိုပြီးများပြားတယ်လို့ ပြသနေပါတယ်။

## အတိအကျမပြောနိုင်

အသေးစားရောဂါလက္ခဏာတွေပဲ တွေ့နေရတာနဲ့ ဆေးစစ်မှုတွေ လျော့ချတာတွေကြောင့် အမှန်တကယ် ကူးစက်ခံနေရတဲ့နှုန်းထားကို သိနိုင်ဖို့ရာ အခက်အခဲတွေဖြစ်ရပါတယ်။

ယခုသီတင်းပတ်အတွင်းမှာတော့ ဘရာဇီးနိုင်ငံသား ၂၂ သန်းဟာ ကိုဗစ် -၁၉ ကူးစက်ခံထားရတယ်လို့ ဘရာဇီးပထဝီနဲ့စာရင်းအင်း အင်စတီကျုကနေ ခန့်မှန်းမှု ပြုလုပ်ခဲ့ပါတယ်။ သို့ပေမယ့်လည်းဒီလူတွေအားလုံး ကိုဗစ် -၁၉ အမှန်တကယ်ပဲ ကူးစက်ခံထားရတာလားဆိုတာကိုတော့ ဘယ်သူမှအတိအကျ မပြောနိုင်ပါဘူး။

## စီးပွားရေးနဲ့လည်း သက်ဆိုင်

ဘရာဇီးနိုင်ငံရဲ့ကိုဗစ် -၁၉ ကူးစက်မှုနှုန်းဟာစီးပွားရေးအခြေအနေနဲ့လည်း သက်ဆိုင်နေပါတယ်။ ရောဂါစောပိုင်းကာလပျံ့နှံ့စဉ်အတွင်းမှာတော့ နိုင်ငံရပ်ခြားကို မကြာခဏဆိုသလို သွားလေ့ရှိတဲ့ လူလတ်တန်းစားနဲ့ အထက်တန်းလွှာတွေရဲ့ကြားမှာပဲ ရောဂါကူးစက်ပျံ့နှံ့တာပါ။ မြို့ကြီးပြကြီးတွေဖြစ်တဲ့ ဆော်ပေါ်လို၊ ရီယိုဒီဂျနေးရိုးနဲ့ ဘရာဆီးလီးယားတို့မှာ ကူးစက်မှုတွေ စတင်တွေ့ရှိခဲ့ပါတယ်။ ပြည်တွင်းကိုပျံ့နှံ့လာတဲ့နောက်ပိုင်းမှာတော့ လူဦးရေထူထပ်တဲ့ အိမ်နီးချင်းမြို့တွေဆီကို ကူးစက်မှုတွေ ပျံ့နှံ့လာခဲ့ပါတယ်။

## ကူးစက်မှုအားကောင်းလာ

လူဦးရေထူထပ်မှုတွေ၊ အခြေခံဝန်ဆောင်မှုစနစ်တွေ ကင်းမဲ့တာကြောင့် ကူးစက်ပျံ့နှံ့မှုဟာ ပိုမိုအားကောင်းလာခဲ့ပါတယ်။ တိုင်းပြည်အတွင်းဆင်းရဲတဲ့ လူတန်းစားတွေဟာ လိုအပ်တဲ့ကာကွယ်မှုတွေ ခံယူဖို့ အခက်အခဲရှိသလို အသက်ရှင်သန်ရပ်တည်ရေးအတွက် နေအိမ် မှာပဲနေဖို့ဆိုတာ သူတို့အတွက်မဖြစ်နိုင်ပါဘူး။ ဆင်းရဲသားတွေမှာရောဂါကာကွယ်ရေးနဲ့ပတ်သက်ပြီး အားလုံးလိုအပ်ချက်ရှိနေပြီး ဆပ်ပြာရည်နဲ့ တစ်ကိုယ်ရေသန့်ရှင်းမှုကအစ လိုအပ်နေတယ်လို့ ဘရစ်တိုက ပြောပါတယ်။ နောက်ပြီး အိမ်ရာလိုအပ်ချက်ကြောင့်လည်း မိမိတစ်ကိုယ်တည်း အသွားအလာကန့်သတ်ကာ သီးခြားနေထိုင်ဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။

**“ဘရာဇီးသမ္မတကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ဘက်လိုက်တယ်လို့စွပ်စွဲပြီး အဖွဲ့ကြီးကနေ နုတ်ထွက်တော့မယ်လို့ ခြိမ်းခြောက်စကားဆိုခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မတိုင်ခင်ကလည်း အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ နုတ်ထွက်မယ်လို့ သမ္မတထရမ့်က ခြိမ်းခြောက်ခဲ့ဖူးပါတယ်။ အမေရိကန်ရဲ့စကားကို သံယောင်လိုက်ပြီး ဘရာဇီးသမ္မတကလည်း ခြိမ်းခြောက်ပြောဆိုခဲ့ပါတယ်။ အခုဆိုရင်ဘရာဇီးရဲ့ရှေ့မှာ ကူးစက်မှုအများဆုံးနိုင်ငံဆိုလို့ အမေရိကန်တစ်နိုင်ငံသာ ကျန်ပါတော့တယ်”**



ထောက်ခံသူများကို နှုတ်ဆက်နေသည့်ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုကို မေ ၂၄ ရက်ကတွေ့ရစဉ်။

## အစိုးရရဲ့အကူအညီ

အသက်ရှင်ရပ်တည်ဖို့အတွက် နေ့စဉ်ပုံမှန်ဝင်ငွေရရှိဖို့လိုအပ်ပြီး ပုံမှန်ဝင်ငွေအတွက် အလုပ်ကိုမဖြစ်မနေသွားရပါတယ်။ သူတို့မှာသာ အလုပ်မရှိဘူးဆိုရင်အသက်ရှင်ရပ်တည်ဖို့ဆိုတာလည်းဘာမှအဓိပ္ပာယ်မရှိတော့ဘူးလို့ ဘရစ်တိုက ပြောပါတယ်။ ဧပြီလမှစတင်ပြီး ဘရာဇီးအစိုးရဟာ အမေရိကန်ဒေါ်လာ ၁၁၃ သန်းဝန်းကျင်လောက်ကို သုံးလဆက်တိုက်ပုံမှန်ဝင်ငွေမရှိတဲ့ အလုပ်သမားတွေကို ကူညီပေးခဲ့ပါတယ်။ ဒါပေမယ့်လည်း ငွေကြေးလက်ခံရယူတာနဲ့ပတ်သက်ပြီး ပြဿနာတက်တာတွေလည်း အများကြီး ကြားသိရပါတယ်။ မကြာသေးမီ သီတင်းပတ်အတွင်းမှာတော့ ဘရာဇီးပြည်နယ်အစိုးရအချို့ဟာ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်လုပ်ကိုင်ခွင့်ပေးဖို့ ခွင့်ပြုပေးခဲ့ပါတယ်။

## ဘရာဇီးသမ္မတရဲ့ ယူဆချက်

ဘရာဇီးသမ္မတ ဂျာဘော်ဆွန်နာရိုကတော့ ရီယိုဒီဂျနေးရိုးနဲ့ ဆော်ပေါ်လိုမြို့တို့မှာလိုပဲ လူအချင်းချင်းခပ်ခွာခွာနေတဲ့ပုံစံ အသွားအလာကန့်သတ်စောင့်ကြည့်မှုတွေ ပြုလုပ်တာဟာ ဘရာဇီးနိုင်ငံကို ဗိုင်းရပ်စ်ကူးစက်တာထက်ပိုပြီး ဒုက္ခရောက်စေတယ်လို့ ယုံကြည်နေပါတယ်။ ဒီလိုပြုလုပ်ခြင်းအားဖြင့် ဘရာဇီးနိုင်ငံကို စီးပွားရေး နွံထဲကျဆင်းသွားလိမ့်မယ်လို့ သူက တစ်ထစ်ချယုံကြည်နေပါတယ်။ အလုပ်လက်မဲ့ပြဿနာ၊ အလုပ်တွေရပ်နားထားရလို့ဖြစ်ပေါ်လာမယ့် စီးပွားရေးပြဿနာတို့က ဗိုင်းရပ်စ်ထက်ပိုပြီး ဘရာဇီးနိုင်ငံကို အထိနာစေလိမ့်မယ်လို့ ဘရာဇီးသမ္မတက ပြောပါတယ်။

## ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပြုချက်များ

ယခုလအစောပိုင်းကလည်းကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးဟာ ကမ္ဘာ့နိုင်ငံအသီးသီးကပြည်သူတွေ၊ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေကို သွားတဲ့အခါမှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ကြဖို့ တိုက်တွန်းခဲ့ပါတယ်။ နောက်ပြီးတော့ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ခြင်းနဲ့ပတ်သက်ပြီး လိုက်နာရမယ့်အချက်တွေကိုလည်း အသစ်ထပ်မံအကြံပြုခဲ့ပါတယ်။

ကိုဗစ် -၁၉ ကူးစက်မှုတားဆီးရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက အကြံပြုထားတဲ့လိုက်နာရမယ့်အချက်တွေကတော့ မကြာခဏလက်ဆေးခြင်း၊ လူအချင်းချင်းခပ်ခွာခွာနေခြင်း၊ ရောဂါရှိတယ်လို့သံသယရှိသူကို သီးခြားထားခြင်း၊ သံသယရှိသူတွေကို စစ်ဆေးပေးခြင်းနဲ့ ၎င်းတို့နဲ့ ထိတွေ့ဆက်ဆံမိသူတွေကို ခြေရာခံလိုက်ဖို့ပဲ ဖြစ်ပါတယ်။

## ဘရာဇီးသမ္မတ ခြိမ်းခြောက်မှု

ဒါပေမယ့် ဘရာဇီးသမ္မတကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကိုဘက်လိုက်တယ်လို့စွပ်စွဲပြီး အဖွဲ့ကြီးကနေ နုတ်ထွက်တော့မယ်လို့ ခြိမ်းခြောက်စကားဆိုခဲ့ပါတယ်။ အဲဒီဖြစ်ရပ်မတိုင်ခင်ကလည်း အမေရိကန်ဟာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကနေ နုတ်ထွက်မယ်လို့ သမ္မတထရမ့်က ခြိမ်းခြောက်ခဲ့ဖူးပါတယ်။ အမေရိကန်ရဲ့စကားကို သံယောင်လိုက်ပြီး ဘရာဇီးသမ္မတကလည်း ခြိမ်းခြောက်ပြောဆိုခဲ့ပါတယ်။ အခုဆိုရင် ဘရာဇီးရဲ့ရှေ့မှာ ကူးစက်မှုအများဆုံးနိုင်ငံဆိုလို့ အမေရိကန်တစ်နိုင်ငံသာ ကျန်ပါတော့တယ်။ ဘရာဇီးဟာ အမေရိကန်ကို ကျော်တက်ပြီး ကမ္ဘာပေါ်မှာ ကူးစက်မှု အမြင့်ဆုံးနိုင်ငံဖြစ်ကောင်းဖြစ်လာနိုင်တယ်လို့လည်း ဝေဖန်မှုတွေကြားသိနေရပါတယ်။ ။

ကိုးကား – ဆင်ဟွာ

# နိုင်ငံတကာသတင်းတိုထွာ

## တောင်အာဖရိကနိုင်ငံတွင် ကိုဗစ် -၁၉ နေ့စဉ်ကူးစက်မှုနှုန်းမြင့်တက်

ကိပ်ဗ်တောင်း ဇွန် ၂၁

တောင်အာဖရိကနိုင်ငံတွင် ဇွန် ၂၀ ရက်၌ ကိုဗစ် -၁၉ ကူးစက်ခံထားရသူပေါင်း ၉၂၆၈၁ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီး ဇာဝီလီ မာဟီဇီက ပြောသည်။

ဇွန် ၁၉ ရက်က အသစ်ကူးစက်ခံရသူ ၄၉၆၆ တွေ့ရှိခဲ့သည့်အတွက် ရောဂါစတင်ကူးစက်ခဲ့သည့် မတ်လမှစတင်ကာ နေ့စဉ်ကူးစက်မှု စံချိန်အမြင့်ဆုံးဖြစ်သွားခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ် – ၁၉ ကူးစက်ခံရခြင်း ရှိ မရှိ ပြည်သူ ၁ ဒသမ ၃ သန်းကို စစ်ဆေးပေးနိုင်ခဲ့ပြီး ဖြစ်သည်။ ကိုဗစ်– ၁၉ ကြောင့် လူသေဆုံးမှုနှုန်းမှာ၂ ရာခိုင်နှုန်းရှိပြီး ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၅၄ ဒသမ ၃ ရာခိုင်နှုန်းရှိသည်။

ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၅၀၃၂၆ ဦးရှိပြီဟုလည်း သိရသည်။ ကိပ်ဗ်ပြည်နယ် အနောက်ပိုင်းမှာ ကူးစက်မှု၏ ဗဟိုချက်မနေရာဖြစ်ပြီး ၅၀၁၇၃ ဦးကူးစက်ခံထားရပြီး ၁၃၂၉ ဦးသေဆုံးခဲ့ရပြီးဖြစ်သည်။ **ဆင်ဟွာ**

## ကိုဗစ် - ၁၉ သတင်းအမှားများကြောင့် တောင်အမေရိကတွင် ပျက်စီးမှုများဖြစ်ပေါ်

ရီယိုဒီဂျနေရိုး ဇွန် ၂၁

တောင်အမေရိကရှိ အစိုးရများသည် ကိုဗစ် -၁၉နှင့် ပတ်သက်သည့်သတင်းအမှားများ၊ သတင်းတုများကို တိုက်ဖျက်နိုင်ရေး ရုန်းကန်နေရသည်။

ပီရူးနှင့် ဘိုလီးဗီးယားနိုင်ငံတို့တွင် ဖိုက်ဂျီကွန်ရက်သည် ကိုဗစ်– ၁၉ ကို ဖြန့်ဖြူးနေသည်ဟူသော သတင်းအမှားများကြောင့် အင်တင်နာတိုင်များကို ဖျက်ဆီးကြသည်။

ပီရူးကျေးလက်ဒေသရှိ ပြည်သူများသည် အင်တင်နာတိုင်ပြင်ဆင်ရန်လာသည့် အလုပ်သမား ရှစ်ဦးကို ဖမ်းဆီးထားခဲ့ကြသည်။ မိုဘိုင်းဖုန်းရေဒီယိုလှိုင်းမှတစ်ဆင့် ဗိုင်းရပ်စ်မပျံ့နှံ့နိုင်ကြောင်း လူများလက်ခံယုံကြည်လာအောင် လက်တင်အမေရိကရှိ အာဏာပိုင်များက ကြိုးပမ်းနေရသည်။

ပီရူးနှင့် ဘရာဇီးမှ လူအချို့သည် ဆေးဖက်ဝင်အပင်ကို မီးရှို့ပြီး ရှူရှိုက်ခြင်းဖြင့် ကိုဗစ် – ၁ ၉ ကို ကာကွယ်ပေးနိုင်သည်ဟု မှားယွင်းစွာ ယုံကြည်နေကြသည့်အတွက် ရှူရှိုက်ခြင်းများ ပြုလုပ်နေကြသည်။

မီးခိုးငွေ့များ ရှူသွင်းမိပြီးနောက် ဆေးရုံရောက်လာသည့် လူများရှိသကဲ့သို့ အချို့သောအိမ်များမှာလည်း မီးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည်။

အင်န်အိတ်ချ်ကေ

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀) နာရီ

၁။ (၂၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၅၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၄၅) ခု၊ စုစုပေါင်း ဓာတ်ခွဲနမူနာ (၈၉၆) ခုအား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂၀-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၄၁၅) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR) မှ ဓာတ်ခွဲနမူနာ (၂၂၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၃၆၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၃၃) ခု၊ စုစုပေါင်း (၂,၂၄၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦးတွေ့ရှိကြောင်းကို (၂၀-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၂၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၈၇)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၁-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၈၅၁) ခု |
| (၂၀-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၄၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

■ *ကျောဖုံးမှ*

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၃) ဦး | (၂၉၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၀၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၂၁-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု
ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/ မ | အမြဲတမ်း နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြု လူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွား ရာဇဝင် ရှိ / မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 288 | ၃၅ နှစ် | ကျား | လက်ပံတန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | မရှိ | ရှိ (ကာတာနိုင်ငံ) | တောင်ဥက္ကလာပ၊ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 289 | ၂၅ နှစ် | ကျား | လယ်ဝေးမြို့နယ်၊ နေပြည်တော် | မရှိ | ရှိ (ကာတာနိုင်ငံ) | တောင်ဥက္ကလာပ၊ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 290 | ၂၃ နှစ် | ကျား | ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ကာတာနိုင်ငံ) | တောင်ဥက္ကလာပ၊ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ (မရမ်းကုန်းမြို့နယ်) |

## သံဖြူဇရပ်မြို့ အသွားအလာကန့်သတ်စောင့်ကြည့်မှုစခန်းရှိ နေရပ်ပြန် ၂၁၈ ဦးအား နေရပ်အသီးသီးသို့ ပို့ဆောင်

**သံဖြူဇရပ် ဇွန် ၂၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် နယ်မြေခံတပ် အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်း၌ အသွားအလာ အကန့်အသတ်စောင့်ကြည့်မှု ၂၁ ရက် ပြည့်မြောက်သူ နေရပ်ပြန် ရွှေ့ပြောင်းလုပ်သား ၂၁၈ ဦးအား ပထမသုတ်အဖြစ် ယနေ့နံနက်ပိုင်းက ၎င်းတို့၏ နေရပ်အသီးသီးသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တာဝန်ခံများက ပြန်လည် ပို့ဆောင်ရေးစနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြောင်း သိရသည်။ (အောက်ပုံ) ပထမသုတ်အဖြစ် ပြန်လည်ပို့ဆောင်ရာတွင် မွန်ပြည်နယ်အတွင်းမှ ၂၁၃ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်ဦး၊ ကရင်ပြည်နယ်မှ သုံးဦးတို့အား ကျန်းမာရေး စစ်ဆေးမှု နှစ်ကြိမ်ပြုလုပ်ခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိသည့်အတွက် ၎င်းတို့အား မြို့နယ် ကျန်းမာရေး ဦးစီးဌာန၏ ထောက်ခံချက်နှင့်အတူ မိမိဒေသသို့ ပြန်လည်ရောက်ရှိပါက သက်ဆိုင်ရာရပ်/ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများသို့ သတင်းပို့ပြီး မိမိတို့နေအိမ်၌ ခုနစ်ရက် နေထိုင်ကြရန် တာဝန်ရှိသူများက မှာကြားသည်။

သံဖြူဇရပ်မြို့ နယ်မြေခံတပ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်း၌ နေရပ်ပြန်ပြည်သူ ၅၀၀ အား ထားရှိပြီး ဇွန် ၂၂ ရက်တွင် ၁၇၇ ဦးနှင့် ၂၃ရက်တွင် ၁၀၅ ဦး တို့အား ဆက်လက်၍ ပြန်လည် ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသီ (ပြန်/ဆက်)



## ခန္တီးခရိုင် မိုဝိုင်းလွတ်မြို့ရှိ ဆေးရုံအတွက် Win Win Organization က အခြေခံဆေး ၆၁ မျိုးနှင့် ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

**မိုဝိုင်းလွတ် ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် မိုဝိုင်းလွတ်မြို့ ဆေးရုံအတွက် အခြေခံဆေး ၆၁ မျိုးနှင့် ကိုဗစ် -၁၉ ကာကွယ်ရေး ပစ္စည်းများကို မေလတတိယပတ်က Win Win Organization က ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းသည့် ပစ္စည်းများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုဝိုင်းလွတ်မြို့မှ (ရုပ်သံ-၃) ဦးနိုင်းခွီရှိန်းက ပေးအပ်ပြီး မြို့အုပ်ချုပ်ရေးမှူး ဦးရဲပိုင်အောင်နှင့် မြို့ဆေးရုံတာဝန်ခံ ဆရာမ ဒေါ်တင်တင်ယဉ်တို့က လက်ခံခဲ့သည်။

ထို့အပြင် ကိုဗစ်-၁၉ အတွက်ဒေါက်တာရီရီချို မိသားစုက လည်း အလှူငွေ ကျပ်တစ်သိန်း ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

"ယခုလို ဆေးရုံအတွက်လိုအပ်နေတဲ့ အခြေခံဆေး ၆၁ မျိုးကို လှူဒါန်းပေးတဲ့ Win Win အဖွဲ့သားအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်။ လှူဒါန်းတဲ့ဆေးတွေကိုလည်း ဒေသခံပြည်သူတွေအတွက် အမှန်တကယ်အသုံးပြုပေးနေပါတယ်" ဟု ဆေးရုံတာဝန်ခံ ဆရာမ ဒေါ်တင်တင်ယဉ်က ပြောသည်။

ဆလိုင်းနိုင်းခွီရှိန်း ( ပြန်/ ဆက်)

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် ဇွန် ၂၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ်- (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသန ဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန် များအသင်းမှ စေတနာဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှ စတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# အမ်းမြို့နယ်၌ လူမှုရေးပင်စင်ရရှိသည့် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် နှစ်နှစ်အောက် ကလေးငယ်များအား ထပ်ဆောင်းထောက်ပံ့

**အမ်း ဇွန် ၂၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် အသက် ၈၅ နှစ်အထက် လူမှုရေးပင်စင်ရရှိသည့် ဘိုးဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ အသက် နှစ်နှစ်အောက်ကလေးငယ်များကို ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားကာလ၌ ထပ်ဆောင်းထောက်ပံ့ငွေ တစ်ဦးလျှင် ငွေကျပ် သုံးသောင်း ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။


အဆိုပါ ထပ်ဆောင်းထောက်ပံ့ငွေကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်အေးနှင့် တာဝန်ရှိသူများက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (OSS) ခန်းမ၌ ဇွန် ၁၉ ရက်က လူဦးရေ ၆၈၃ ဦးအတွက် ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများထံသို့ လွှဲပြောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

မြို့ပေါ်ရပ်ကွက်များရှိ အသက် ၈၅ နှစ်အထက် ဘိုးဘွား ၄၁ ဦးအား လူမှုရေးပင်စင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် တတိယ သုံးလပတ် (ဧပြီ၊ မေ၊ ဇွန်) လများအတွက် တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားကာလ ထပ်ဆောင်းထောက်ပံ့ငွေ ငွေကျပ် သုံးသောင်း စုစုပေါင်းငွေကျပ် ၆၀၀၀၀ ကျပ်ကို အိမ်တိုင်ရာရောက် သွားရောက်၍ ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ကျန်ရှိသည့် ကျေးရွာ အုပ်စုများမှ လူမှုရေးပင်စင်ရရှိသည့် အသက် ၈၅ နှစ် အထက် ဘိုးဘွား ၄၂၅ ဦး၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂)နှစ်အောက် ကလေးငယ်များ ၄၆၂၀ အား ထောက်ပံ့ပေးရန် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးမင်းထွန်း (ပြန်/ဆက်)**






**COVID-19 ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်ရန် ပြည်သူများအား နှိုးဆော်ခြင်း**

မိမိတို့နိုင်ငံတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုအား ဆက်လက်ထိန်းချုပ်ထားနိုင်ရန်အတွက် **အနည်းဆုံး အောက်ပါအချက် (၄) ချက်ကို ကိုယ်တိုင်မဖြစ်မနေ လိုက်နာကျင့်သုံးရုံသာမက မိမိ၏ မိသားစုဝင်များနှင့် အခြားသူများပါ လိုက်နာကျင့်သုံးစေရန် တိုက်တွန်းပေးပါ။**

(က) တတ်နိုင်သမျှ မိမိတို့၏ နေအိမ်တွင်သာ နေထိုင်ပြီး လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို လူစုလူဝေးရှိရာ နေရာများသို့ သွားသည့်အခါတိုင်း မဖြစ်မနေ တပ်ဆင်ကြပါရန်။

(ဂ) အခြားသူများနှင့် တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်။

(ဃ) လက်ကို ရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့် (၂၀) ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန် (သို့မဟုတ်) လက်သန့်စင်ဆေးရည်နှင့် ဆေးကြောကြပါရန်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ် တုံ့ပြန်ရေးဆိုင်ရာအသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့်စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင်နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

- စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့်ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
- အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေးဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
- စခန်းများတွင်နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
- စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
- အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့်နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံးဝ (လုံးဝ) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့်ချုပ်ထားသည့် ပါးစပ်နှင့်နှာခေါင်းစည်းကို နေ့စဉ်သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
- စခန်းတွင်းသို့ ပြင်ပမှ ဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
- COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့်အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ် (SMS) ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
- COVID–19 ရောဂါလက္ခဏာများ တွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်း လုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
- စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
- COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဇွန် ၂၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ သုံးဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၀ ရှိသွားပြီ

နေပြည်တော် ဇွန် ၂၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ သုံးဦးထပ်မံတွေ့ရှိသဖြင့် ရောဂါပိုးရှိသူ စုစုပေါင်း ၂၉၀ ရှိသွားပြီဖြစ်ကြောင်း၊ ပိုးတွေ့ရှိသူ သုံးဦးမှာ ကာတာနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၂၉၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၂၀၀ ရှိပြီး ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၈၃ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၂၀၇၀ | ၂၉၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၀၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၅၇၁၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၁၈၃ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ရခိုင် | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၁-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၂၁-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၃၁၅၅၀ | ၉၇၃၀၅၅ | ၁၂၂၀၀၃ |
| ၂။ | ဘရာဇီး | ၁၀၇၀၁၃၉ | ၅၄၃၁၈၆ | ၅၀၀၅၈ |
| ၃။ | ရုရှား | ၅၈၄၆၈၀ | ၃၃၉၇၁၁ | ၈၁၁၁ |
| ၄။ | အိန္ဒိယ | ၄၁၅၆၂၄ | ၂၃၀၅၈၆ | ၁၃၃၄၇ |
| ၅။ | ဗြိတိန် | ၃၀၃၁၁၀ | စိစစ်ဆဲ | ၄၂၅၈၉ |
| ၆။ | စပိန် | ၂၉၃၀၁၈ | စိစစ်ဆဲ | ၂၈၃၂၂ |
| ၇။ | ပီရူး | ၂၅၁၃၃၈ | ၁၃၈၇၆၃ | ၇၈၆၁ |
| ၈။ | အီတလီ | ၂၃၈၂၇၅ | ၁၈၂၄၅၃ | ၃၄၆၁၀ |
| ၉။ | ချီလီ | ၂၃၆၇၄၈ | ၁၉၆၆၀၉ | ၄၂၉၅ |
| ၁၀။ | အီရန် | ၂၀၄၉၅၂ | ၁၆၃၅၉၁ | ၉၆၂၃ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၁ – ၆ – ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၅၈၉၁ | ၁၈၄၀၄ | ၂၄၆၅ |
| စင်ကာပူ | ၄၂၀၉၅ | ၃၄၂၂၄ | ၂၆ |
| ဖိလစ်ပိုင် | ၃၀၀၅၂ | ၇၈၉၃ | ၁၁၆၉ |
| မလေးရှား | ၈၅၇၂ | ၈၁၅၆ | ၁၂၁ |
| ထိုင်း | ၃၁၄၈ | ၃၀၁၈ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၇ | ၀ |
| မြန်မာ | ၂၉၀ | ၂၀၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၇ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့်မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါမပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေး အခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသောအာဟာရ မှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများ ဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

စိတ်ဖိစီးမှုသည် ဘဝတွင် ကြုံတွေ့ရတတ်သည့် သာမန်ဖြစ်ရိုးဖြစ်စဉ် ခံစားမှုတစ်ခုဖြစ်သော်လည်း စိတ်ဖိစီးမှုဆိုင်ရာ အခြေခံအချက်များကို သိရှိပြီး ဖြေရှင်းနိုင်စွမ်းရှိရမည် ဖြစ်သည်။ စိတ်ဖိစီးမှုသည် ထိုဖြေရှင်းနိုင်စွမ်းကို ကျော်လွန်ခြင်း(သို့မဟုတ်) ပြင်းထန်များပြားလာခြင်းများရှိသည့်အခါ စိတ်မောပန်းကျဆင်းသည့်အဆင့်သို့ ရောက်ရှိသွားနိုင်ပါသည်။

စိတ်ဖိစီးမှုလက္ခဏာများမှာ အိပ်စက်မှုပြဿနာရှိခြင်း၊ အလွန်တက်ကြွခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အစာအိမ်/အူလမ်းကြောင်း ပြဿနာရှိခြင်း၊ ခေါင်းကိုက်ခြင်း/ ကိုယ်လက်ကိုက်ခဲခြင်း၊ ဒေါသထွက်ခြင်း၊ ကြောက်လန့်တုန်လှုပ်ခြင်း၊ ပူဆွေးသောကရောက်ခြင်း၊ ဝမ်းနည်းခြင်း၊ အပြစ်ရှိသည်ဟု ခံစားရခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မှတ်ဉာဏ်ဆိုင်ရာ ပြဿနာရှိခြင်း၊ မကောင်းတွေးခြင်း၊ ယုံကြည်မှုပျောက်ဆုံးခြင်း၊ ပျင်းရိခြင်း၊ အထီးကျန်ခြင်း၊ အခြားသူများကို အပြစ်တင်ခြင်း၊ လုပ်ဆောင်နိုင်စွမ်း ကျဆင်းလာခြင်းတို့ ခံစားရခြင်းတို့ ဖြစ်ပါသည်။

ထိုခံစားရမှုများကို မှန်ကန်သော နည်းလမ်းများဖြင့် ရင်ဆိုင်ဖြေရှင်းမှုမပြုပါက ဆိုးရွားသော စိတ်မောပန်း ကျဆင်းသည့်အဆင့်သို့ရောက်ရှိသွားပြီး ပြဿနာများကို ဆက်လက်ရင်ဆိုင်ဖြေရှင်းနိုင်စွမ်း လုံးဝမရှိတော့ခြင်းစသည့် နောက်ဆက်တွဲဆိုးကျိုးများ ခံစားရနိုင်ပြီး ရေရှည်တွင် လူမှုစီးပွားအခက်အခဲများကို ရင်ဆိုင်လာရမည်ဖြစ်သည်။ ထိုအဆင့်သို့မရောက်မီ စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုကိုခံယူရန် လိုအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာအထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် **"စောစောရှာ"** Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင်၊ ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး၊ ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့် **"စောစောရှာ"** Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့် ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများ သွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါ ကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း ၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင် ဖြစ်စေ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ **"စောစောရှာ"** Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်းအပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်း အော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လ သက်တမ်းရှိသော 1GB အင်တာနက်အခမဲ့ အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများနေအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် **"စောစောရှာ"** Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည် မဟုတ်ဘဲ၊ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြား မသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့် မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် **"စောစောရှာ"** Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကင်းမြို့နယ်အတွင်း အခြေခံပြည်သူ ၅၅၅ ဦးကို အခြေခံစားသောက်ကုန်များလှူဒါန်း

**ရန်ကုန် ဇွန် ၂၁**

မရမ်းကုန်းမြို့နယ်အခြေပြု ကောက်ရိုးနွယ်လူမှုအကျိုးပြု ပရဟိတအဖွဲ့က ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း အခြေခံပြည်သူများ စားဝတ်နေရေး အဆင်ပြေစေရန် တတိယအကြိမ်မြောက် အလှူကို ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၈) ရပ်ကွက်ရှိ အခြေခံပြည်သူ ၅၅၅ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀ တန်ဖိုးရှိ အခြေခံစားသောက်ကုန်များကို ယနေ့ နံနက် ၁၀ နာရီက သွားရောက်လှူဒါန်း ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါ လှူဒါန်းမှုအတွက် ကောက်ရိုးနွယ်လူမှုအဖွဲ့နှင့် ဦးဖုန်းမြင့်အောင် ဦးဆောင်သော သူငယ်ချင်း ၁၂ ဦးတို့က ပံ့ပိုးထည့်ဝင်ငွေများ စုပေါင်းကာ လှူဒါန်းခြင်းဖြစ်ကြောင်း၊ လူတစ်ဦးလျှင် ဆန်နှစ်ပြည်၊ ကြက်သွန်နီ၊ အချိုမှုန့်၊ ဆား၊ ခေါက်ဆွဲထုပ်များကို လူတစ်ဦးလျှင် တန်ဖိုး ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ကိုဗစ်-၁၉ ကာလအတွင်း တတိယအကြိမ် လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယနေ့လှူဒါန်းမှုတွင် ရန်ကင်းမြို့နယ် အမှတ်(၈) ရပ်ကွက် လမ်းအလိုက် လမ်းသူလမ်းသားများ စနစ်တကျစီတန်း၍ လက်ခံယူစနစ်ဖြင့်ပေးလှူခဲ့ပြီး ကန်ဘဲ့ ဘူတာဈေးအနီး ဈေးရောင်းချသူများ၊ အနေးယာဉ်လုပ်သားများကို "ပိုသူမှ လိုသူကို" ပေးလှူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

## သုံးခွမြို့ပြည်သူ့ဆေးရုံသို့ ကိုဗစ်-၁၉ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်း

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ ပြည်သူ့ဆေးရုံတွင် ဇွန် ၂၀ရက်က ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုး၍ ဖွံ့ဖြိုးရေးမဏ္ဍိုင်အဖွဲ့ Helvetas Myanmarနှင့် Partnership for Transparency အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်နေသည့် PEACE Projectနှင့် Rangoon Community Network တို့မှ ပါဝင်ပူးပေါင်းကာ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ လာရောက်လှူဒါန်းသည်။

လှူဒါန်းမှုတွင် အယ်လ်ကိုဟောတစ်လီတာ ၁၀ ပုလင်း၊ လက်အိတ် ၂၀၀၀၊ မျက်နှာကာ အခု ၅၀၊ N-95 အခု ၇၀၊ ဒက်တော ၁ ဒသမ ၈ လီတာ ခြောက်ပုလင်း၊ နှာခေါင်းစည်းအခု ၁၀၀၀၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ လေးစုံ၊ Apron အခု ၃၀၊ ပလတ်စတစ်ခေါင်းစွပ် အခု ၁၀၀၊ ပါရာစီတမောဆေးကတ် ၁၃၀၊ Cetirizine ဆေးကတ် ၁၀၀ တို့ ပါဝင်ပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဇော်ဝင်းသန်းက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုကျော် (သုံးခွ)**

## ပခုက္ကူမြို့၌ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ပြုငွေထုတ်ပေး

**ပခုက္ကူ ဇွန် ၂၁**

ပခုက္ကူမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသည့် အလုပ်ဌာနများအနက် လူမှုဖူလုံရေး ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းရရှိသည့် အာမခံအလုပ်သမား ၁၅၅၄ ဦးအား ဇွန် ၁၉ ရက်က အဆိုပါရုံးတွင် လူမှုဖူလုံရေး ထောက်ပံ့ကူညီခံစားခွင့်ပြုငွေများ ထုတ်ပေးသည်။

ခွင့်ပြုငွေများရရှိသည့် Myanmar Effort အထည်ချုပ်စက်ရုံမှ အလုပ်သမား ၈၉၉ ဦး၊ Full Rich Garment အထည်ချုပ်စက်ရုံမှ အလုပ်သမား ၃၅၆ ဦး၊ Myanmar Kuroda လက်အိတ်စက်ရုံမှ အလုပ်သမား ၆၅ ဦး၊ Myanmar Welform အထည်ချုပ်စက်ရုံမှ အလုပ်သမား ၁၈၄ ဦး၊ KEB Hanna Microfinance မှ အလုပ်သမား ၁၉ ဦး၊ M9 Public Co Ltd မှ အလုပ်သမားလေးဦး၊ ကျော်မွေးမြူရေး အစာစပ်စက်ရုံမှ အလုပ်သမား ကိုးဦး၊ ရွှေပြည်ဟိန်းဟိုတယ်မှ အလုပ်သမားငါးဦး၊ ရှုတိုင်းယဉ်ဖိနပ်မှ အလုပ်သမား ငါးဦး စုစုပေါင်း အလုပ်သမား ၁၅၅၄ ဦးအတွက် ငွေကျပ်သိန်းပေါင်း



၂၀၈သိန်းတို့ကို ပခုက္ကူမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်နိုင်ဝင်း၊ ပခုက္ကူခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒုတိယခရိုင် ကျန်းမာရေးမှူး ဒေါက်တာဝင့်နိုင်၊ ပခုက္ကူမြို့ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်တင်၊ မြို့နယ်လူမှုဖူလုံရေးရုံး တာဝန်ခံဆရာဝန် ဒေါက်တာ သူရကိုကိုတို့က ပေးအပ်ကြသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုအား ကာကွယ် ထိန်းချုပ်နိုင်ရေးအတွက် ယာယီရပ်နားခဲ့ရသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၈၃/၂၀၂၀)နှင့်အညီ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေ ပုဒ်မ ၁၃(ခ) (၂) နှင့် ဥပဒေပုဒ်မ ၁၀၀ တို့အရ ၁/၂၀၂၀ လအတွက် ထည့်ဝင်ကြေး ပေးသွင်းထားသည့် အာမခံအလုပ်သမားခံစားခွင့် ၄၀ ရာခိုင်နှုန်း စိစစ်ခွင့်ပြု ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်စီမံကိန်းချေးငွေများ ပြန်လည်ထုတ်ချေး

**ဗန်းမောက် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် ကိုဗစ်-၁၉ လမ်းညွှန်ချက်နှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများကို ယနေ့နံနက်ပိုင်းက သရက်ကုန်းကျေးရွာ ဘုန်းကြီးကျောင်း၌ တောင်သူများအား ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မိုးဦးကျကာလ စိုက်ပျိုးချိန်အမီ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေ ငွေကျပ် ၃၃ ဒသမ ၃ သန်းကို ဝေသုက္ခီကျေးရွာနှင့် သရက်ကုန်းကျေးရွာတို့ကို ငွေထုတ်ချေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကျန်းမာရေး အသိပညာပေး လမ်းညွှန်ချက်များနှင့်အညီ လက်ဆေးစေခြင်း၊ ကိုယ်အပူချိန်တိုင်းခြင်းတို့ ဆောင်ရွက်စေပြီး တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ အလှည့်ကျတန်းစီစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်က ပြောသည်။

ချေးငွေထုတ်ချေးပေးရာတွင် မွေးမြူရေးလုပ်ငန်းအတွက် အသင်းသား ၃၃ ဦးကို ငွေကျပ် ၂၂ ဒသမ ၁၅ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် အသင်းသား ၁၂ ဦးကို ငွေကျပ် ၁၁ ဒသမ ၁၅ သန်း၊ စုစုပေါင်း အသင်းသား ၄၅ ဦးကို ၃၃ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

**မွေးကြူဇင်**

## မင်္ဂလာတောင်ညွန့်တွင် ပရဟိတအဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များထောက်ပံ့



ပရဟိတအဖွဲ့ဝင်များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ ပေးအပ်စဉ်။

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေစဉ် ကာလများအတွင်း မြို့နယ်၏ အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသောပရဟိတ အဖွဲ့များအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ဝင်းက မြို့နယ်အတွင်း ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရသည့် လူနာနှစ်ဦးရှိခဲ့သော်လည်း ဝိုင်းဝန်းကြိုးပမ်းမှုကြောင့် ဆက်လက်ကူးစက်မှုများမရှိဘဲ အောင်မြင်စွာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး မြို့နယ်အကျိုးအတွက် လက်တွဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်က ပရဟိတအဖွဲ့များ အခက်အခဲများရှိပါက ကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဖို့မြေရပ်ကွက် ပရဟိတအသင်း၊ မေတ္တာပီတိပရဟိတ လူမှုကူညီစောင့်ရှောက်ရေးအသင်းနှင့်ပုသိမ်ညွန့် လူမှုကူညီစောင့်ရှောက်ရေးအသင်းတို့မှ အသင်းသား အသင်းသူ ၃၇ ဦး တို့အတွက် အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နှင့် ပဲတို့ကို မြို့နယ်တာဝန်ရှိသူများက ပေးအပ်ကြရာ ပရဟိတအဖွဲ့ဝင်များက လက်ခံယူကြကြောင်း သိရသည်။

**ချစ်စုဝေ(ပြန်/ဆက်)**

## လေရှီးနှင့် လဟယ်မြို့နယ်များရှိ ကျေးရွာများအား ရေရရှိရေးဆောင်ရွက်

**လဟယ် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီးနှင့် လဟယ်မြို့နယ်များရှိ ကျေးရွာများအား မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နေမှုများမှာ လေရှီးမြို့နယ်တွင် ငကျန်၊ မိုဒွန်ရွာမ၊ မယလုံကျေးရွာများတွင် ရေတားတမံဆောင်ရွက်ခြင်း၊ ပိုက်ဆက်မြေဖို့ခြင်းနှင့် ရေလှောင်ကန်များတည်ဆောက်ခြင်းစသည့် လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ လဟယ်မြို့နယ်တွင် မွန်ထွေ၊ တာမောင်၊ ပေဖူး၊ ဝမ်တုံနောက်အင်း၊ ဂဟုန်းကျေးရွာများတွင် စိမ့်စမ်းရေသွယ်တန်းခြင်း၊ ဂါလန် ၅၀၀၀ ဆံ့နှင့် ဂါလန် ၁၀၀၀ ဆံ့ရေကန်များ တည်ဆောက်ခြင်းနှင့် ရေဖမ်းကန်များပြုလုပ်ပေးခြင်းစသည့်လုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ လေရှီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးခေါင်းပေါ့က ပြောသည်။

**မွေးကြူဇင်**

## မော်လမြိုင်ကျွန်း၌ သင်ရိုးသစ်သတ္တမတန်းနှင့် ဒသမတန်းသင်တန်းများ ဆက်လက်ဖွင့်လှစ်မည်

**မော်လမြိုင်ကျွန်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်တွင် သတ္တမတန်းနှင့်ဒသမတန်း သင်ရိုးသစ်သင်တန်းများကို ကိုဗစ်-၁၉ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ပို့ချရန် မြို့နယ်ပညာရေးမှူးရုံးမှ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"သင်တန်းတွေကို ဆက်လက်ဖွင့်လှစ်ပေးသွားမှာပါ။ ဖွင့်လှစ်ရာမှာလည်း ကိုဗစ်- ၁၉ ရဲ့ ချမှတ်ထားတဲ့ စည်းကမ်းတွေနဲ့အညီ မြို့နယ်ပညာရေးမှူးရုံးမှ ကြီးကြပ်ဖွင့်လှစ်ပေးသွားမှာဖြစ်ပါတယ်" ဟု မြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းဦးက ပြောသည်။

ယင်း သတ္တမတန်းသင်ရိုးသစ်သင်တန်းကို ဇွန် ၂၂ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ပြီး ဆရာ ဆရာမ ၉၀၀ တက်ရောက်ကြမည်ဖြစ်ကာ နည်းပြ ၃၄ ဦးတို့က သင်ကြားပို့ချပေးမည်ဖြစ်သည်။

ထို့နောက် ဒသမတန်းကို ဇွန် ၂၉ ရက်မှ ဇူလိုင် ၈ ရက်အထိ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး ဆရာ ဆရာမ ၁၈၂ ဦး သင်တန်းတက်ရောက်ကြမည်ဖြစ်သည်။

**မော်ကျွန်း - မြင့်အောင်**





### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၆ - ၂၀၂၀

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၇၀ | ကျပ် | ၅၆၀/၅၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၈၀ | ကျပ် | ၅၇၀/၅၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၆၀/၅၁၀ | ကျပ် | ၅၃၀/၅၄၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၁၀ | ကျပ် | ၆၅၅/၆၇၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၇ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၀၂ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၆ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၉ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၅၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၅၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၅ . ၆၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၆ . ၆၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ . ၀၆၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၀၅၀၀ | ၁၆၈၂ | ၁၈၅၀၁၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၂၄၅၀ | ၉၃၃၇၅၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၁ | ၈၃၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၁ | ၂၃၀၀၀ |
| TMH | ၂၈၅၀ | ၂၈၀၀ | ၃၀၀၁ | ၈၄၀၂၈၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၈၃၀ | ၂၂၄၁၀၀၀ |

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ (၂၁) ရာစု ကျွမ်းကျင်လိမ္မာမှု



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

**ကျွန်တော်ဟာ ကျောင်းဆရာပါ။ စာသင်ရတာကို ဝါသနာပါတယ်။ ကိုယ်တတ်သမျှကို မျှဝေရတာ ကျေနပ်တယ်။ ဒါပေမယ့် အခုလိုဆောင်ရွက်တဲ့အခါ ဂရိအတွေးအခေါ်ပညာရှင်ကြီး ဆိုကရေးတီးရဲ့ အဆိုအမိန့်တစ်ခုကို အမြဲရင်ထဲမှာ ကိန်းဝပ်အောင် သတိထားပါတယ်။ "ကျွန်တော် ဘယ်သူ့ကိုမှ မသင်နိုင်ပါဘူး။ စဉ်းစားတတ်အောင်သာလုပ်ဆောင်နိုင်မှာဖြစ်တယ်" ဒီအဆိုအမိန့်ကို ကျွန်တော်လက်ခံတယ်။ သင်ကြားတာမဟုတ်ဘဲ စဉ်းစားလာအောင်၊ စဉ်းစားတတ်အောင် လုပ်ပေးရမှာသာဖြစ်တယ်။ ကိုယ်ပိုင်စဉ်းစားဉာဏ်နဲ့ ကိုယ်ပိုင်အဆုံးအဖြတ်ပေးရမှာ။**

### စွန့်ဦးတီထွင်မှုကို အခြေခံ

မျက်မှောက်ခေတ်ကာလမှာ စတုတ္ထစက်မှုတော်လှန်ရေးရောက်နေပြီလို့ ပြောနေကြတယ်။ စီမံခန့်ခွဲမှုပညာဟာ ပထမစက်မှုတော်လှန်ရေးကာလမှာ ပေါ်ပေါက်လာခဲ့တာဖြစ်တယ်။ ဒါကြောင့် ပထမစက်မှုတော်လှန်ရေးကို ကျွန်တော် စိတ်ဝင်စားခဲ့တာ၊ ရေနွေးငွေ့ကို အခြေခံပြီး စက်မှုလက်မှုလုပ်ငန်းတွေ၊ စက်ရုံအလုပ်ရုံတွေပေါ်ထွန်းလာခဲ့တယ်။ ၁၇၀၀ ပြည့်နှစ် နောက်ပိုင်းကစပြီး ပေါ်ပေါက်လာတာ။ ဒုတိယစက်မှုတော်လှန်ရေးကို မောင်းနှင်တာက လျှပ်စစ်စွမ်းအားပဲ ဖြစ်တယ်။ ၁၈၀၀ ပြည့်နှစ်မှာ ပေါ်ပေါက်လာခဲ့တယ်။ တတိယစက်မှုတော်လှန်ရေးကတော့ ၁၉၀၀ ပြည့်နှစ်မှာ ပေါ်ပေါက်လာခဲ့ပြီး ကွန်ပျူတာနည်းပညာတွေက မောင်းနှင်ခဲ့တာ။ မျက်မှောက်ခေတ်မှာတော့ စတုတ္ထစက်မှုတော်လှန်ရေးကာလဖြစ်ပြီး ဆက်သွယ်မှုကို အခြေခံတာဖြစ်တယ်။ တချို့က ပဉ္စမစက်မှုတော်လှန်ရေးခေတ်ကျရောက် နေပြီလို့ သတ်မှတ်ကြတယ်။ စွန့်ဦးတီထွင်မှုကို အခြေခံပြီး မှန်ကန်တဲ့ဦးတည်ချက်နဲ့ အားလုံးပါဝင်ပတ်သက်မှုအပေါ် အခြေခံထားတယ်လို့ဆိုကြတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့အနေနဲ့ စတုတ္ထနဲ့ပဉ္စမစက်မှုတော်လှန်ရေးခေတ်အတွင်း ရှင်သန်ပြီး အောင်မြင်အောင်ကြိုးစားရမှာဖြစ်ပါတယ်။

### ကျန်တဲ့ကဏ္ဍတွေမှာလည်း တော်ဖို့လို

ကျွန်တော်တို့ငယ်ငယ်က မိဘတွေ၊ ဆရာဆရာမတွေက စာတော်ဖို့ တိုက်တွန်းအားပေးခဲ့တယ်။ စာတော်မှုမှာ အရေး၊ အဖတ်နဲ့အတွက်အချက်ကို အခြေခံပြီးအတန်းပညာမှာ ထူးချွန်ဖို့ပြုစုအားပေးကြတယ်။ အခုချိန်မှာတော့ ဉာဏ်ရည်ထက်မြက်မှုကို အတန်းပညာကိုသာ ဦးတည်တာမဟုတ်ဘဲ ကျန်တဲ့ကဏ္ဍတွေမှာလည်း တော်ဖို့လိုကြောင်း လက်ခံလာခဲ့တယ်။ ဒါကြောင့်ရေးတတ်၊ ဖတ်တတ်၊ တွက်တတ်ချက်တတ်ရုံ မလုံလောက်ဘဲကျန်တဲ့ကဏ္ဍတွေမှာလည်း ပြုစုပျိုးထောင်ဖို့ လိုအပ်တာကို လက်ခံလာခဲ့တယ်။ ကျန်တဲ့ကဏ္ဍတွေအနက် ကိုယ်ကာယစွမ်းအားဖြစ်တဲ့ အားကစားမှာထူးချွန်ဖို့ လိုအပ်တာကို အသိမှတ်ပြုလာခဲ့တယ်။ ငယ်ငယ်က မိဘတွေက ဂီတလုပ်ငန်းကို အားမပေးခဲ့ဘူး။ ဒီဘက်ကို အာရုံရောက်ရင် ပညာရေးမှာ ထိခိုက်မှာစိုးရိမ်ခဲ့တယ်။ နောက်တစ်မျိုးက သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးမှုဖြစ်တယ်။ လေးစားပြီး ဂရုစိုက်ဖို့ လိုအပ်တယ်။ တစ်ဖက်မှာလည်း ပန်းချီ၊ ပန်းပုကဏ္ဍကို လေ့လာဖို့ လိုအပ်တယ်။ ကျန်တဲ့ကဏ္ဍနှစ်ခုကတော့ မျက်မှောက်ခေတ်မှာ အလွန်အရေးပါတယ်။ တစ်ခုကတော့ ပေါင်းသင်းဆက်ဆံမှုဖြစ်တယ်။ ကိုယ်တစ်ယောက်တည်း အထီးကျန်မနေနိုင်တာမို့ ပေါင်းသင်းဆက်ဆံမှုဟာ အလွန်လိုအပ်တယ်။ နောက်ဆုံးကတော့ ကိုယ့်အကြောင်း ကိုယ်သိမှုပဲဖြစ်တယ်။ အခုလို လူတစ်ယောက်မှာ ဉာဏ်ရည်ထက်မြက်မှုရှစ်မျိုးရှိတာမို့ တစ်ခုချင်းကို အချိုးညီညီပြုစုပျိုးထောင်ဖို့ လိုအပ်တယ်။ မိဘတွေအနေနဲ့ သားသမီးတွေကို အခုလိုဘက်စုံထောင့်စုံက ဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

လူတစ်ယောက်ရဲ့ဘဝမှာ ပြည့်စုံဖို့၊ အခုလိုဉာဏ်ရည်ထက်မြက်ဖို့လိုအပ်သလို တစ်ဖက်မှာလည်း ဦးတည်ချက် လေးရပ်ရှိဖို့လိုအပ်ပါတယ်။ ပထမဦးတည်ချက်ကတော့ အသက်ရှင်ဖို့ဖြစ်တယ်။ ကျန်းမာဖို့ လိုအပ်တယ်။ ဖျတ်လတ်ရမယ်၊ သွက်လက်ရမယ်။ ဒါကြောင့်အရွယ်သုံးပါးမှာ ကျန်းမာရေးလိုက်စားဖို့ အထူးအရေးကြီးလှတယ်။ ဒုတိယဦးတည်ချက်က သင်ယူခံယူမှုဖြစ်တယ်။ တစ်သက်တာ မသေမချင်းလေ့လာဆည်းပူးမှုကို အာရုံပြုရမယ်။ တတိယဦးတည်ချက်က မေတ္တာတရားပြန့်ပွားမှုဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦးနားလည်မှု၊ သည်းခံမှု၊ လက်ခံမှု၊ ခွင့်လွှတ်မှုဟာ အရေးပါတယ်။ ကိုယ်ချင်းစာတရားကို ဦးထိပ်ထားရမှာ။ နောက်ဆုံးကတော့ ယုံကြည်ကိုးကွယ်မှုဖြစ်တယ်။ မိမိရဲ့

> **"လူတစ်ယောက်ရဲ့ဘဝမှာ ပြည့်စုံဖို့၊ အခုလိုဉာဏ်ရည် ထက်မြက်ဖို့လိုအပ်သလို တစ်ဖက်မှာလည်း ဦးတည်ချက် လေးရပ်ရှိဖို့လိုအပ်ပါတယ်။ ပထမဦးတည်ချက်ကတော့ အသက်ရှင်ဖို့ဖြစ်တယ်။ ကျန်းမာဖို့ လိုအပ်တယ်။ ဖျတ်လတ်ရမယ်၊ သွက်လက်ရမယ်။ ဒါကြောင့်အရွယ်သုံးပါးမှာ ကျန်းမာရေးလိုက်စားဖို့ အထူးအရေးကြီးလှတယ်။ ဒုတိယ ဦးတည်ချက်က သင်ယူခံယူမှုဖြစ်တယ်။ တစ်သက်တာ မသေမချင်းလေ့လာဆည်းပူးမှုကို အာရုံပြုရမယ်။ တတိယ ဦးတည်ချက်က မေတ္တာတရားပြန့်ပွားမှုဖြစ်တယ်။ တစ်ဦးနဲ့တစ်ဦးနားလည်မှု သည်းခံမှု၊ လက်ခံမှု၊ ခွင့်လွှတ်မှုဟာ အရေးပါတယ်။ ကိုယ်ချင်းစာတရားကို ဦးထိပ်ထားရမှာ။ နောက်ဆုံးကတော့ ယုံကြည်ကိုးကွယ်မှုဖြစ်တယ်။ မိမိရဲ့ ယုံကြည်မှုကြောင့် တစ်ဖက်သားကို အနှောင့်အယှက် မဖြစ်စေဖို့ သတိပြုရမယ်"**

ယုံကြည်မှုကြောင့် တစ်ဖက်သားကို အနှောင့်အယှက် မဖြစ်စေဖို့ သတိပြုရမယ်။ ကိုယ်ချန်ခဲ့တဲ့၊ ထားခဲ့တဲ့ အမွေအနှစ်ကို ငွေကြေးဥစ္စာ ပစ္စည်းပိုင်ဆိုင်မှုနဲ့ မတိုင်းထွာဘဲ လူ့တန်ဖိုးဖြောင့်မတ်တည်ကြည်မှု၊ ရိုးသားဖြူစင်မှုတွေနဲ့ သတ်မှတ်ဖို့အရေးကြီးလှတယ်။

### (၂၁) ရာစု ကျွမ်းကျင်လိမ္မာမှု

စောစောကတင်ပြခဲ့တဲ့ စတုတ္ထနဲ့ ပဉ္စမစက်မှုတော်လှန်ရေးခေတ်မှာ ရပ်တည်နိုင်ဖို့ ကျွန်တော်တို့မှာ (၂၁)ရာစုကျွမ်းကျင်လိမ္မာမှုတွေလိုတယ်။ ဒီကျွမ်းကျင်လိမ္မာမှုကို အမျိုးအစားခွဲခြားရာမှာ သုံးရပ်ရှိကြောင်း တွေ့ရ တယ်။ နံပါတ်(၁)ကတော့ အခြေခံတတ်မြောက်မှုတွေဖြစ်တယ်။ နေ့စဉ်တွေ့ဆုံ ရင်ဆိုင်ရတဲ့တာဝန်တွေကို ကျေပွန်အောင်လုပ်ဆောင်နိုင်မယ့် အရည်အချင်းတွေဖြစ်တယ်။ နံပါတ်(၂) က ပြဿနာဖြေရှင်းမှုနဲ့ ပတ်သက်တဲ့ အရည်အချင်းတွေဖြစ်တယ်။ နံပါတ်(၃) ကတော့ တစ်ဦးချင်း၊ တစ်ယောက်ချင်းမှာရှိတဲ့ အကျင့်စာရိတ္တတွေဖြစ်တယ်။

နံပါတ်(၁)ကို အသေးစိတ်သုံးသပ်ရာမှာ အစိတ်အပိုင်းခြောက်ခုရှိကြောင်း တွေ့ရပြန်တယ်။ ပထမနဲ့ ဒုတိယကတော့ ရေးတတ်၊ ဖတ်တတ်နဲ့ တွက်ချက်မှုဖြစ်တယ်။ ဒီအခြေခံတွေက မရှိမဖြစ် လိုအပ်တာတွေဖြစ်တယ်။ တတိယကတော့ သိပ္ပံပညာနဲ့ပတ်သက်ပြီးရင်းနှီးမှုဖြစ်တယ်။ စတုတ္ထကတော့ ခေတ်မီအိုင်တီပညာဖြစ်တယ်။ ပဉ္စမကတော့ ငွေရေးကြေးရေးနဲ့ပတ်သက်ပြီး လိမ္မာပါးနပ်မှုဖြစ်တယ်။ နောက်ဆုံးကတော့ ယဉ်ကျေးမှုပြည်သူ့နီတိနဲ့ ပတ်သက်ပြီးပါးနပ်မှု ဖြစ်တယ်။ ကျွန်တော်ကတော့ ဒီအခြေခံတွေ လူတိုင်းမှာပြည့်စုံစေချင်တယ်။ အတန်းပညာသင်ကြားမှုကရတဲ့ အသိတွေ ဖြစ်တယ်။ နံပါတ်(၂) ကတော့ နေ့စဉ်ရင်ဆိုင်နေရတဲ့ရှုပ်ထွေးတဲ့ပြဿနာတွေ ဖြေရှင်းရာမှာ မရှိမဖြစ်လိုအပ်တဲ့ ကျွမ်းကျင်မှုတွေဖြစ်တယ်။ အမျိုးအစားအားဖြင့် လေးမျိုးရှိတာတွေ့ရတယ်။

ပထမကတော့ တွေးခေါ်စဉ်းစားရာမှာ ဆန်းစစ်နိုင်စွမ်းရှိမှုဖြစ်တယ်။ ပြဿနာတစ်ရပ်ရဲ့ဇာစ်မြစ်ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြီး ခြုံငုံသုံးသပ်နိုင်စွမ်းဖြစ်တယ်။ အပေါ်ယံမြင်တာကို မျက်စိမှိတ်လက်ခံတာမဟုတ်ဘဲ ယုတ္တိရှိမရှိကို ခွဲခြမ်းစိတ်ဖြာနိုင်မှုဖြစ်တယ်။ ဒုတိယကတော့ ဖန်တီးနိုင်စွမ်းဖြစ်တယ်။ ပြဿနာတစ်ခုကို ပုံစံအမျိုးမျိုးနဲ့ မြင်နိုင်သုံးသပ်နိုင်မှုဖြစ်တယ်။ တတိယကတော့ ဆက်သွယ်ဆက်ဆံမှုဖြစ်ပြီး နောက်ဆုံးက ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဖြစ်တယ်။

### (၂၁) ရာစုအတွက် မရှိမဖြစ်တဲ့အရာတွေ

ကျွန်တော့်အနေနဲ့ ဒီကျွမ်းကျင်လိမ္မာမှုတွေဟာ (၂၁) ရာစုအတွက် မရှိမဖြစ်တဲ့အရာတွေဖြစ်တယ်။ ဒါတွေ မပြည့်စုံတာမို့ လက်တွေ့ဘဝမှာ အခက်အခဲမျိုးစုံနဲ့ ရင်ဆိုင်နေကြတာတွေ့ရတယ်။ တီထွင်နိုင်မှုမရှိခြင်း ၊ အရာရာကို မဆင်ခြင်ဘဲ လက်ခံခြင်း၊ တစ်ယောက်နဲ့တစ်ယောက်နားလည်မှုမရှိခြင်း ပူးပေါင်းညှိနှိုင်းဖို့ခက်ခဲခြင်း ဒီအချက်တွေအားလုံးဟာ ကျွမ်းကျင်လိမ္မာမှု အားနည်းတာကြောင့် ဖြစ်တာတွေ့ရပါတယ်။

နောက်ဆုံးအခြေခံဖြစ်တဲ့ အကျင့်စာရိတ္တအရည်အသွေးတွေကတော့ ခြောက်မျိုးရှိတယ်။ ပထမကတော့ သိချင်တဲ့စိတ်ထားဖြစ်တယ်။ ကလေးဘဝက စပ်စုတတ်တဲ့အကျင့် အသက်ကြီးလာတဲ့အခါ ဒီအရည်အသွေးတွေ ပပျောက်လာခဲ့တယ်။ ဒုတိယကတော့ တာဝန်ယူပြီးဆောင်ရွက်နိုင်မှုဖြစ်တယ်။ စေခိုင်းမှလုပ်တာမဟုတ်ဘဲ ကိုယ့်အသိစိတ်နဲ့ ဆောင်ရွက်ခြင်း ဖြစ်တယ်။ အခုခေတ်မှာ အားနည်းနေတာတွေ့ရတယ်။ ခိုင်းမှလုပ်ကြတယ်။ မခိုင်းရင် ဘာမှမလုပ်ဘဲနေတဲ့ အကျင့်၊ မှားမှာကြောက်တာမို့ ဘာမှမလုပ်ကြဘူး။ အထက်လူကြီးတွေအနေနဲ့လည်း အားပေးသင့်တယ်။ တတိယအရည်အသွေးက ဇွဲရှိခြင်း။ အမှန်တော့ ဘဝမှာအောင်မြင်ဖို့ ဇွဲသတ္တိလိုအပ်တယ်။ ကိုယ်လိုတာကို မရမချင်းရအောင်လုပ်တတ်တဲ့စိတ်မွေးဖို့လိုအပ်တယ်။ စတုတ္ထကတော့ လိုက်လျောညီထွေမှု။ ရင်ဆိုင်နေရတဲ့ အခြေခံနဲ့ကိုက်ညီအောင်ကြိုးစားရမှာဖြစ်တယ်။ ပဉ္စမကတော့ ဦးဆောင်မှုဖြစ်တယ်။ လူတိုင်းဟာ သူ့နေရာနဲ့သူ ဦးဆောင်နိုင်တဲ့အခွင့်အရေးရှိသလို ဒီအခွင့်အရေးကိုလည်း အမိအရယူတတ်ဖို့ လိုအပ်တယ်။ နောက်ဆုံးကတော့ လူမှုရေးနဲ့၊ ယဉ်ကျေးမှုနဲ့ပတ်သက်ပြီး အသိရှိမှု၊ နိုးနိုးကြားကြားရှိမှုဖြစ်ပါတယ်။ တင်ပြမှုတွေကို ခြုံငုံသုံးသပ်တဲ့အခါ (၂၁)ရာစုမှာ ရှင်သန်လှုပ်ရှားနေသူတွေအတွက် ကျွမ်းကျင်လိမ္မာမှု စုစုပေါင်း ၁၆ ခုရှိကြောင်း တွေ့ရပါတယ်။ အရေအတွက်အနေနဲ့ များသယောင်ဖြစ်ပေမယ့် လူ့ဘဝတစ်ခုလုံးအတွက် အရေးပါတာမို့ များတယ်လို့ ယူဆလို့မဖြစ်နိုင်ပါဘူး။

### သင်ခန်းစာတွေ ဖော်ထုတ်ဖို့ လို

(၂၁)ရာစုမှာ ဒီကျွမ်းကျင်လိမ္မာမှုတွေလိုအပ်တာမို့ ဒီပညာတွေကို သင်ကြားပို့ချမယ့် ဆရာ ဆရာမတွေလည်း လိုအပ်မှာ ဖြစ်ပါတယ်။ အမှန်တော့ ဆရာ ဆရာမတွေဟာ ခေတ်နဲ့လိုက်လျောညီထွေမှုရှိအောင် ပြုပြင်ပြင်ဆင်ဖို့လိုအပ်မှာဖြစ်တယ်။ အခုခေတ်မှာ တိုးတက်လာတဲ့ ခေတ်မီ ဆက်သွယ်မှုနည်းပညာတွေနဲ့ ကျွမ်းကျင်လိမ္မာဖို့လိုအပ်မှာဖြစ်တယ်။ ဆရာ ဆရာမတွေအနေနဲ့ ကျောင်းသား ကျောင်းသူတွေကို ဗဟိုပြုတဲ့သင်ခန်းစာတွေ ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေကို တစ်ပုံစံတည်း ထိတွေ့ဆက်ဆံတာမဟုတ်ဘဲ တစ်ဦးချင်း ဦးစားပေးပြီး သင်ကြားပေးရမှာဖြစ်တယ်။ ကျောင်းသား ကျောင်းသူတွေဟာ ခေတ်မီနည်းပညာတွေနဲ့နီးစပ်မှုရှိတာကို အသိအမှတ်ပြုရမှာဖြစ်တယ်။ ကိုယ်ပိုင်ရွေးချယ်မှုပေးပြီး မိမိရဲ့ပညာရေးခရီးကို ဦးဆောင်ခွင့်ပြုရမှာ ဖြစ်တယ်။

ဆရာ ဆရာမတွေဟာ စက္ကူစာရွက်မသုံးတဲ့ ပတ်ဝန်းကျင်နဲ့ ရင်းနှီးဖို့လိုအပ်တယ်။ အိုင်တီပညာကို အားကိုးပြီး လှုပ်ရှားရမှာဖြစ်တယ်။ သင်ကြားတဲ့နေရာမှာ ဆရာ ဆရာမတွေဟာ ကျောင်းသားတွေနဲ့အမီလိုက်နိုင်အောင် ကြိုးစားဖို့ အရေးကြီးတယ်။

### ရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ဖို့လို

(၂၁)ရာစုကျွမ်းကျင်လိမ္မာမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်မှာ စိုးရိမ်မှုတွေရှိပါတယ်။ ခေတ်သစ်ပညာရေးရဲ့အခြေခံဟာ အိုင်တီနည်းပညာဖြစ်တယ်။ အင်တာနက်က အရေးပါသလို လူမှုရေးမီဒီယာဟာလည်း ပညာရေးမှာ အလွန်အရေးပါနေတာ တွေ့ရတယ်။ ကိုဗစ်- ၁၉ ကာလမှာ ခေတ်မီအိုင်တီနည်းပညာတွေနဲ့ ပညာရေးဝန်ဆောင်မှုတွေ လုပ်နိုင်တာတွေ့ရတယ်။ ဒါပေမယ့် အိုင်တီလောကနဲ့ နီးစပ်တဲ့ပတ်ဝန်းကျင်နဲ့ အလှမ်းဝေးတဲ့ ပတ်ဝန်းကျင် အကြား ကွာဟမှုတွေတိုးပွားလာတာ တွေ့ရတယ်။ အခြေအနေအမျိုးမျိုးကြောင့် အင်တာနက်မရှိတဲ့၊မရနိုင်တဲ့ ဒေသတွေမှာရှိတဲ့ ကျောင်းသားကျောင်းသူ ဆရာ ဆရာမတွေအတွက် အခက်အခဲတွေရှိမယ်။ ဆင်းရဲချမ်းသာ ကွာဟမှုများလာတာနဲ့အမျှ အင်တာနက်နဲ့ ပတ်သက်ပြီး ကွာဟမှုတွေလည်း မြင့်မားလာမှာဖြစ်တယ်။ ဒီပြဿနာကိုရဲရဲဝံ့ဝံ့ရင်ဆိုင်နိုင်ဖို့လိုအပ်တယ်။ တင်ပြခဲ့တဲ့ ကျွမ်းကျင်လိမ္မာမှု ၁၆ ခုကို အင်တာနက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပြုစုပေးသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ။

# ကျောင်းဖွင့်ကာလမတိုင်မီ အထက (၂) ဒဂုံ၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရန်ကုန် ဇွန် ၂၁**

ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ဒဂုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းဥက္ကဋ္ဌ ဦးသန်းဝင်းနှင့်အဖွဲ့ဝင်များက ဦးဆောင်ကာ ကျောင်းစာသင်ခန်းများအတွင်း ဆေးဖျန်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း၊ ကျောင်းပတ်ဝန်းကျင် ရေမြောင်းများဆယ်ယူခြင်းစသည့် စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့က ဆောင်ရွက်ကြသည်။

အဆိုပါကျောင်း၌ မြို့နယ်ကြက်ခြေနီနှင့်ပူးပေါင်း၍ ဆေးဖျန်းခြင်းလုပ်ငန်းများကိုလည်း အပတ်စဉ်ဆောင်ရွက်နေသည့်အပြင် နှာခေါင်းစည်းများ၊ လက်ဆေးရည်များ၊ လက်ဆေးကန်များ လုံလောက်စွာထားရှိရေး ဆောင်ရွက်ထားကြောင်း ကျောင်းအုပ်ကြီးက ပြောသည်။

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် အဆင့်သုံးဆင့်သတ်မှတ်ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ အထက်တန်း အဆင့်ကို ဇူလိုင် ၂၁ရက် ၊ အလယ်တန်းအဆင့်ကို ဩဂုတ် ၄ ရက်နှင့် မူလတန်းအဆင့်ကို ဩဂုတ်လလယ်တို့တွင် ဖွင့်လှစ်သွားရန် လျာထားကြောင်း၊ ယခုအခါ ဆရာဆရာမများ စနစ်သစ်ပညာရေးအတွက် အွန်လိုင်းမှတစ်ဆင့် သင်ကြားမှု၊ သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း၊ ဇူလိုင် ၁၃ ရက်မှစပြီး ကျောင်းအပ်လက်ခံရေး ရက်သတ္တပတ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**



# မိုးနှောင်းချည်မျှင်ရှည်ဝါအထူးဇုန် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူများအား ဝါမျိုးစေ့နှင့် လူးနယ်ဆေးများ ထောက်ပံ့

**ပျော်ဘွယ် ဇွန် ၂၁**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်အတွင်းမှ မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝါမျိုးစေ့နှင့် လူးနယ်ဆေးများကို ဇွန် ၁၇ ရက်က ထောက်ပံ့ပေးအပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် မျိုးစေ့နှင့် ဆေးများ ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းက ကိုဗစ်-၁၉ ကာလ ဖြစ်နေသည့်အတွက် စိုက်ပျိုးရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ရေး အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းညွန့်က အထူးဇုန် ဧက ၁၀၀ သတ်မှတ်စိုက်ပျိုးခြင်း ရည်ရွယ်ချက်နှင့် စိုက်ပျိုးထုတ်လုပ်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အထူးဇုန် ဧက ၁၀၀ စိုက်ပျိုးမည့် တောင်သူ ၄၇ ဦးအား ရွှေတောင်-၁၀ ဝါမျိုးစေ့ သုံးပိဿာအိတ် ၁၀၀ နှင့် လူးနယ်ဆေး အိတ် ၁၀၀ တို့ကို ထောက်ပံ့ပေးအပ်သည်။ အဆိုပါ မိုးနှောင်းချည်မျှင်ရှည်ဝါ အထူးဇုန် ဧက ၁၀၀ ကို ညောင်ရွှေကျေးရွာတွင် စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး (ပျော်ဘွယ်)**






စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသော ဆီထွက်သီးနှံ နေကြာစိုက်ခင်းတစ်ခင်း။

# လက်ရှိဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ ၈၂၅၀၇၇ ဧက စိုက်ပျိုးမည်

**မုံရွာ ဇွန် ၂၁**

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မိုးရာသီကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီး၌ ဆီထွက်သီးနှံမျိုးစုံ ၈၂၅၀၇၇ ဧကကို စိုက်ပျိုးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းလှိုင်ဦး၏ ပြောကြားချက်အရ သိရသည်။

ခရိုင်အလိုက် စိုက်ပျိုးသွားမည့် သီးနှံများမှာ မုံရွာခရိုင်အတွင်း မြေပဲ ၆၃၀၅၂ ဧက၊ မိုးနှမ်း ၁၁၆၅၇၈ ဧကနှင့် နေကြာ ၁၂၆၇၅ ဧက၊ စစ်ကိုင်းခရိုင်အတွင်း မြေပဲ ၄၉၈၇၅ ဧက၊ မိုးနှမ်း ၄၅၇၈၇ ဧက၊ နေကြာ ၁၄၆၀၈ ဧက၊ ရွှေဘိုခရိုင်အတွင်း မြေပဲ ၁၃၃၇၅၇ ဧက၊ မိုးနှမ်း ၅၇၀၁၂ ဧက၊ နေကြာဧက ၇၂၅၀၊ ယင်းမာပင်ခရိုင်အတွင်း မြေပဲ ၃၁၇၇၇ ဧက၊ မိုးနှမ်းဧက ၁၆၈၁၀၀၊ နေကြာ ၁၅၆၁၃ ဧကနှင့် ကန့်ဘလူ ခရိုင်အတွင်း မြေပဲ ၅၇၃၃၃ ဧက၊ နေကြာ ၅၄ ဧကတို့ကို စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကသာခရိုင်အတွင်း မြေပဲ ၉၀၆ ဧကနှင့် မိုးနှမ်း ၃၉၁ ဧက ကလေးခရိုင်အတွင်း မိုးနှမ်း ၅၀၀၉၁ ဧက၊ တမူးခရိုင်အတွင်း မိုးနှမ်းငါးဧက၊ မော်လိုက်ခရိုင်အတွင်း မိုးနှမ်းဧက ၈၀ နှင့် ခန္တီးခရိုင်အတွင်း မိုးနှမ်း ၁၃၃ ဧကတို့ကိုလည်း စိုက်ပျိုးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးထံမှ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# မတ်ပဲ(RC)တစ်တန်လျှင် ငွေကျပ် ၁၀ သိန်းအထက်ဈေးနှုန်းသို့ ပြန်လည်မြင့်တက်လာ အိန္ဒိယဝယ်လိုအားကြောင့် ရက် ၅၀ အတွင်း အမြင့်ဆုံးဈေးသို့ ပြန်ရောက်လာခြင်းဖြစ်

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန် ပဲဈေးကွက်အတွင်း မတ်ပဲ(RC) တစ်တန်ဈေးနှုန်းသည် ဇွန် ၁၈ ရက်တွင်ငွေကျပ် ၁၀၀၃၀၀၀ သို့ မြင့်တက်လာပြီး ယခုနှစ် ဧပြီ ၂၇ ရက်မှစ၍ ရက်ပေါင်း ၅၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် မတ်ပဲ(RC) တစ်တန်ဈေးနှုန်းသည်ငွေကျပ် ၁၀ သိန်းအထက် ပြန်လည်မြင့်တက်လာခြင်း ဖြစ်ကြောင်းနှင့် ယင်းနေ့တွင် မတ်ပဲကုန်သေတ္တာငါးလုံး (တန်ချိန် ၁၂၀)အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

မတ်ပဲဈေးသည် ဧပြီ ၂၅ ရက်က တစ်တန်လျှင် ငွေကျပ် ၁၀၀၄၀၀၀ နှုန်းဖြင့် ၁၀ သိန်းအထက်တွင် နောက်ဆုံးရှိခဲ့ပြီး ဧပြီ ၂၇ ရက်မှစ၍ ငွေကျပ် ၁၀ သိန်းအောက်သို့ ဈေးကျဆင်းခဲ့ကာ ယင်းနေ့တွင် ငွေကျပ် ၉၈၅၀၀၀ နှုန်းသာ ရှိခဲ့သည်။ ထိုအချိန်မှစ၍ ငွေကျပ် ၁၀ သိန်းအောက်တွင်သာ ရှိနေခဲ့ပြီး ဇွန် ၁၈ ရက်မှ ငွေကျပ်၁၀ သိန်းအထက် ပြန်ရောက်လာခြင်းဖြစ်သည်။ သို့သော် ဇွန် ၁၉ ရက်တွင် ငွေကျပ် ၁၀ သိန်းသို့ ဈေးပြန်ကျလာခဲ့ပြီး ဇွန် ၁၉ ရက်တွင် ကုန်သေတ္တာ ၅၆ လုံး (တန်ချိန် ၁၃၄၄ တန်) အရောင်းအဝယ်ဖြစ်ကြောင်း ရန်ကုန်ပဲဈေးကွက် မှ သိရသည်။

မြန်မာပြည်တွင်းစားသုံးမှု နည်းသော်လည်း ပြည်ပပို့ကုန်အဖြစ် အများအပြား တင်ပို့နေရသော မတ်ပဲနှင့် ပဲစင်းငုံသည် အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားအပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုများ ရှိသည်။ ၂၀၁၉ စက်တင်ဘာလဆန်းပိုင်းတွင် အိန္ဒိယနိုင်ငံအတွင်း မိုးရွာသွန်းမှုများခြင်းနှင့် ရေလွှမ်းမှုကြောင့် ကြက်သွန်နီနှင့် ပဲမျိုးစုံ စိုက်ပျိုးထွက်ရှိမှုအပေါ် ထိခိုက်မှုရှိခဲ့ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် နှစ်စတွင် မတ်ပဲတန်ချိန် တစ်သိန်းခွဲ တင်သွင်းခွင့်ပြုခဲ့ရာမှ လိုအပ်ချက်ရှိလာသဖြင့် ထပ်မံ၍ မတ်ပဲတန်ချိန် နှစ်သိန်းခွဲကို တင်သွင်းခွင့်ပြုခဲ့သည်။ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း မတ်ပဲတန်ချိန် လေးသိန်းကို ၂၀၂၁ မတ်လကုန်အထိ တင်သွင်းခွင့်ပြုမည်ဟု အိန္ဒိယနိုင်ငံက အသိပေးထားသည်။

ယခုဘဏ္ဍာနှစ်အတွင်း အိန္ဒိယဈေးကွက်သို့ မြန်မာနိုင်ငံမှ မတ်ပဲတင်ပို့နိုင်ရန် အချိန်သည် နှစ်လဝန်းကျင်သာ ကျန်ရှိတော့သည့်အတွက် အိန္ဒိယသို့ မတ်ပဲတင်ပို့နိုင်ရန် ရန်ကုန်ပဲဈေးကွက်တွင် မတ်ပဲဈေးနှုန်းများ ပြန်လည်မြင့်တက်လာခြင်း ဖြစ်သည်ဟု သိရသည်။

အိန္ဒိယနိုင်ငံဈေးကွက်၏ ဝယ်လိုအားကြောင့် မတ်ပဲဈေးနှုန်းများ ပြန်တက်လာသော်လည်း ပြည်ပဝယ်လိုအားရှိသည့် အခြား ပဲတစ်မျိုးဖြစ်သော ပဲစင်းငုံမှာမူ မတ်ပဲကဲ့သို့ အမြင့်ဆုံးဈေးနှုန်းသို့ ရောက်မလာသေးဘဲ ဇွန် ၁၈ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၇၇၉၀၀၀ နှင့် ဇွန် ၁၉ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၇၈၅၀၀၀ ဈေးသာရှိနေသည်။ ဧပြီ ၂၅ ရက်ကပဲစင်းငုံနီ(RC)သည် တစ်တန်လျှင်ငွေကျပ် ၈၁၀၀၀၀ အထိ အမြင့်ဆုံးဈေးရောက်ခဲ့ပြီး ဧပြီ ၂၇ ရက်တွင် ငွေကျပ် ၈၀၀၀၀၀၊ ဇွန် ၁၃ ရက်တွင် ငွေကျပ် ၇၈၂၀၀၀ နှုန်း ရှိခဲ့ကာ လက်ရှိအချိန်အထိ ရက် ၅၀ အတွင်း အမြင့်ဆုံးဈေးနှုန်းသို့ ပြန်မရောက်သေးကြောင်း သိရသည်။

**ခင်ဆိုင်**

# ဘုတလင်မြို့နယ်မှ သင်္ဘောသီးစိုက်ခင်းများသို့ ဝယ်လက်များမလာ၍ အရောင်းအဝယ် ကျဆင်း

**ဘုတလင် ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ကျေးရွာ၌ သင်္ဘောပင်များကို စီးပွားဖြစ် စိုက်ပျိုးထားသော်လည်း ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်မှဝယ်လက်များမလာကြသည့်အတွက် အရောင်းအဝယ်ကျဆင်းနေကြောင်း ဒေသခံ သင်္ဘောစိုက်တောင်သူအချို့ထံမှ သိရသည်။

ဘုတလင်မြို့နယ်မှထွက်ရှိသည့် သင်္ဘောသီးများကို ရန်ကုန်၊ မန္တလေးနှင့် ဖားကန့် ဈေးကွက်များသို့ အစိမ်းသီးနှင့် အမှည့်သီးဟူ၍ နှစ်မျိုးတင်ပို့ပေးရပြီး သင်္ဘောသီးအစိမ်းကို နှစ်တင်းအိတ် တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀ ရောင်းချကာ သင်္ဘောသီးအမှည့်ကို အလုံးအရွယ်အစားအပေါ် မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၃၀၀ မှ ငွေကျပ် ၅၀၀ အထိ ရောင်းချရသည်။

“မနှစ်ကတော့ သင်္ဘောပင်ကို နှစ်ဧက စိုက်ပျိုးခဲ့တာ ငွေကျပ် ၉၅ သိန်းလောက် ရခဲ့ပါတယ်။ ဒီနှစ်ကတော့ သင်္ဘောသီးကို ခြောက်ဘီးကားနဲ့ ငါးစီးရောင်းခဲ့တာငွေကျပ်သိန်း ၅၀ လောက်ပဲ ရတယ်။ အရင်းရခဲ့ပေမယ့် အမြတ်ကတော့ သိပ်မကျန်ခဲ့ဘူး။ အခုနောက်ပိုင်း အပင်တွေကိုလည်း မပြုစုဖြစ်တော့ဘူး။ ပုံမှန်အစိမ်းခူးရမယ့် အသီးတွေကိုလည်း မခူးဘဲထားလိုက်တော့ မှည့်ပြီး ပျက်စီးကုန်ပြီ” ဟု အုတ်အိုင်ကျေးရွာမှ သင်္ဘောစိုက်တောင်သူ ဦးစန်းငွေက ပြောသည်။ သင်္ဘောပင်စိုက်ပျိုးရာတွင် အပင်သက်တမ်း ခုနစ်လမှစ၍ အသီးစတင်ခူးဆွတ်လေ့ရှိကြောင်း၊ သင်္ဘောပင်၏ သက်တမ်းကို နှစ်နှစ်သားအထိ ထားလေ့ရှိပြီး ဘုတလင်မြို့နယ်တွင် အုတ်အိုင်ကျေးရွာသည် သင်္ဘောပင်ကို စီးပွားဖြစ်အများဆုံးစိုက်ပျိုးသည့် ကျေးရွာဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(ပြန်/ဆက်)**

# ဂန့်ဂေါမြို့နယ်တွင် လျှော်ဖြူများ တိုးချဲ့စိုက်ပျိုးလျက်ရှိ

**ဂန့်ဂေါ ဇွန် ၂၁**

ဂန့်ဂေါမြို့နယ်တွင် ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီပြီး စီးပွားရေးအရလည်း တွက်ခြေကိုက်မည့် ဈေးကွက်ဝင် အမယ်သစ်သီးနှံတစ်မျိုးဖြစ်သည့် လျှော်ဖြူပင်များကို တိုးချဲ့စိုက်ပျိုးလာကြကြောင်းနှင့် ယခုနှစ်အထိ လျှော်ဖြူစိုက်ပျိုးမှုမှာ ဧက ၁၃၀ ကျော် ရှိနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဂန့်ဂေါမြို့နယ်အတွင်း လျှော်ဖြူကို လွန်ခဲ့သည့် ငါးနှစ်ကျော်က စတင်စမ်းသပ်စိုက်ပျိုးကြရာ ထိုအချိန်က စတင်စိုက်ပျိုးခဲ့သည့် အပင်များမှာ လက်ရှိအချိန်တွင် အစေးထုတ်နိုင်ပြီဖြစ်ကြောင်း၊ လျှော်ဖြူစိုက်ခင်းများအတွင်း နှစ်ချင်းဝင်ငွေရ ရာသီသီးနှံများ သို့မဟုတ် ဝဥကဲ့သို့ ဈေးကွက်ဝင် အမယ်သစ်သီးနှံများကိုလည်း စိုက်ပျိုးနိုင်ကြောင်း ဒေသခံ လျှော်ဖြူစိုက်တောင်သူတစ်ဦးက ပြောသည်။

လျှော်ဖြူစိုက်ပျိုးနေသည့် ကျေးရွာများဖြစ်သော မင်းရွာ၊ ပနန်း၊ ချောင်းနက်စသည့် ကျေးရွာများမှ စိုက်ခင်းများသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးထင်အောင်ကြွယ်နှင့် ဝန်ထမ်းများက မေ ၁၈ ရက်တွင် သွားရောက်ကြည့်ရှုပြီး လျှော်ဖြူပင်များကြား၌ သီးညှပ်အဖြစ် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေးအတွက် လျှော်ဖြူစိုက်ပျိုးသူများနှင့် တွေ့ဆုံဆွေးနွေးကာ ချောင်းနက်ကျေးရွာမှ တောင်သူတစ်ဦးကိုလည်း လျှော်ဖြူပျိုးပင်များ ထောက်ပံ့ကြောင်း သိရသည်။

၁၄၄

# သာပေါင်းမြို့နယ် ငဝန်ရေကာတာ၌ ရေဘေးကာကွယ်ရေးနှင့် တာတမံထိန်းသိမ်းနည်း လက်တွေ့သရုပ်ပြ

**သာပေါင်း ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၏ အစီအစဉ်ဖြင့် ရေဘေးကာကွယ်ရေးနှင့် တာတမံထိန်းသိမ်းနည်း သရုပ်ပြပွဲကို ငဝန်ရေကာတာ သစ်ပုတ်ကုန်းရေကင်းစခန်းအနီး တာမိုင်(၇၁/၀)၌ ဇွန်လ တတိယပတ်အတွင်းက ပြုလုပ်သည်။

သရုပ်ပြပွဲတွင် မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ရေကာတာရေယိုစိမ့်ပေါက်ကို ရေခွေကတုတ်ရိုက် ထိန်းသိမ်းနည်း၊ တာအိတာလျှောမှုကို ပြင်ဆင်ထိန်းသိမ်းနည်း၊ မြစ်ရေကြီးစဉ် သဲအိတ်ဆင့်၍ ကာကွယ်ထိန်းသိမ်းနည်းနှင့် မြေသားရေကာတာ တာခြေထောက် ထိန်းသိမ်းခြင်းများကို



လက်တွေ့သရုပ်ပြခဲ့ပြီး ရေကာတာထိန်းသိမ်းနည်း အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးကြောင်းသိရသည်။

ရေဘေးကြိုတင်ကာကွယ်ရေးအတွက် တာတမံ တောင့်တင်းခိုင်မာမှုရှိအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးအတွက် ချောင်းကော၊ မြောင်းကောများတူးဖော်ခြင်းများကိုလည်း ဆောင်ရွက်ထားကြောင်း၊ ငဝန်မြစ်ရေ စိုးရိမ်ရေအမှတ်သို့ ကျော်လွန်ရောက်ရှိလာပါက ဌာနရေကင်းများနှင့် အရပ်ဘက်ရေကင်းများ ဖွင့်လှစ်ခြင်း၊ ရေကာတာထိန်းသိမ်းခြင်းနှင့် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစီးအရာရှိက ပြောသည်။

အဆိုပါသရုပ်ပြမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှ ရာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်လေ့လာကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# စိန်ခေါ်ရာသီနှင့် လိုက်လျောညီသည့် သုတေသနမှ သီးနှံမျိုးများအကြောင်း

ဒေါက်တာနိုင်ကြည်ဝင်း (စိုက်ပျိုးရေးသုတေသနဦးစီးဌာန)

ယခုအခါ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ အနေဖြင့် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုအရ ဖြစ်ပေါ်လာသော လေပြင်းမုန်တိုင်းများ ကျရောက်ခြင်း၊ အပူချိန်မြင့်တက်ခြင်း၊ ပင်လယ်ရေ မျက်နှာပြင် တိုးလာခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ မိုးခေါင်ရေရှားမှု ဖြစ်ပေါ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ဖြေရှင်းရန်အတွက် နည်းလမ်းများနှင့် လိုအပ်သည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် အထူးလိုအပ်လာသောအချိန် ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ လူဦးရေအများဆုံး အားထားဆောင်ရွက်နေသည့် လုပ်ငန်းစဉ်ဖြစ်ခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုအပေါ် လိုက်လျောညီထွေမှုရှိသည့် စိုက်ပျိုးရေးထုတ်လုပ်မှုစနစ် (Climate Resilience Agriculture) ဖြစ်ရန် လိုအပ်လျက်ရှိသည်။

သုတေသီပညာရှင်များ၏ ခန့်မှန်းချက်အရ လာမည့် ၂၀၂၅ ခုနှစ်တွင် ရေရှားပါးမှုနှင့် ရင်ဆိုင်ရမည်ဟု ဆိုထားသည်။ ရေရှားပါးလာသည်နှင့်အမျှ တောင်သူလယ်သမားများအနေဖြင့် စပါးစိုက်ပျိုးထုတ်လုပ်မှုအတွက်သာမက အခြားသီးနှံ စိုက်ပျိုးမှုများအတွက် ရေပြတ်လပ်မှုကိုလည်း ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်သည်။ ထိုအချိန်တွင် သဘာဝအရင်းအမြစ်များဖြစ်သော စိုက်ပျိုးမြေ၊ စိုက်ပျိုးရေတို့၏ အရင်းအမြစ်များကို ထိန်းသိမ်းရန် လိုအပ်လာသည်။

ရေပြတ်လပ်မှုကို ဖြေရှင်းရန်အတွက် ရေချွေတာနိုင်သည့်နည်းလမ်းများကို ဖော်ထုတ်ရန် လိုအပ်သကဲ့သို့ ရေငတ်ဒဏ်၊ အပူဒဏ်ကို ခံနိုင်သော သီးနှံမျိုးသစ်များ မွေးမြူထုတ်လုပ်ရန် လိုအပ်လာသည်။ ၎င်းအပြင် ပြောင်းလဲလာသောရာသီဥတု၏ ဆိုးကျိုးများကို ရင်ဆိုင်ဖြေရှင်းရန်အတွက် ရောဂါပိုးမွှားဒဏ် ခံနိုင်ရည်ရှိသော မျိုးများကို မွေးမြူထုတ်လုပ်ရန်လည်း အရေးကြီးသည့် ကဏ္ဍတစ်ခု ဖြစ်သည်။

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတွင် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် အညီ ဖြစ်ပေါ်လာသော စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရန် သက်တမ်းတိုသော ရေငတ်ခံမျိုးများ၊ အပူဒဏ်ခံနိုင်သည့် မျိုးများ၊ ရောဂါပိုးမွှားဒဏ် ခံနိုင်သည့်မျိုးများ ရရှိရန်အတွက် မျိုးကူးစပ်၍ သားဆက်အဆင့်ဆင့်ရွေးချယ်ပြီး ဗီဇငြိမ်လိုင်းများကို သင့်လျော်သောဒေသများတွင် အကြိမ်ကြိမ် သုတေသနပြု ဖော်ထုတ်ထားသည်။

### စပါးသီးနှံ

ရေငတ်ခံစပါးမျိုးများဖြစ်သည့် ယာ ၁၊ ယာ ၂၊ ယာ ၃၊ ယာ ၄၊ ယာ ၅၊ ယာ ၆၊ ယာ ၇ နှင့် ယာ ၈ မျိုးများသည် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိပြီး သဲဆန်ကုန်းကြောဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်၍ အထွက်နှုန်း အသင့်အတင့်ကိုလည်း ပေးစွမ်းနိုင်သည်။ ယာ ၂ ထွန်းစပါးမျိုးသည် ဂမ္မာရောင်ခြည်ပေး၍ရလာသော မျိုးဖြစ်ပြီး အပင်ဇီဝနည်းပညာဌာန၌ တစ်သျှူးမွေးမြူနည်း(Anther culture) ဖြင့် မွေးမြူ၍ရလာသော မျိုးဖြစ်သည်။ ရေပြတ်လပ်သည့်ဒဏ်ကို ခံနိုင်သည့်အပြင် ရွက်ခြောက်ရောဂါကို ခံနိုင်ရည်ရှိသည်။ မိုးရေသောက်ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်း မြစ်ရေဖြင့် ရေချွေတာစိုက်ပျိုးသည့် ဒေသများအတွက် စိုက်ပျိုးရန် သင့်တော်သည်။

ရေအနည်းလို စပါးမျိုးများမှာ ရေအနည်းလို(၁)၊ ရေအနည်းလို(၂)၊ ရေအနည်းလို(၃)၊ ရေအနည်းလို(၄)၊ ရေအနည်းလို(၅)၊ ရေအနည်းလို(၆) နှင့် ရေအနည်းလို(၇) တို့ဖြစ်ပြီး ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသည့်အပြင် သွင်းရေဆည်ရေ အပြည့်အဝမရရှိနိုင်သော ဒေသများတွင် စိုက်ပျိုးရန် သင့်တော်သည်။ စပါးစိုက်သည့်အခါ တစ်ဧကရေလိုအပ်ချက်ကို ၃၀-၅၀ ရာခိုင်နှုန်းအထိ ချွေတာ၍ သုံးစွဲနိုင်သည်။

စပ်မျိုးစပါးများဖြစ်ကြသည့် ရေဆင်းပုလဲသွယ်(၁)၊ ရေဆင်းပုလဲသွယ်(၂)နှင့် ရေဆင်းပုလဲသွယ်(၃)တို့သည် စားသုံးမှုအရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းလည်း မြင့်မားစွာပေးစွမ်းနိုင်သည့်အပြင် ရေငတ်ဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးနိုင်သည်။

ရေတော် မိုးတော် ဆည်ရေသောက်၊ မိုးရေသောက် ဒေသအားလုံးတွင် စိုက်ပျိုးနိုင်သော ရွှေမြန်မာ၊ ရွှေမနော်၊ ဆင်းသီရိ၊ ဆင်းသုခ စပါးမျိုးများသည် ရွက်ခြောက်ရောဂါဒဏ်ကို ခံနိုင်ရည်ရှိပြီး ပြည်တော်ရင်၊ ဆင်းသီရိမေနှင့် မနော်ဟရီ စပါးမျိုးများသည် ရွက်ခြောက်ရောဂါဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိသည်။ ရေဆင်း လုံးသွယ် စပါးမျိုးသည် အသက်လျင်၍ အထွက်ကောင်းပြီး စပါးကုပ်ကျိုးရောဂါနှင့် ဖြုတ်ညိုပိုးကျရောက်မှုဒဏ်ကို ခံနိုင်သည်။ ဆင်းသီရိမေ စပါးမျိုးသည် ဆန်ရိုးလှပြီး အပင်ယိုင်လဲမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိသည်။

### ပြောင်းဖူးသီးနှံ

စပ်မျိုးပြောင်း မျိုးများဖြစ်သည့် ရေဆင်း စပ်မျိုး-၂၊ ရေဆင်း စပ်မျိုး-၁၂ တို့သည် သက်တမ်းတို၍ ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိပြီး မိုးရေချိန် ၃၀ - ၃၅ လက်မ ရရှိမည့်ဒေသများတွင် စိုက်ပျိုးရန် သင့်တော်သည်။ မိုးရွာသွန်းမှုကာလများတွင် မိုးရွာသွန်းပုံ့နှံ့မှု မှန်ကန်ညီညွတ်ပြီး မိုးရေချိန် ၃၀ လက်မ ရရှိမည်ဆိုပါက စိုက်ပျိုးပြီး ၆၅-၇၀ ရက်အတွင်း ရိတ်သိမ်းဆွတ်ခူး ရောင်းချစားသုံးနိုင်သော ရေဆင်းစားပြောင်းချို-၁ နှင့် ရေဆင်း စားပြောင်းချို-၂ တို့ကို ရွေးချယ်စိုက်ပျိုးနိုင်သည်။

### ဆီထွက်သီးနှံ

မြန်မာနိုင်ငံအလယ်ပိုင်းမှ မိုးရေချိန်နည်းပါးသည့် အပူပိုင်းဇုန်ဒေသများနှင့် သင့်တော်သည့် ရေငတ် ဒဏ်ခံ မြေပဲမျိုးများမှာ ဆင်းပဒေသာ-၆ နှင့် ဆင်းပဒေသာ-၁၂ တို့ ဖြစ်သည်။ ဆင်းပဒေသာ-၆ သည် သက်တမ်း ၁၀၅-၁၁၅ ရက်ရှိပြီး ပင်ထောင်မျိုးဖြစ်၍ အထွက်နှုန်း တစ်ဧကလျှင် တင်း ၅၀-၆၀ ထွက်ရှိနိုင်သည်။ ဆီထွက်ရာခိုင်နှုန်း ၄၉-၅၀ အထိ ထွက်ရှိနိုင်သည်။ ဆင်းပဒေသာ-၁၂ သည် သက်တမ်း ၁၀၅-၁၁၀ ရက်ရှိပြီး ပင်ထောင်မျိုးဖြစ်၍ အထွက်နှုန်း တစ်ဧကလျှင် တင်း ၅၀ - ၆၀ အထိ ထွက်ရှိနိုင်သည်။ ဆီထွက်ရာခိုင်နှုန်းအနေဖြင့် ၄၆-၄၇ အထိ ထွက်ရှိနိုင်သည်။

ထုတ်ဝေပြီး နှမ်းမျိုးများအနက်မှ ရေငတ်ဒဏ်ကို အသင့်အတင့်ခံနိုင်ပြီး ပြည်ပဈေးကွက် နှမ်းနက်မျိုးများ ဖြစ်သည့် ဆင်းရတနာ-၃၊ ဆင်းရတနာ-၁၄ နှင့် မကွေး နက်-၁/၁၃ နှမ်းမျိုးများသည် လက်ရှိအချိန်တွင် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနေသော နှမ်းမျိုးများ ဖြစ်သည်။



စိုက်ပျိုးရေးသုတေသနဦးစီးဌာနက စမ်းသပ်စိုက်ပျိုးထားသော ဆီထွက်သီးနှံ နေကြာမျိုးသစ်များ

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ထုတ်လုပ်ထားသော နှံစားပြောင်းမျိုးများဖြစ်သည့် ရွှေနီ-၁၅၊ ရေဆင်း နှံစားပြောင်းဖြူ-၇ နှင့် စပ်မျိုးများဖြစ်သည့် (ပုလဲ-၃၊ ပုလဲ -၄)တို့သည် အရိုးထွက်နှင့် အစေ့ထွက် ကောင်းမွန်သော မျိုးများ ဖြစ်သည့်အပြင် ရေလိုအပ်ချက်မှာ လျော့နည်းသဖြင့် မိုးရေချိန် လက်မ ၂၀-၃၀ အတွင်း ရရှိသော ဒေသများအတွက် စိုက်ပျိုးရန်သင့်တော်သည်။

မိုးရာသီကာလတိုတောင်း၍ မိုးရေချိန်နည်းပါးခြင်း ဖြစ်ပေါ်ပါက ဆောင်းသီးနှံဖြစ်သော ဂျုံသီးနှံ စိုက်ပျိုးထုတ်လုပ်မှုတွင် မြေတွင်းအစိုဓာတ် လုံလောက်မှုမရှိသဖြင့် ဒေသမျိုးများကိုသာ စိုက်ပျိုးပါက အထွက်နှုန်း ဆိုးရွားစွာ လျော့ချနိုင်သည်။ သို့ဖြစ်၍ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ထုတ်ဝေထားသော အပူဒဏ်နှင့် ရေငတ်ဒဏ်ခံ မျိုးများဖြစ်သည့် ရေဆင်းဂျုံ-၁၁ နှင့် ရေဆင်းဂျုံ-၁၂ တို့ကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်သည်။

ရေဆင်း စပ်မျိုးများဖြစ်သည့် ရေဆင်း စပ်မျိုး-၁၀ သည် ပြောင်းရွက်ဖုံးခြောက်ရောဂါဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိပြီး ရေငတ်ဒဏ်ကိုလည်း အသင့်အတင့် ခံနိုင်သည်။ ရေဆင်း စပ်မျိုး-၁၁ သည် အစေ့ထွက်ရာခိုင်နှုန်း ကောင်းမွန်ပြီး ပြောင်းရွက်ခြောက်ရောဂါဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိသည်။ ရေဆင်း စားပြောင်းချို-၂ သည် အချိုဓာတ်မြင့်မား၍ စားသုံးမှုကောင်းမွန်သောမျိုးဖြစ်ပြီး အစေ့ထွက်ရာခိုင်နှုန်း ကောင်းသည့်အပြင် ရွက်ဖုံးခြောက်ရောဂါဒဏ်ကို အသင့်အတင့်ခံနိုင်ရည်ရှိသည်။

ရေငတ်ဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိသော အဆိုပါ နှမ်းမျိုးများသည် အသက် ၈၅-၉၅ ရက်ရှိပြီး အပင်ပုံစံသည်ကိုင်းဖြာ၍ အစေ့အရောင်မှာ အနက်ရောင်ဖြစ်သည်။ ဆီပါဝင်မှုသည် ၄၂-၄၅ ရာခိုင်နှုန်းရှိ၍ တစ်ဧကလျှင် အထွက်နှုန်း ၁၅-၂၀ တင်း ထွက်ရှိနိုင်ပြီး အရည်အသွေးကောင်းသောကြောင့် ပြည်ပဈေးကွက်ဝင်နေသည့် သီးနှံများဖြစ်သည်။

ဆင်းပဒေသာ-၅ မြေပဲမျိုးသည် ပင်ထောင်မျိုးဖြစ်၍ အစေ့အရောင်မှာ ပန်းရောင်ရှိပြီး ရွက်ခြောက်ရောဂါနှင့် သံချေးရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ ဆင်းရတနာ-၃၊ ဆင်းရတနာ-၁၄ နှင့် မကွေးနှမ်းနက်-၁/၁၃ မျိုးများသည် နှမ်းဖိုရောဂါနှင့် နှမ်းရိုးမည်းရောဂါတို့ကို အသင့်အတင့် ခံနိုင်ရည်ရှိပြီး ပြည်ပဈေးကွက်ဝင်သည့် နှမ်းနက်မျိုးများ ဖြစ်သည်။ ယင်းနှမ်းမျိုးများသည် ကိုင်းဖြာသည့်မျိုးများ ဖြစ်ပြီး အရည်အသွေးကောင်းမွန်သဖြင့် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိသော နှမ်းမျိုးများ ဖြစ်သည်။

### ပဲမျိုးစုံသီးနှံ

ပဲမျိုးစုံသီးနှံများတွင် ရေဆင်း ကုလားပဲ-၆ မျိုးသည် ရင့်မှည့်ရန်ကြာသောရက် ၇၅-၈၅ ရက်ရှိပြီး တစ်ဧက အထွက်နှုန်း ၂၀-၂၅ တင်း ထွက်ရှိ၍ ရေသွင်းစိုက်ဒေသနှင့် လယ်သီးထပ်အတွက် စိုက်ပျိုးရန်သင့်သောမျိုး ဖြစ်သည်။ ယင်းမျိုးသည် အပူဒဏ်ကို ခံနိုင်ရည်ရှိသည့်အပြင် ညှိုးသေရောဂါကိုလည်း ခံနိုင်ရည်ရှိသောမျိုးဖြစ်သည်။

> “ယာ ၂ ထွန်းစပါးမျိုးသည် ဂမ္မာရောင်ခြည်ပေး၍ရလာသောမျိုးဖြစ်ပြီး အပင်ဇီဝနည်းပညာဌာန၌ တစ်သျှူးမွေးမြူနည်း(Anther culture)ဖြင့် မွေးမြူ၍ရလာသောမျိုးလည်းဖြစ်သည်။ ရေပြတ်လပ်သည့်ဒဏ်ကို ခံနိုင်သည့်အပြင် ရွက်ခြောက်ရောဂါကိုလည်း ခံနိုင်ရည်ရှိသည်။ မိုးရေသောက်ဒေသ၊ မြန်မာနိုင်ငံအလယ်ပိုင်း မြစ်ရေဖြင့် ရေချွေတာစိုက်ပျိုးသည့် ဒေသများ အတွက် စိုက်ပျိုးရန်သင့်တော်”

ရေဆင်း ပဲစင်းငုံ-၉ မျိုးသည် ရင့်မှည့်ရန်ကြာသောရက် ၂၀၀-၂၀၅ ရက်ဖြစ်ပြီး တစ်ဧကအထွက်နှုန်းမှာ ၁၅-၂၅ တင်းအထိ ထွက်ရှိနိုင်သည်။ သီးတောင့်အရောင်သည် ခရမ်းပုပ်ရောင်ဖြစ်ပြီး ရေငတ်ဒဏ် အသင့်အတင့်ခံနိုင်ခြင်း၊ အထွက်နှုန်းကောင်းခြင်း၊ အထွက်နှုန်းတည်ငြိမ်ခြင်း အားသာချက်များရှိပြီး အစေ့အရောင်သည် နီဝါရောင်ဖြစ်သဖြင့် ဈေးကွက်ဝင်သီးနှံတစ်ခုလည်းဖြစ်သည်။

ရေဆင်း ပဲတီစိမ်း-၁၁ နှင့် ရေဆင်း ပဲတီစိမ်း-၁၄ မျိုးများသည် အသက်လျင်၍ မိုးကြို၊ မိုး၊ မိုးနှောင်း ရာသီမရွေးစိုက်နိုင်ပြီး အဝါရောင်မှိုစေ့ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ ရေဆင်း ပဲတီစိမ်း-၁၄ သည် ရွက်ပြောက်ရောဂါဒဏ်ကိုလည်း အသင့်အတင့်ခံနိုင်ရည်ရှိသည်။ ရာသီမရွေးစိုက်ပျိုးနိုင်သော ရေဆင်းမတ်ပဲ-၇ သည် အထွက်နှုန်းကောင်းပြီး အဝါရောင်မှိုစေ့ရောဂါကို ခံနိုင်ရည်ရှိသည်။ ကုလားပဲရွှေနီ လုံးကြီးမျိုးသည် အစေ့အရွယ်အစားကြီးပြီး အသက်လျင် အထွက်ကောင်းသည့်အပြင် ညှိုးသေရောဂါဒဏ်ကို အသင့်အတင့် ခံနိုင်ရည်ရှိသည်။ မိုးရာသီတွင် တောင်ပေါ်ဒေသများအတွက် စိုက်ပျိုးရန်သင့်တော်သော ရေဆင်းပဲပုပ်-၁၂ မျိုးသည် အစေ့အရွယ်အစား ညီညာပြီး Bacterial pustules ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ မိုးရာသီ ဒေသမရွေး စိုက်ပျိုးနိုင်သော ရေဆင်း ပဲပုပ်-၁၄ သည် အသက်လျင်ပြီး Downy mildew ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။

### ကြံသီးနှံ

ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိသော ကြံမျိုးသစ်တစ်မျိုးဖြစ်သည့် DAR-4 သည် သက်ကြီးမျိုးအုပ်စုတွင် ပါဝင်ပြီး အသက်ရက် ၁၂ လ ရှိသည်။ ကြံမျိုး၏ လုံးပတ်မှာ ၈ ဒသမ ၇၅ မှ ၉ ဒသမ ၅ လက်မရှိပြီး ဆစ်ကြားအရှည် ၅ လက်မမှ ၇ လက်မခန့်ရှိသည်။ အချိုဓာတ်ရာခိုင်နှုန်း ၁၉ မှ ၂၁ ရာခိုင်နှုန်းရှိပြီးသကြားထွက်နှုန်းမှာ ၁၂ ဒသမ ၅ မှ ၁၃ ရာခိုင်နှုန်းအထိ ထွက်ရှိနိုင်သည်။ ယင်းမျိုး၏ ထူးခြားချက်မှာ ပန်းမပွင့်ခြင်းဖြစ်၍ ရေငတ်ဒဏ်ကိုခံနိုင်ရည်ရှိရုံသာမက မှိုနံရောဂါနှင့် အူနီရောဂါကို ခံနိုင်ရည်ရှိပြီး တစ်ဧကလျှင် ကြံအထွက် တန် ၅၀-၇၀ အထိ ထွက်ရှိနိုင်သည်။

ချည်မျှင်ရှည်ဝါမျိုးဖြစ်သည့် လိုင်း-၆၆ ဝါမျိုးသည် အသက်ရက် ၁၃၅-၁၄၅ ရှိ၍ တစ်ဧကအထွက်နှုန်း ၇၀၀ -၁၀၀၀ ကီလိုဂရမ်ခန့် ထွက်ရှိနိုင်ပြီး စုပ်ပိုးဒဏ်ကို ခံနိုင်သော မျိုးတစ်မျိုးဖြစ်သည်။

### ဟင်းသီးဟင်းရွက်သီးနှံ

ထုတ်ဝေပြီးမျိုးများဖြစ်သော ဆင်းခရမ်းချဉ်-၁ နှင့် ဆင်းခရမ်းချဉ်-၃ မျိုးများသည် အသက်လျင်၍ အထွက်ကောင်းပြီး မိုးရာသီတွင် အသီးတင်မှုကောင်းသောမျိုးများ ဖြစ်သည်။ ဆင်းခရမ်းချဉ်-၂ သည် အဝါရောင် ရွက်တွန့်ဗိုင်းရပ်စ်ရောဂါကို အသင့်အတင့်ခံနိုင်ရည်ရှိသည်။

အလားအလာကောင်းသော ကြက်ဟင်းခါး မျိုးသစ်များဖြစ်သည့် AVBG 1301၊ AVBG 1304 နှင့် AVBG 1601 မျိုးများသည် မိုးရာသီတွင်စိုက်ပျိုးနိုင်သော အထွက်ကောင်းမျိုးများဖြစ်သည့်အပြင် ဖားဥမှိုရောဂါကို ခံနိုင်ရည်ရှိသည်။

အလားအလာကောင်းသော ရွှေဖရုံမျိုးများဖြစ်သည့် AVPU 1502၊ AVPU 1504 နှင့် AVPU 1507 မျိုးတို့သည် အသက်လျင်၊ အထွက်ကောင်း၍ မိုးရာသီတွင် ဖြစ်ထွန်းသည့်အပြင် ဖားဥမှိုရောဂါကို ခံနိုင်ရည်ရှိသည်။

အလားအလာကောင်းသော ငရုတ်မျိုးသစ်များဖြစ်သည့် AVPP 1111၊ AVPP 1245 နှင့် AVPP 1346 မျိုးတို့သည် သက်လျင်အထွက်ကောင်းမျိုးများ ဖြစ်သည့်အပြင် Thrip ပိုးဒဏ်ကို ခံနိုင်ရည်ရှိပြီး ဗက်တီးရီးယား ပင်ညှိုးရောဂါကိုလည်း ခံနိုင်ရည်ရှိသည်။

စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသည် လယ်ယာကဏ္ဍ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် မျိုးကောင်းမျိုးသန့်များ မွေးမြူထုတ်လုပ်ခြင်းနှင့် တစ်ဧကအထွက်နှုန်းတိုးစေမည့် စိုက်ပျိုးနည်းပညာများ ရှာဖွေဖော်ထုတ်ခြင်း သုတေသနလုပ်ငန်းများကို အဓိကဆောင်ရွက်လျက်ရှိသကဲ့သို့ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိမည့် သီးနှံမျိုးများနှင့် စိုက်ပျိုးရေးနည်းပညာများကိုလည်း တောင်သူလယ်သမားများ၏အကျိုးအတွက် စဉ်ဆက်မပြတ် သုတေသနပြုလုပ်၍ ဖော်ထုတ်လျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ရပေသည်။ ။

# ကျောက်ထုဒေသတွင် ဒေသမျိုးနနွင်းများ စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးလာ



**ကျောက်ထု ဇွန် ၂၁**
မကွေးတိုင်းဒေသကြီး ကျောက်ထုမြို့ဒေသတွင် မီးဖိုချောင်သုံးပစ္စည်းဖြစ်သည့် ဒေသမျိုးနနွင်းများ ပိုမိုစိုက်ပျိုးလာကြသည်။

နနွင်းဟုဆိုရာတွင် ဟင်းချက်ရာ၌ ဟင်းခတ်ပစ္စည်းအဖြစ် အသုံးပြုသည့် နနွင်းဝါနှင့် ဆေးဖက်ဝင် နနွင်းခါးဟူ၍နှစ်မျိုးရှိပြီး နနွင်းဝါကို စီးပွားဖြစ် စိုက်ပျိုးကြခြင်းဖြစ်ကာ နနွင်းခါးကိုမူ တောတောင်များအတွင်း အလေ့ကျပေါက်ရောက်မှုမှ ဆေးဖော်စပ်ရန် သာတူးဖော်ကြသည်။

နနွင်းစိုက်ပျိုးရာတွင် မျိုးတစ်ပိဿာလျှင်ငွေကျပ် ၇၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး တစ်နှစ်လျှင်တစ်ကြိမ် တူးဖော်ရောင်းချကြသည်။ ထိုသို့ရောင်းချရာတွင် နနွင်းအစိုတစ်ပိဿာလျှင်ငွေကျပ် ၇၀၀ ဖြင့် ရောင်းချရပြီး အခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ဖြင့်ရောင်းချရကြောင်း ပန်းဆန်ကျေးရွာမှ နနွင်းစိုက်တောင်သူ ဦးသန်းဦးထံက သိရသည်။

ယခင်ကာလများက အိမ်၌ စားသုံးရန် တစ်နိုင်တစ်ပိုင် စိုက်ပျိုးခဲ့ကြရာမှ ယခုအခါ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးလာကြခြင်းဖြစ်သည်။ စီးပွားဖြစ် စိုက်ပျိုးရာတွင် စိုက်ပျိုးမည့်မြေကို တူးဖော်၍ မြေဆွေးထည့်ပြီး ကြိုတင်ပြင်ဆင်ထားကြရသည်။ မိုးဦးကျကာလရောက်သည့်အခါ မျိုးဥများကို ပင်ကြားတန်းကြား နှစ်ပေစီခြား၍ စိုက်ပျိုးကြသည်။ အပင်များထွားလာသည့်အခါ အပင်ခြေရင်းအား မြေဆွမြေပုံပေးကြရသည်။ နှစ်စဉ် နိုဝင်ဘာ၊ ဒီဇင်ဘာလများတွင် တူးဖော်ကြရသည်။

နနွင်းစိုက်ပျိုးရာတွင် တစ်ဧကလျှင်မျိုး ပိဿာချိန်၂၀ ခန့်ထည့်သွင်းစိုက်ပျိုးရပြီး အထွက်နှုန်းမှာ တစ်ဧကစိုက်ပျိုးလျှင် ပိဿာချိန် ၅၀၀ ခန့်ထွက်ရှိကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

# ပြည်တွင်းမှ သရက်သီးခြမ်းများကို အခြောက်ခံပြီး မလေးရှားသို့ စမ်းသပ်တင်ပို့မည်

**မန္တလေး ဇွန် ၂၁**
ပြည်တွင်းမှ အရည်အသွေးကောင်းမွန်သောသရက်သီးများ ပြည်ပသို့တင်ပို့နေရာမှ ရွေးချယ်ကျန်ရှိသည်များကို အလေအလွင့်မရှိစေရန် သရက်သီးခြမ်းများအဖြစ် အခြောက်ခံကာ မလေးရှားသို့ စမ်းသပ်တင်ပို့မည်ဟု မြန်မာနိုင်ငံသရက်သီးအစုအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။

"သရက်သီးအခြောက်တွေ အော်ဒါအများကြီးရှိပါတယ်။ ပို့ကုန်သရက်သီးရဖို့ အရည်အသွေးရှိတာက ကားတစ်စီးမှာ ဆယ်ပုံတစ်ပုံလောက်ပဲပါတော့အကောင်းဆုံးရွေးချယ်ပြီး ကျန်တဲ့သရက်သီးတွေကို သန့်သန့်ရှင်းရှင်းနဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ လုပ်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ စိတ်ဝင်စားလာမယ်။ ပြည်တွင်းက အများကြီးစုဖွဲ့ပြီး တင်ပို့ရောင်းချရင် ပြည်ပဈေးကွက်တစ်ခုရလာမှာပါ။ အဲဒါကြောင့် လွှင့်ပစ်ရမယ့် သရက်သီးတွေကို ပြည်တွင်းမှာ သရက်ပြင်နဲ့ သရက်သီးခြောက် လုပ်တယ်။ အနှစ်တွေလုပ်တယ်။ အစေ့ကိုပျိုးပင်လုပ်ပြီးပြန်ရောင်းတယ်။ အခွံတွေကိုတော့မြေသြဇာလုပ်တဲ့နေရာမှာ သုံးတယ်။ သရက်မှာ ပစ်စရာမရှိဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

အခြားသရက်မျိုးများဖြစ်သည့် ရွှေဟင်္သာ၊ မချစ်စု၊ ပတ္တမြားငမောက် စသည့်အမျိုးအစားများကို ပြည်ပသို့ တင်ပို့သော်လည်း စိန်တလုံးသရက်သီးမှာ အဓိကဈေးကွက်ဖြစ်နေပြီး သရက်သီးမှ အခြားအမယ်များ ထုတ်လုပ်ကာ ပြည်ပဈေးကွက် ထိုးဖောက်ရန် လိုအပ်သည်ဟု ပြောသည်။

"သရက်သီးအနှစ်လုပ်ပြီး ပို့တာရှိတယ်။ စင်ကာပူ၊ မလေးရှား၊ ဂျပန်တို့ စတဲ့နိုင်ငံတွေမှာ ရေခဲမုန့်နဲ့ တခြားမုန့်တွေ ထုတ်လုပ်ရာမှာ သုံးကြတယ်။ အနှစ်ကို မလေးရှားပို့ရာက သရက်ခြမ်းအခြောက်တွေ စမ်းပို့မှာဖြစ်ပါတယ်။ သရက်သီးခြမ်းအခြောက်က နိုင်ငံခြားမှာ ခေတ်စားတယ်" ဟု NT Star Group မှ ဒေါ်ဥမ္မာကျော်က ပြောသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပဲတီစိမ်းဈေးကွက်ကောင်းသော်လည်း သီးနှံအထွက်နည်း၍ စိုက်ပျိုးသူများအမြတ်အစွန်းနည်းပါး

**မြင်းမူ ဇွန် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်အတွင်းရှိ ပဲတီစိမ်းစိုက်ပျိုးသော တောင်သူများအနေဖြင့် ယခုနှစ်ပဲတီစိမ်းကောက်သိမ်းပြီးချိန်တွင် ပဲအထွက်နှုန်း နည်းပါးသဖြင့် ယခင်နှစ်များကဲ့သို့ အမြတ်အစွန်းမရရှိကြောင်း သိရသည်။

"ကျွန်တော်တို့ နယ်ဘက်က တောင်သူအများစုက ပဲတီစိမ်းစိုက်တာများပါတယ်။ အရင်နှစ်တွေက ပဲအထွက်များတဲ့အတွက် အမြတ်အစွန်းပိုခဲ့ပါတယ်။ အခုနှစ်က ပဲအထွက်နည်းတဲ့အတွက် ဝင်ငွေနည်းပါတယ်။ ပဲတီစိမ်းသီးနှံမှာ ဈေးကွက်ခိုင်မာတဲ့ သီးနှံဖြစ်တဲ့အတွက် တောင်သူတွေ စိုက်ပျိုးလျက်ရှိပါတယ်" ဟု မြင်းမူမြို့နယ် ကန်ဖျားကျေးရွာမှ ပဲတီစိမ်းစိုက်တောင်သူ ဦးမောင်မောင်ကြိုင်ထံမှ သိရသည်။ ပဲတီစိမ်းကို ကဆုန်လတွင် စတင်စိုက်ပျိုးကြောင်း၊ ပဲတီစိမ်းတစ်ဧက စိုက်ပျိုးရာတွင် ငွေကျပ် ၂၈၀၀၀၀ ခန့်ကုန်ကျကြောင်း၊ ပုံမှန် ၁၅ တင်းထွက်ရှိပါက လက်ရှိပဲဈေးတစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တွက်ပါက အမြတ်ငွေကျပ် ၁၇၀၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ယခုနှစ်ပဲအထွက်မှာ ၁၀ တင်းခန့်သာရှိ၍ လက်ရှိပဲဈေးငွေကျပ် ၃၀၀၀၀ ရှိသည့်အတွက် ငွေကျပ် ၃၀၀၀၀၀ သာရရှိပြီး အမြတ်မရှိကြောင်း သိရသည်။

သို့ရာတွင် ပဲတီစိမ်းပဲအမျိုးအစားမှာ နှစ်စဉ်ဈေးကွက်ကောင်းသောသီးနှံဖြစ်သောကြောင့် မြင်းမူမြို့နယ်တွင် ဒေသခံတောင်သူအများစုစိုက်ပျိုးသော သီးနှံဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

## ရွှေဘိုမြို့နယ်ရှိ တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး

**နေပြည်တော် ဇွန် ၂၁**
ရွှေဘိုမြို့နယ် တင့်တယ်ရွာတွဲဖက် အလယ်တန်းကျောင်းတွင် ဇွန်လဒုတိယပတ်က နေပြည်တော်မှ စိုက်ပျိုးရေးပညာရှင်များက ဒေသခံစပါးစိုက် တောင်သူများအား မိုးရာသီရွှေဘိုပေါ်ဆန်းဘေးကြားမစိုက်မီ သတိပြုရန်နှင့် လိုက်နာဆောင်ရွက်သင့်သည့် စိုက်ပျိုးနည်းပညာ ဗဟုသုတများနှင့် သုတေသနရလဒ်များကို ဆွေးနွေးမျှဝေပေးသည်။

အဆိုပါဆွေးနွေးပွဲတွင် နေပြည်တော်ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်)၊ စပါးနှင့် နှံစားသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဒေါ်မွှေးမွှေး၊ မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေး အင်ဂျင်နီယာဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာစုစုဝင်း၊ သုတေသနမှူးများ ဖြစ်ကြသော စိုက်ပျိုးရေးအဏုဇီဝသုတေသနဌာနစု တာဝန်ခံဒေါက်တာ မော်မော်သန်းနှင့် ပိုးမွှားသုတေသန ဌာနစုတာဝန်ခံ ဒေါက်တာ ခင်သိန်းညွှန့်တို့က ပေါ်ဆန်းစပါးအပါအဝင် စပါးစိုက်ပျိုးရာတွင် လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများနှင့် သီးနှံပိုးစံများအကြောင်း၊ မြေဆီလွှာ ထိန်းသိမ်းပြုပြင်ခြင်း၊ အော်ဂဲနစ်မြေသြဇာထည့်သွင်းခြင်း အပါအဝင် အနည်းလိုနှင့် အများလိုအပင် အာဟာရဓာတ်များ ထည့်သွင်းရာတွင် သတိပြုလိုက်နာ ဆောင်ရွက်ရန် နည်းလမ်းများ၊ အဏုဇီဝမြေသြဇာများ သုံးစွဲခြင်းနှင့် အကျိုးပြု အဏုဇီဝသက်ရှိအသုံးပြု၍ မြေဆောင်ရောဂါများ ကာကွယ်နှိမ်နင်းခြင်းနှင့် သီးနှံဖျက်ပိုးများ ကာကွယ်နှိမ်နင်းနည်းလမ်းများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**မေမိုးသဲ**

# မိုးကြိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပေးနှိုးဆော်

မြန်မာနိုင်ငံတွင် မိုးကြိုးဘေးအန္တရာယ်သည် မိုးကြိုကာလနှင့် မိုးနှောင်းကာလများ၌ ပိုမိုဖြစ်ပွားတတ်ပြီး လေ့လာတွေ့ရှိမှုများအရ တစ်နေ့တာအတွင်း မိုးကြိုးပစ်ခြင်း အဖြစ်အများဆုံးအချိန်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

မိုးကြိုးပစ်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် လူ ၁၃၃ ဦးသေဆုံးခဲ့ပြီး ၅၂ ဦး ဒဏ်ရာရရှိခဲ့ကာ ယခု ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်မှ ဇွန် ၆ ရက်အထိ လူ ၆၂ ဦးသေဆုံးကာ ၂၆ ဦး ဒဏ်ရာရရှိခဲ့ပါသည်။ မိုးကြိုးပစ်မှုဖြစ်စဉ်များကို ကြည့်ပါက မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း ဖြစ်ပေါ်နေချိန်များတွင် လယ်ကွင်းထဲ၌အလုပ်လုပ်နေစဉ်၊ အိမ်အပြင်ဘက်၌ လူများတစ်စုတစ်စည်းတည်းရှိနေစဉ်၊ လမ်းပေါ်စက်ဘီးတွန်းလာစဉ်၊ မြစ်ကမ်းဘေးတွင်လမ်းလျှောက်လာစဉ်၊ နေအိမ်ခြံဝင်းအတွင်း သစ်ပင်ဘေး၌ထိုင်နေစဉ်၊ ရေမြောင်းတူးနေစဉ်၊ နေအိမ်တံစက်မြိတ်၌ မိုးရေချိုးနေစဉ်၊ နေအိမ်ထဲ၌ရေဒီယိုနားထောင်နေစဉ်၊ အိမ်ထဲ၌ဖုန်းဖြင့်အင်တာနက်အသုံးပြုနေစဉ်၊ ဖုန်းပြောနေစဉ်၊ သစ်ပင်အောက်တွင်မိုးခိုနေစဉ်၊ တောင်ယာတဲအတွင်းရှိနေစဉ်၊ ချောင်းထဲတွင် ငါးဖမ်းနေစဉ်၊ အုန်းပင်အနီးရှိနေစဉ် စသည်ဖြင့်တွေ့ရှိရပါသည်။

သို့ဖြစ်ရာ မိုးကြိုးပစ်မှုများသည် အဆောက်အအုံများအပြင်ဘက်၊ လယ်ကွင်း၊ ကွင်းပြင်များ၌သာမက အိမ်အတွင်း၌ရှိနေစဉ်တွင်ပင် မိုးကြိုးစက်ကွင်း အန္တရာယ်ရှိနိုင်ပြီး သေဆုံးမှုများ၊ ဒဏ်ရာရမှုများ ဖြစ်ပွားတတ်ကြောင်း သတိပြုနိုင်ပါရန်နှင့် မိုးထစ်ချုန်းရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နေချိန်တွင် အောက်ပါအချက်များကို အထူးသတိပြု လိုက်နာနေထိုင်ကြပါရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်အပ်ပါသည်–

**(က) အိမ်အပြင်တွင်ရောက်ရှိနေပါက–**

(၁) အိမ်ထဲသို့ ချက်ချင်းပြေးဝင်ပါ။ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားပါနှင့်၊ သံ/သတ္တု ပစ္စည်းများသည် လျှပ်စစ် အလွယ်တကူစီးနိုင်သောကြောင့် မိုးကြိုး အလွယ်တကူပစ်နိုင်ပါသည်။

(၂) သစ်ပင်၊ ဓာတ်တိုင်၊ သွပ်ဆူးကြိုးကာထားသည့်ခြံစည်းရိုးနှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်၊

(၃) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲမှချက်ချင်းတက်ပြီး လုံခြုံသည့် နေရာအမိုးအကာရှာ၍နေပါ။

(၄) ကွင်းပြင်ကျယ်တွင် လူစုလူဝေးဖြစ်နေပါက အမြန်ဆုံးလူစုခွဲပါ။

(၅) ကွင်းပြင်တွင် ထီးထီးကြီးမနေပါနှင့်။ မလွဲသာမရှောင်သာဘဲ ကွင်းပြင်နှင့် လွင်တီးခေါင်အလယ်တွင်ရောက်နေပါက လျှပ်စီးလက်၍ မိုးထစ်ချုန်းသံများ ကြားလျှင် ရပ်မနေဘဲ နီးစပ်ရာ နိမ့်သောနေရာများနှင့် ချိုင့်ဝှမ်းများအတွင်း၌ ဝပ်နေပါ။

(၆) စက်ဘီး၊ ဆိုင်ကယ်ပေါ်ရောက်ရှိနေပါက အမြန်ဆုံးဆင်းပါ။

(၇) ဆံပင်များထောင်လာသည်ဟု ခံစားရပါက မိုးကြိုးပစ်တော့မည့် လက္ခဏာဖြစ်သည်။ ထိုသို့ဖြစ်ပွားပါက ဒူးထောက်ချလိုက်ပြီး လက်နှစ်ဖက်ကို ဒူးပေါ်သို့ ယှက်တင်၍ ခန္ဓာကိုယ်ကို ကွေးညွတ်ထားပါ၊ မြေပြင်ပေါ်တွင် ပြားပြားဝပ်မှောက်မနေပါနှင့်။ ထိုသို့မှောက်နေပါက သင့်ခန္ဓာကိုယ်သည် ပိုကြီးမားသော မိုးကြိုးပစ်မှတ် ဖြစ်သွားနိုင်ပါသည်။

(၈) လှေသမားများ၊ ရေကူးသမားများအနေဖြင့် ဖြစ်နိုင်သမျှ ကမ်းသို့ကပ်ပါ။

**( ခ ) အိမ်အတွင်းတွင်ရှိနေပါက–**

(၁) ဖြစ်နိုင်ပါက အဆောက်အဦ၏ အလယ်တွင်နေပါ။ ပြတင်းပေါက်များနှင့် ဝေးကွာသော နေရာတွင်နေပါ။

(၂) ရေဒီယိုနားထောင်ခြင်း၊ တီဗွီများကြည့်ခြင်းများ မပြုလုပ်သင့်ပါ။

(၃) ဖုန်းပြောခြင်း၊ ဖုန်းဖြင့် အင်တာနက်သုံးခြင်းများ မပြုလုပ်သင့်ပါ။

(၄) လျှပ်စစ်နှင့် ဆိုင်သောပစ္စည်းများကို ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(၅) လျှပ်စီးများလက်နေသည့်အခါ ရေသုံးစွဲခြင်း၊ ရေချိုးခြင်း မပြုလုပ်သင့်ပါ။ အိမ်အတွင်းရှိ သံ/သတ္တုနှင့်ဆက်စပ်သော ပစ္စည်းများတွင် လျှပ်စစ်စီးဝင်နိုင်သည်ကို သတိပြုပါ။ မည်သည့် သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။ လျှပ်စစ် စီးကူးလွယ်သည့် ပစ္စည်းများနှင့် ဝေးရာတွင် နေထိုင်သင့်ပါသည်။

(၆) မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ပါ။

**( ဂ) ကားမောင်းနေပါက–**

(၁) အရှိန်ကိုလျှော့ပါ။ လမ်းဘေးသို့ချရပ်ပါ။ ကားထဲတွင်သာ ဆက်နေပါ။

(၂) ကားရပ်ထားစဉ် အရေးပေါ်အချက်ပြမီးကို ဖွင့်ထားပါ။

(၃) သစ်ပင်ကဲ့သို့ ရှည်လျားမြင့်မားသည့်အရာများနှင့် ဝေးရာတွင်နေပါ။ ၎င်းအရာများသည် လေပြင်းဒဏ်ကြောင့်သော်လည်းကောင်း၊ မိုးကြိုးပစ်သည့် ဒဏ်ကြောင့်သော်လည်းကောင်း လဲကျနိုင်၍ဖြစ်သည်။

(၄) ကားထဲတွင်မည်သည့်သံ/သတ္တုပစ္စည်းကိုမှ မကိုင်ပါနှင့်။

(၅) ရေလွှမ်းနေသော လမ်းပေါ်တွင် ကားမမောင်းပါနှင့်။

ပြည်သူလူထုအနေဖြင့် မိုးကြိုးဘေးအန္တရာယ်ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများကို လေ့လာမှတ်သားထားကြပါရန်၊ ကိုယ်တိုင်လိုက်နာဆောင်ရွက်ခြင်း၊ မိမိပတ်ဝန်းကျင်တွင်လည်း အသိပညာမျှဝေခြင်းများဖြင့် မိုးကြိုးဘေးအန္တရာယ်ကင်းဝေးရေး ပါဝင်ဆောင်ရွက်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်သတင်းရယူ အကူအညီ တောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဒုတိယအကြိမ် ITU Innovation Challenges 2020 ပြိုင်ပွဲအတွက် လူငယ်ဝါသနာရှင်များအား ကွန်ပျူတာအသင်းချုပ်က ဖိတ်ခေါ်ထား

**ရန်ကုန် ဇွန် ၂၁**
အပြည်ပြည်ဆိုင်ရာ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ် (International Telecommunication Union-ITU)က ကြီးမှူး၍ ဒုတိယအကြိမ်မြောက် ITU Innovation Challenges 2020 ပြိုင်ပွဲကို ကဏ္ဍသုံးခုဖြင့် နိုင်ငံတကာအဆင့် ကျင်းပသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံမှလူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ရန် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြိုင်ပွဲဝင်များကို ဖိတ်ခေါ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ သိရသည်။

ပြိုင်ပွဲကို The Digital Change-maker Challenge, The Ecosystem Best Practice Challenge နှင့် The Women in Tech Challenge ဟု ကဏ္ဍသုံးခုဖြင့် ကျင်းပမည်ဖြစ်ပြီး အိုင်စီတီနည်းပညာများကို အသုံးပြု ယှဉ်ပြိုင်ရမည်ဖြစ်ကာ စိတ်ပါဝင်စားသော လူငယ် Social Entrepreneurs များနှင့် Strat-up လုပ်ငန်းများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

The Digital Change-maker Challenge ကဏ္ဍတွင် cyber security and regulation, digital inclusion, climate change စသည့် အကြောင်းအရာများ ပါဝင်သော ကွန်ပျူတာနှင့် မိုဘိုင်း အက်ပလီကေးရှင်းများဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး လက်တွေ့လူမှုဘဝအတွက် အသုံးဝင်သည့် အက်ပလီကေးရှင်းများ၊ value chain တွင် ပြောင်းလဲမှုများဖန်တီးပေးသော အက်ပလီကေးရှင်းများနှင့် ကိုဗစ်-၁၉ ကာလ ပြောင်းလဲမှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အသုံးပြုသော/သုံးစွဲလျက်ရှိသော အက်ပလီကေးရှင်းများဖြင့် ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

The Ecosystem Best Practice Challenge ကဏ္ဍတွင် နည်းပညာပြောင်းလဲမှုများပေးနိုင်မည့် ဖြေရှင်းချက်များ၊ ဒစ်ဂျစ်တယ် နည်းပညာကွာဟချက်ကို ဖြေလျှော့ပေးနိုင်မည့် ဖြေရှင်းချက်များနှင့် Best Practice အဖြစ် အတုယူနိုင်မည့် ဖြေရှင်းချက်များဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

The Women in Tech Challenge ကဏ္ဍတွင် စိုက်ပျိုးရေး၊ ဖက်ရှင်နှင့် ကျန်းမာရေးကဏ္ဍများ စသည်တို့တွင် နည်းပညာအသုံးပြု၍ ဆောင်ရွက်နေသည့် အမျိုးသမီးများနှင့် အမျိုးသမီးများ၏ စွမ်းဆောင်မှုများကို မြှင့်တင်ပေးနေသည့် Innovators များ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သူများသည် တစ်ဦးလျှင် ကဏ္ဍတစ်ခုကိုသာ ရွေးချယ်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သော ကမ္ဘာတစ်ဝန်းပြိုင်ပွဲဝင်များအနက်မှ ကဏ္ဍတစ်မျိုးစီအတွက် ဆုရရှိသူ ငါးဦးစီကို သြဂုတ်လအစောပိုင်းတွင် ရွေးချယ်ကြေညာသွားမည်ဖြစ်ကြောင်း၊ ဆုရရှိသူများအနေဖြင့် အောက်တိုဘာလအတွင်း ကျင်းပမည့် "Global Innovation Forum" ဆွေးနွေးပွဲကာလအတွင်း ထည့်သွင်းကျင်းပမည့် Capacity-building Workshops အလုပ်ရုံဆွေးနွေးပွဲများသို့ ဖိတ်ကြားခြင်းခံရမည့် အခွင့်အရေးနှင့်အတူ နိုင်ငံတကာမှ ကျွမ်းကျင်ပညာရှင်များ၊ နည်းပညာခေါင်းဆောင်များနှင့် အတွေ့အကြုံများ ဖလှယ်နိုင်မည့် အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ယခုလက်ရှိ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ကိုဗစ်-၁၉ ဖြစ်ပွားနေသည့် အခြေအနေများကြောင့် ဆွေးနွေးပွဲကို Online Event အနေဖြင့်သာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်မည့်သူများအနေဖြင့် ပြိုင်ပွဲလျှောက်ထားသည့် အမျိုးအစား၊ အခြေအနေနှင့် အချက်အလက်များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး၊ အီးမေးလ်လိပ်စာ office@mcf.org.mm, ictcompetition@gmail.com သို့ ဇူလိုင် ၂၅ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး အသေးစိတ်ထပ်မံသိရှိလိုသည်များကို မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ရုံး၊ MICT Park၊ ဖုန်း-၀၁-၆၅၂၀၇၇၊ ၀၁-၂၃၀၅၂၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ ပြည်တွင်းရှိ တက္ကသိုလ်အချို့မှ နည်းပညာဆိုင်ရာ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြရန်အတွက်လည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးဦးစီးဌာနက ပြည်တွင်းတက္ကသိုလ်အချို့ထံသို့ အကြောင်းကြားထားကာ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြရန်အတွက် ကျောင်းအုပ်ကြီးများက စီစဉ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**သူရဖြိုး**

# ပြည့်စုံမှန်ကန်စွာ မှတ်ပုံတင်ထားခြင်းမပြုဘဲ ရောင်းချနေသောဆင်းကတ်များကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန် MPT က သုံးစွဲသူများအား အသိပေးပန်ကြား

**ရန်ကုန် ဇွန် ၂၁**
တိကျမှန်ကန်မှုမရှိသော ကိုယ်ရေးအချက်အလက်များနှင့် ခိုင်လုံသော သက်သေအထောက်အထားများ မပါရှိဘဲ ကြိုတင်မှတ်ပုံတင်ထားပြီး စျေးကွက်အတွင်း ရောင်းချလျက်ရှိသည့် MPT ၏ ဆင်းကတ်များမှာ လက်ရှိအချိန်တွင် အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းခံရသည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ပြီး ဆင်းကတ်မှတ်ပုံတင်ရန် သတ်မှတ်ထားသော နောက်ဆုံးရက်ဖြစ်သည့် ဇွန် ၃၀ ရက်နောက်ပိုင်းတွင် အဆိုပါဆင်းကတ်များကို ဖျက်သိမ်းသွားရမည်ဖြစ်၍ အသုံးပြုသူများအနေဖြင့် ဝယ်ယူသုံးစွဲခြင်းမပြုကြရန် MPT က ဇွန် ၁၈ ရက်တွင် အသိပေးကြေညာခဲ့သည်။

သုံးစွဲသူများအား ပြည့်စုံမှန်ကန်သော အချက်အလက်များဖြင့် ဆင်းကတ်မှတ်ပုံတင်နိုင်ရန် ကူညီပေးခြင်း၊ ဝန်ဆောင်မှုပေးခြင်း မရှိသော ရောင်းချသူများနှင့် ဆိုင်များထံမှ ဆင်းကတ်များကို ဝယ်ယူခြင်းမပြုကြရန်နှင့် လက်ရှိ MPT သုံးစွဲနေသူများအနေဖြင့်လည်း မိမိတို့၏ ဆင်းကတ်များကို ဆုံးရှုံးမှုမရှိစေရန်အတွက် ဆင်းကတ်မှတ်ပုံတင်ခြင်းကို မပျက်မကွက် လုပ်ဆောင်ကြရန် MPT က တိုက်တွန်းထားသည်။

"ဆင်းကတ်မှတ်ပုံတင်ခြင်းက ဥပဒေအရ လိုအပ်တဲ့ကိစ္စတစ်ခုဖြစ်ပြီး မသမာမှုတွေနဲ့ အလွဲသုံးစားလုပ်တာတွေကို ရှောင်ရှားနိုင်ဖို့ အဓိက အရေးကြီးတယ်ဆိုတာကို ကျွန်တော့်အနေနဲ့ ထပ်မံပြောလိုပါတယ်။ တစ်ဆက်တည်းမှာပဲ MPT အနေနဲ့ 'မှန်ကန်ကြောင်း အတည်ပြုပြီးမှသာ သုံးစွဲနိုင်မည့် အနေအထားသို့ ရောက်ရှိနိုင်သည့်စနစ်'ကို ဆောင်ရွက်ထားပြီးဖြစ်တဲ့အားလျော်စွာ သုံးစွဲသူတွေအနေနဲ့ ကျွန်တော်တို့ သတ်မှတ်ထားတဲ့ နည်းလမ်းအမျိုးမျိုးကို အသုံးပြုပြီး ဆင်းကတ်မှတ်ပုံတင်ကြဖို့ကိုလည်း တိုက်တွန်းလုပ်ဆောင်နေပါတယ်။ အရေးအကြီးဆုံးအချက်ကတော့ သုံးစွဲသူတွေအနေနဲ့ ဆင်းကတ်တွေ ဝယ်ယူအသုံးပြုတဲ့အခါမှာ MPT က တရားဝင် ရောင်းချခွင့်ပြုထားတဲ့ အရောင်းဆိုင်တွေကနေပဲ ဝယ်ယူအသုံးပြုကြဖို့ သတိပေးပြောကြားလိုပါတယ်"ဟု MPT မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။




ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းဖြစ်သည့် လူတစ်ဦးလျှင် ဆင်းကတ်နှစ်ကတ်ကိုသာ အမည်မှန်၊ အချက်အလက်အမှန်များဖြင့် ဇွန်လကုန် နောက်ဆုံးထား၍ မှတ်ပုံတင်ပြီး အသုံးပြုကြရန် သတ်မှတ်ထားချက်အရ တယ်လီကွန်း အော်ပရေတာများအနေဖြင့် ၎င်းတို့၏ တရားဝင် အရောင်းဆိုင်များတွင်သာ ဆင်းကတ်အသစ်များ ရောင်းချခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ MPT အနေဖြင့်လည်း တရားဝင်မဟုတ်သော ဆိုင်များမှတစ်ဆင့် ပြည်သူများထံသို့ မှတ်ပုံတင်ထားခြင်းမရှိသော ဆင်းကတ်များ ရောင်းချခြင်းမရှိအောင် ဆောင်ရွက်နေပြီဖြစ်ကြောင်း MPT က ကြေညာထားသည်။

ထို့အပြင် MPT ၏ အရောင်းကိုယ်စားလှယ်များအနေဖြင့် မည်သည့်အခြေအနေတွင်မဆို ဆင်းကတ်များကို မှတ်ပုံတင်ခြင်းမပြုဘဲ ရောင်းချခြင်းမပြုရန် ကန့်သတ်ထားသလို ကြိုတင်မှတ်ပုံတင်ထားသော ဆင်းကတ်များကို သုံးစွဲသူများထံသို့ မည်သည့်နည်းဖြင့် ရောင်းချခြင်းကိုမဆို တားမြစ်ကန့်သတ်ထားကြောင်းလည်း MPT က ကြေညာထားသည်။

MPT အသုံးပြုသူများအနေဖြင့် ဆင်းကတ်များကို မှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုသည့်အချက်များကို Hotline ဖုန်းနံပါတ် 106 သို့ ခေါ်ဆို၍လည်းကောင်း၊ MPT ၏ ဝက်ဘ်ဆိုက် www.mpt.com.mm သို့မဟုတ် MPT ၏ တရားဝင်ဖေ့စ်ဘုတ်စာမျက်နှာ www.facebook.com/mptofficialpage တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။

မိုဘိုင်းဖုန်းများကို အသုံးပြုနေသူများအနေဖြင့် ဆင်းကတ်များကို မိမိတို့၏ တရားဝင်အမည်နှင့် မှန်ကန်သော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တို့ဖြင့် အချက်အလက်မှန်ကန်စွာ မှတ်ပုံတင်သုံးစွဲခြင်းဖြင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို သုံးစွဲရာတွင် မသမာမှုကျူးလွန်သူများ၏ရန်မှ ရှောင်ရှားနိုင်မည်ဖြစ်ကာ ဆင်းကတ်မှတ်ပုံတင်ခြင်းသည် အမှန်တကယ်သုံးစွဲနေသူတို့အား အလွဲသုံးစားပြုလုပ်ခြင်းနှင့် အသုံးချခံရခြင်းတို့မှ ကာကွယ်နိုင်ရန် အထောက်အပံ့ဖြစ်စေနိုင်မည်လည်းဖြစ်သည်။

**သူရဖြိုး**

## New Product

# ၄၈ မဂ္ဂါပစ်ဇယ် Quad Camera ပါဝင်ပြီး စျေးနှုန်းသက်သာတဲ့ Redmi 10X (4G)

Redmi 10X (4G)ဟာ Xiaomi ရဲ့ တန်ဖိုးနည်းဖုန်းစီးရီးဖြစ်တဲ့ Redmi စီးရီးထဲက နောက်ဆုံးထွက် ဖုန်းမော်ဒယ်သစ်တစ်ခု ဖြစ်ပါတယ်။ နိုင်ငံတကာစျေးကွက်မှာ မေလကုန်ပိုင်းက စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းစျေးကွက်ကို ဇွန်လဆန်းအတွင်း ဝင်လာခဲ့တာဖြစ်ပါတယ်။ နိုင်ငံတကာမှာ 4G နဲ့ 5G လို့ နှစ်မျိုးခွဲထွက်ထားပြီး ပြည်တွင်းကိုတော့ 4G က အရင်ရောက်လာတာဖြစ်ပါတယ်။

Xiaomi ဟာ တန်ဖိုးနည်းပြီး အရည်အသွေးကောင်းတဲ့ဖုန်းတွေကို Redmi နာမည်နဲ့ ထုတ်လုပ်ခဲ့ရာမှာ အခု အသစ်ထပ်ထွက်လာတဲ့ Redmi 10X ကလည်း စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်ပြီး စျေးနှုန်းလည်း မများသလို ဒီဇိုင်းပိုင်းလည်း လှပတာကြောင့် စျေးကွက်အတွင်းမှာ စိတ်ဝင်စားမှုများနေပါတယ်။

မျက်နှာပြင်အကျယ်ဟာ ၆ ဒသမ ၅၃ လက်မရှိလို့ အရွယ်အစားအနေနဲ့ အတော်ကြီးမားပေမယ့် ဖုန်းရဲ့ အောက်ဘက်ဘောင်နေရာကလွဲရင် Screen အပြည့်နီးပါးဖြစ်လို့ လက်ထဲမှာကိုင်တွယ်အသုံးပြုရတာ အဆင်ပြေတဲ့ အနေအထားဖြစ်ပါတယ်။ Resolution ပိုင်းအနေနဲ့လည်း 1080 x 2340 pixels ရှိလို့ ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။ မျက်နှာပြင်ကို ထိခိုက်မှုတွေကနေ ကာကွယ်နိုင်ဖို့ Corning Gorilla Glass 5 နဲ့ ဖုံးအုပ်ထားပြီး Water-repellent coating လည်း ပါဝင်လို့ လက်ကိုရေစိုနေတဲ့ အခြေအနေမျိုးမှာတောင် ဖုန်းရဲ့ Touch screen ကို ကောင်းကောင်းအသုံးပြုနိုင်မှာဖြစ်ပါတယ်။ အားနည်းချက်ကတော့ တန်ဖိုးနည်းဖုန်းတစ်လုံးဖြစ်တဲ့အတွက် AMOLED screen မဟုတ်ဘဲ LCD screen ကိုပဲ သုံးထားတာဖြစ်ပါတယ်။




အန်းဒရွိုက်ဗားရှင်းအနေနဲ့တော့ Android 10 ကို MiUI 11 နဲ့ တွဲသုံးထားပြီး လတ်တလော ပြည်တွင်းစျေးကွက်ကို ဝင်နေတာက တရုတ်နိုင်ငံတွင်းအတွက် ထုတ်တဲ့ China ROM အလုံးတွေဖြစ်ပါတယ်။ Xiaomi အနေနဲ့ နောက်ပိုင်းမှာ Global ROM တွေ ထပ်ထုတ်ပေးလေ့ရှိတာမို့ နောက်ပိုင်းမှာ Global ပြောင်းပြီး သုံးချင်တဲ့သူတွေအတွက်လည်း အဆင်ပြေနိုင်မှာဖြစ်ပါတယ်။

Chipset ပိုင်းမှာတော့ MediaTek Helio G85(12nm)ကြောင့် အနည်းငယ်နိမ့်တယ်လို့ဆိုနိုင်ပေမယ့် တန်ဖိုးနည်းဖုန်းတစ်လုံးအနေနဲ့တော့ သင့်တော်တာတွေ့ရပါတယ်။ CPU က Cortex-A75 နဲ့ Cortex-A55 Octa-core ကို သုံးထားပါတယ်။ RAM နဲ့ မင်မိုရီပိုင်းအနေနဲ့ နိုင်ငံတကာစျေးကွက်မှာ 4GB/128GB နဲ့ 6GB/128GB လို့ နှစ်မျိုးထုတ်ထားပြီး ပြည်တွင်းကိုတော့ 4GB/128GB တစ်မျိုးပဲ ဝင်နေပါသေးတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးဖို့လည်း သီးသန့်အပေါက်ပါဝင်ပြီး ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၄၈ မဂ္ဂါပစ်ဇယ် ပင်မကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်(ultrawide)ကင်မရာ၊ ၂ မဂ္ဂါပစ်ဇယ်(macro)ကင်မရာနဲ့ ၂ မဂ္ဂါပစ်ဇယ်(depth)ကင်မရာတွေပါဝင်တဲ့ Quad Cam အမျိုးအစားဖြစ်လို့ အရည်အသွေးကောင်းမွန်တဲ့ ဓာတ်ပုံနဲ့ HD အရည်အသွေး ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာက ၁၃ မဂ္ဂါပစ်ဇယ်ရှိပြီး အရင် redmi ဖုန်းတွေလို notch ဒီဇိုင်းမဟုတ်တော့ဘဲ screen ရဲ့ထောင့်မှာ အပေါက်ဖောက်ထည့်ထားတဲ့ Punch Hole ဒီဇိုင်းဖြစ်လို့ ဖုန်းတစ်ခုလုံးရဲ့ဒီဇိုင်းက ပိုပြီး လှပသွားပါတယ်။

အခြားထူးခြားချက်အနေနဲ့ ဘက်ထရီဟာ 5020mAh ရှိလို့ ပမာဏများပြားပြီး အချိန်ကြာမြင့်စွာ တစ်ဆက်တည်း အသုံးပြုနိုင်ပါတယ်။ 18W အမြန်နှုန်းနဲ့ အားသွင်းပေးနိုင်တဲ့ Fast charging စနစ်လည်း ပါဝင်ပါတယ်။ USB က 2.0, Type-C 1.0 reversible connector ဖြစ်ပြီး On-The-Go စနစ်ကိုလည်း ထောက်ပံ့ထားပါတယ်။ ဘလူးတုသ်နားကြပ်နဲ့ mi band တို့လို ပစ္စည်းတွေကို ဖုန်းကနေ အားပြန်သွင်းပေးဖို့ reverse charging စနစ်လည်း ပါဝင်ပါတယ်။ လက်ရှိ ပြည်တွင်းစျေးကွက်ထဲက ဆိုင်တွေမှာ ကိုယ်ထည်အရောင် အပြာနဲ့ အစိမ်း နှစ်မျိုးရနိုင်ပြီး စျေးနှုန်းက 4GB/128GB အတွက် ကျပ် ၂၂၀၀၀၀ ဝန်းကျင် ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## ဦးမောင်ကောင်း(ခ) ဦးစိန်လှမောင်

ဆင်အိုင်းချိုင်ကျေးရွာ၊ ကျောက်တော်မြို့နယ်

အသက်(၆၂)နှစ်

ကျောက်တော်မြို့နယ်၊ ဆင်အိုးချိုင်ကျေးရွာနေ ဒေါ်မအေးလှ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဦးဆန်းဝင်း-ဒေါ်ဝင်းသိဂီ၊ ဦးအောင်ဆန်း- ဒေါ်အေးနွယ်သိန်း၊ ဦးကျော်ထွန်းလှိုင်-ဒေါ်သန်းသန်းမိုး(ခ)မယေ၊ ဦးကျော်ဆန်း-ဒေါ်လှလှယဉ်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးရှင်သည် ၂၀-၆-၂၀၂၀ရက် ည ၁၁နာရီတွင် ဆင်အိုးချိုင်ကျေး ရွာနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၂၀ရက် နေ့လယ်တွင် ဆင်အိုးချိုင်ကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း

## Pu Hniar NunTiam @ ဦးဘသန်း

အသက်(၆၀)

ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် Thlan Cing ရွာနေ (Pu Mang Dai Lo -Pi Tial Tin LKim ) တို့၏ သား၊ Pu Hrang Thuam (Pyin Oo Lwin), Pu Nung Sawn (Falam), Pi Lal Tuah Thiam (Tahan, Kalay), Pu San Hmung (USA) တို့၏ညီ/အစ်ကို၊ Pi Tuan Cing ၏ချစ်လှစွာသောခင်ပွန်း၊ Dr. Lal Cung Luai, Pi Lal Hnem Mawi နှင့် Salai Lal Lian Uk တို့၏ ဖခင်၊ Thang Sian Muang နှင့် Lal Rin Kim တို့၏ အဘိုးသည် ၂၁-၆-၂၀၂၀ ရက် နံနက် ၂:၃၀ နာရီတွင် ဗဟိုရိုရ်စည်ဆေးရုံ၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက် နံနက် ၉နာရီတွင် ရေဝေး ခရစ်ယာန် ဂိုဏ်းပေါင်းစုံခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက် ကယ်ပါ

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး@Le Ah Haung

အသက်(၆၄)နှစ်

ခင်မင်ရင်းနှီးရပါသော မိတ်ဆွေ ဦးဇော်မင်း(ခ)ဦးလုလု (ရန်ကုန်ဂေါက်သီးရိုက်အသင်း Captain)၏ဇနီး ဒေါ်အေးအေး @Le Ah Haungသည် ၂၀-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာကျော်လင်း-ဒေါ်နီနီအောင်

ဒုတိယဝန်ကြီး

ဆောက်လုပ်ရေးဝန်ကြီးဌာန

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး(ခ) Le Ah Haung

အသက်(၆၄)နှစ်

Htoo Group of Companies ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး ဒေါ်အေးအေး (ခ) Le Ah Haung အသက်(၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက်(စနေနေ့)နံနက် ၈:၃၀ နာရီတွင်ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Architect M.Thaw & Associates

မိသားစု

## ဒေါ်စန်းမြင့်

အသက်(၉၃)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်လှ-ဒေါ်ထွေး)တို့၏သမီး၊ မုံရွာမြို့နေ (ဦးအောင်သိန်း-ဒေါ်လှကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ အရှေ့ရွှေဂုံတိုင်လမ်း၊ အမှတ်(၁၂)နေ (စာရေးဆရာ လင်းယုန်မောင်မောင်)၏ဇနီး၊ ဦးဇေယျ(သားကြီး မောင်ဇေယျ)-ဒေါ်ရီရီတင့်(အထက်တန်းပြ၊ အထက-၂၊ ဗဟန်း)၊ ဦးဒေဝ၊ ဒေါ်မာလာမောင်မောင်(အထက-၃၊ ဗဟန်း-ငြိမ်း)၊ ဒေါ်နီလာမောင်မောင်-ဦးထွန်းထွန်းနိုင်(နဂါးမင်းဆီစက်၊ ထန်းတပင်-ပဲခူးတိုင်းဒေသကြီး)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ မြစ် တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်

အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(မွေးရေ/ကျေးလက်)မှ [အမြဲတမ်းအတွင်းဝန်(ငြိမ်း)ဒေါက်တာခင်ဇော်၏ ဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ရက်နံနက် ၁၀:၄၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ

ငါးလုပ်ငန်းဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး၊ ကိုချမ်းငြိမ်းဇော်-မအိအိသွယ်၊ မပိုးသဲ-ကိုကျော်ထွန်းဝင်း၊ မအိသဲတို့၏ချစ်လှစွာသောမိခင်၊ ဒေါ်အေးအေး@ LE AH HAUNG အသက်(၆၄) နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Dr ဒေါ်ငွေငွေကြည်

သား-ဦးကောင်းမြတ်

သမီး-ဒေါ်စိမ်းလဲ့ရည်-Mr.Jeffrey Karim

Pinlon Group of Hospitals

Universal Construction Co.Ltd;

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်ခင်အေးဝင်း(ထားဝယ်) အသက်(၇၂)နှစ်

ဒုဦးစီးမှူး(ငြိမ်း)

အမျိုးသား မှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ် ၁၉၊ ဦးကွန်းဇော်ရိပ်သာ၊ ကန်လမ်း၊ တံတားဖြူနေ [ ဦးတင်(အထွေထွေ မန်နေဂျာ၊ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး-ငြိမ်း)-ဒေါ်မမကြီး]တို့၏ သမီး၊ လှိုင်သာယာမြို့နယ်၊ အမှတ် (B-43/4)၊ နဝဒေးဥယျာဉ်အိမ်ရာ(ခေတ္တ)နေ (ဦးနိုင်ဝင်း)-ဒေါ်အေးအေးသန်းတို့၏ညီမ၊ ဒေါ်ခင်လေးဝင်း-ဦးတင်ထွန်း၊ ဒေါ်လှလှဝင်း-(ဒေါက်တာတင်အေး)တို့၏ ချစ်လှစွာသော အစ်မ၊ ဦးမျိုးကိုကိုတင်-ဒေါ်ကေခိုင်မိုး၊ ဦးကျော်ကိုကိုတင်၊ ဦးအောင်ကိုကိုတင်၊ ဦးကျော်ကိုကိုနိုင်-ဒေါ်ချောစုလှိုင်၊ ဦးအောင်မော်ဖြိုး၊ ဒေါ်သိမ့်သိမ့်သူ-ဦးသာဇင်ထွန်းတို့၏ ကြီးတော်၊ မောင်ထက်အောင်လင်း၏ အဘွားသည် ၁၇-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၃-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ လှိုင်သာယာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး @ Le Ah Haung

အသက်(၆၄)နှစ်

Htoo Group of Companies ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး၊ ကိုချမ်းငြိမ်းဇော်-မအိအိသွယ်၊ မပိုးသဲ-ကိုကျော်ထွန်းဝင်း၊ မအိသဲတို့၏ချစ်လှစွာသောမိခင် ဒေါ်အေးအေး @ Le Ah Haung သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀ နာရီ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးမြဟန်-ဒေါ်ခင်စပယ်ကြည်

ကိုစည်သူထွန်း-မမြမာလာဟန်

မထက်မြတ်ဟန်

မလင်းလက်ဝင်း

Fortune Group of Companies

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေး

အသက်(၆၄)နှစ်

ရန်ကုန်ဂေါက်သီးရိုက်အသင်း(တည်းကုန်း)၏ Captain ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး ဒေါ်အေးအေးသည် ၂၀-၆-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်သန်းအောင်(ငြိမ်း)ကျန်းမာရေးဝန်ကြီး(ငြိမ်း)နှင့်

ပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းမြ

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်

LL.B(81. Batch)

အသက်(၆၃)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြသော်တာလမ်း၊ အမှတ်(A-181) နေ ဒေါက်တာခင်ဇော်[အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန] ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)နံနက် ၁၀:၄၆ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ သည်။

ဒေါက်တာရဲထွန်းဝင်း-ဒေါက်တာ လှလှမွန်

ညွှန်ကြားရေးမှူးချုပ်

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်

အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး(မွေးရေ/ကျေးလက်)မှ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဒေါက်တာခင်ဇော်၏ဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ရက် နံနက် ၁၀:၄၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ

သမဝါယမဦးစီးဌာန

## ဦးဝင်းနိုင် အသက်(၅၃)နှစ်

(ဥက္ကဋ္ဌ၊ Asia Express ခရီးသည်ပို့ဆောင်ရေး)

ဘီးလင်းမြို့နေ (ဦးနော်ကယား-ဒေါ်စန်းမြင့်)တို့၏သား၊ မော်ဘီမြို့နေ ဦးစံရွှေ-ဒေါ်ရွှေတင့်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၁၂/က၊ မြဝတ်ရည် ၅လမ်း၊ ပါရမီရိပ်သာနေ ဒေါ်အိအိရွှေ၏ခင်ပွန်း၊ မောင်ထက်မြတ်နိုင်ဝင်း(ခေတ္တ-ဘော် စတွန် ယူနီဗာစတီ ၊ USA)၊ မရွှန်းလဲ့သိဂီ(အထက TTC ) ၏ဖခင်၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ အမှတ် (၁)ကျောက်စိမ်းလမ်းသွယ်(၄)နေ မခင်မြင့်၊မအေးအေးစိုး၊ မသီသီအေး၊(မောင်အောင်နိုင်ထွန်း)တို့၏ အစ်ကိုသည် ၁၈-၆-၂၀၂၀ရက်(ကြာသပတေးနေ့) ည ၁၁:၁၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၂၀ ရက်တွင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ပါရမီနေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာဝင်းမြင့်(မန္တလေး) အသက်(၆၁)နှစ်သည် ၁၆-၆-၂၀၂၀ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

16th Batch B.D.S ၁၉၈၀-၈၆

သွားဘက်ဆိုင်ရာ ဆရာဝန်များ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်မြသန်း(ခ)ဒေါ်မြကြီး

ညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာ

အသက်(၈၀)

ညောင်တုန်းမြို့နယ်၊ ချောင်းကြီးကျေးရွာနေ (ဦးမောင်တီ-ဒေါ်လှ)တို့၏သမီး၊ (ဦးထွန်းရီ)၏ဇနီး၊ (ဦးခင်ဇော်)-ဒေါ်ကြူကြူ၊ ဒေါ်ငွေငွေဝင်း၊ ဦးကြည်ထွန်း၊ ဦးထွေးလှိုင်-ဒေါ်ခင်သူဇာ၊ ဦးရဲထွန်း-ဒေါက်တာလဲ့လဲ့မူသိဏ်းတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၀-၆-၂၀၂၀ရက် ည၁၀:၅၀နာရီတွင် ညောင်တုန်းမြို့၊ မီးစက်လမ်းထိပ်၊ လမ်းမတော်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက် မွန်းလွဲ ၁:၃၀နာရီတွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒေါက်တာ ကျော်မင်း၏မိခင်ကြီး ဒေါ်တင်အေး အသက်(၈၄)နှစ်သည် ၃-၄-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

16th Batch B.D.S ၁၉၈၀-၈၆

သွားဘက်ဆိုင်ရာ ဆရာဝန်များ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်

LL.B(81.Batch)

အသက်(၆၃)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြသော်တာလမ်း၊ အမှတ်(A-181)နေ ဒေါက်တာခင်ဇော် (အမြဲတမ်းအတွင်းဝန်-ငြိမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)၏ချစ်လှစွာသောဇနီး၊ မောင်မင်းသန့်ဇော်၏ ကျေးဇူးရှင်မိခင်၊ ရောဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နယ်၊ သောင်ကြီးကျေးရွာနေ (ဦးချစ်မောင်)-ဒေါ်လှမြင့်တို့၏ သမီး၊ (ဦးသိန်းလှိုင်)-ဒေါ်ခင်မြတို့၏သမီးချွေးမ၊ (ဦးမြင့်သိန်း)-ဒေါ်အေးအေးခိုင်တို့၏ညီမ၊ ဦးနေဝင်း-ဒေါ်ကြည်ကြည်အေး၊ (ဦးညိမ်းလှိုင်)-ဒေါ်ချိုနွယ်အေးတို့၏အစ်မသည် ၂၁-၆-၂၀၂၀ရက် နံနက် ၁၀:၄၆နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက်(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် နေပြည်တော်၊ ခုတင်-၁၀၀၀ပြည်သူ့ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်

LL.B(81. Batch)

အသက်(၆၃)နှစ်

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြသော်တာလမ်း၊ အမှတ်(A-181) နေ ဒေါက်တာခင်ဇော် [အမြဲတမ်းအတွင်းဝန်(ငြိမ်း)၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန] ၏ချစ်လှစွာသောဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀:၄၆ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်အေးအေးမြင့်

အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဒေါက်တာ ခင်ဇော်၏ဇနီး ဒေါ်အေးအေးမြင့်သည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၅၆၄)ခုနှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၄၅) ခု၊ စုစုပေါင်း (၈၀၉)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃)ဦး တွေ့ရှိရပါသည်။

၂။ (၂၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၉၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case- 100, 173, 175, 243) တွေ့ရှိရသဖြင့် စုစုပေါင်း ပိုးကင်းစင်သူ (၂၀၀) ဦးရှိပြီး ၎င်းတို့အနက် (၁၈၃) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက် ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၀-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၁-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၄) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၆၄) ခု |
| (၂၁-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၄၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၃) ဦး |

စာမျက်နှာ ၁၅ ကော်လံ ၁

## ကော့သောင်းမြို့ရှိ INGO နှင့် NGO အဖွဲ့များ အသွားအလာကန့်သတ်စောင့်ကြည့်စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ပညာပေးတုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများဆောင်ရွက်

**ကော့သောင်း ဇွန် ၂၁**

ကော့သောင်းမြို့ရှိ INGO နှင့် NGO အဖွဲ့များ ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ပညာပေးတုံ့ပြန်လုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက ရန်ကြီးအောင် ကြက်တောင်အားကစားခန်းမ အသွားအလာကန့်သတ် စောင့်ကြည့်စခန်းတွင် ဆောင်ရွက်ကြသည်။ **(အောက်ပုံ)**

အဆိုပါပညာပေးတုံ့ပြန်ဆောင်ရွက်သည့်အစီအစဉ်တွင် ကော့သောင်းမြို့ ပြည်သူများ၏ ကျန်းမာရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသော INGO အဖွဲ့အစည်းများဖြစ်သည့် World Vision- Myanmar (ကော့သောင်း)၊ အီတလီအခြေစိုက် Med Across ဆေးကုသရေးအဖွဲ့၊ ARC ၄က်ဖျားနှင့် တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့၊ ထိုင်းနိုင်ငံအခြေစိုက် ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း FED အဖွဲ့၊ အီတလီအခြေစိုက် အွိုက်ကော့ (OIKOS) အဖွဲ့၊ NGO အဖွဲ့အစည်းများဖြစ်သည့် ပါချန်ဗေဒါအဖွဲ့နှင့် ပြည်ကြီးခင်လူမှုရေးအဖွဲ့များ ပူးပေါင်းကာ အသွားအလာကန့်သတ် စောင့်ကြည့်မှုခံယူလျက်ရှိသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများဖြစ်သည့် ရောဂါကူးစက်မှုနှင့် သတိပြုဆင်ခြင်ရမည့်

စာမျက်နှာ ၉ ကော်လံ ၅



**ယနေ့ မာတိကာ**

သက်တံ၏ အပြုံး
ဆောင်းပါး စာ ၁၀

ကိုဗစ်-၁၉ နှင့် ပတ်သက်ပြီး ကန့်သတ်ချက်အသစ်များ ပါလက်စတိုင်း ကြေညာ
နိုင်ငံတကာသတင်း စာ ၁၂

ကမ္ဘာပေါ်မှာ ကိုဗစ် - ၁၉ ဒုတိယကူးစက်မှု အမြင့်ဆုံးနိုင်ငံ ဖြစ်လာတဲ့ ဘရာဇီး
နိုင်ငံတကာသတင်း စာ ၁၄

## ကာဗာနီနှင့် မူနီယာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်နှင့် လွဲချော်မည်

တိုက်စစ်မှူး အီဒင်ဆင် ကာဗာနီနှင့် ခံစစ်ကစားသမား သောမတ်စ် မူနီယာတို့သည် ပီအက်စ်ဂျီအသင်းနှင့် ကာလတို စာချုပ်ချုပ်ဆိုသွားမည် မဟုတ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အဆိုပါ ကစားသမားနှစ်ဦးသည် ပီအက်စ်ဂျီ အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးသည့်အခါ အသင်းမှ ထွက်ခွာတော့မည်ဖြစ်သည်။ ထို့ကြောင့် ပီအက်စ်ဂျီအသင်းအနေဖြင့် လာမည့်ဩဂုတ်လတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်များကို ကာဗာနီနှင့် မူနီယာတို့ မပါဘဲ ယှဉ်ပြိုင်ကစားရတော့မည်ဖြစ်သည်။

တိုက်စစ်မှူး ကာဗာနီနှင့် ခံစစ်ကစားသမား သောမတ်စ် မူနီယာတို့သည် နှစ်လသက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည် မဟုတ်ကြောင်း ပီအက်စ်ဂျီအသင်းကို ပြောကြားထားသောကြောင့် ဩဂုတ်လတွင် တစ်ကျော့တည်းစနစ်ဖြင့် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းတွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်ကို ပါဝင်မကစားရန် ရှိနေခြင်းဖြစ်သည်။ ကိုဗစ် - ၁၉ ကြောင့် ဘောလုံးပွဲစဉ်များ မရပ်နားမီတွင် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ထားနိုင်သည့် အသင်းလေးသင်းရှိပြီး ထိုအသင်းများမှာ ပီအက်စ်ဂျီ၊ လိုက်ပ်ဇစ်၊ အတ္တလန္တာနှင့် အက်သလက်တီကိုမက်ဒရစ် အသင်းတို့ဖြစ်သည်။ လီဂူးဝမ်းကို ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် စောစီးစွာ ရပ်နားထားခဲ့ရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

